ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်

ဥက္ကံမြို့

# ဘုရားကြီးကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဝိဇယ မဟာထေရ်

ဘုရားကြီး ဆရာတော်ဘုရား၏

# ဝိ န ယ က ထာ

# မှတ်ဖွယ်ရာ

ဟိန်းစိုးစာပုံနှိပ်စက်

အမှတ် ၁၅၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈

ခရစ် ၁၉၈၆

ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်



အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဝိဇယ မဟာထေရ်၏ပုံတော်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်

ဥက္ကံမြို့

# ဘုရားကြီးကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဝိစယ မဟာထေရ်

ဘုရားကြီး ဆရာတော်ဘုရား၏

# ဝိ န ယ က ထာ

# မှတ်ဖွယ်ရာ

❀

ဟိန်းစိုးစာပုံနှိပ်စက်

အမှတ် ၁၅၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

သာသနာ ၂၅၃၀ ကောဇာ ၁၃၄၈

ခရစ် ၁၉၈၆

သာသနာတော်သက္ကရာဇ် .... ၂၅၃၀ ခုနှစ်
ကောဇာသက္ကရာဇ် .... ၁၃၄၈ ခုနှစ်
ခရစ်သက္ကရာဇ် .... ၁၉၈၆ ခုနှစ်

(ပထမ အကြိမ်)
အုပ်ရေ .... ၁၀၀၀
၁၉၈၆ ခု၊ ဇွန်လ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၂၈၃)
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၂၂၉)

အဖုံးရိုက် - ဟိန်းစိုးစက်

ထုတ်ဝေ
ဦးထွန်းညဏ် (ကင်းလွတ်ခွင့် အမှတ် ၈၀)
အမှတ် ၈/၄၉၂၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့ က
ထုတ်ဝေ၍

ပုံနှိပ်
ဦးဇေးကို၊ မှတ်ပုံတင်အမှတ် (၀၁၄၈၄)
ဟိန်းစိုးစာပုံနှိပ်စက်
အမှတ် ၁၅၈၊ ၃၃ လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့အမှတ်စဉ်

၁၃၄၄-ခုနှစ်

ဥက္ကံမြို့၊ ဘုရားကြီး ဆရာတော်ဘုရားအား
နိုင်ငံတော် အစိုးရမှ ဆက်ကပ် လှူဒါန်းသော
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

○

ဂန္ထာရမ္ဘ

ဝိသုဒ္ဓ နယော ပဒေသံ၊ ဝန္ဒေ ကာရုဏိကံ ဝရံ။
ပေသလာနံ ဟိတတ္ထာယ၊ ကဿံ ဝိနယ နိစ္ဆယံ။

အဟံ၊ ငါသည်။ ဝိသုဒ္ဓ နယော ပဒေသံ၊ အထူးသဖြင့် စင်ကြယ်သော နည်းဥပဒေတို့ ရှိတော်မူပေထသော။ ကာရုဏိကံ ဝရံ၊ ထူးမြတ်သော မဟာကရုဏာ ရှိတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒေ၊ သဒ္ဓါ ရှိကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏ အရှင်ဘုရား။ (ဝန္ဒိတွာ၊ ရှိခိုးပြီး၍) ပေသလာနံ၊ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတော်အရှင်မြတ်တို့၏။ ဟိတတ္ထာယ၊ ခုရောနောင်ပါ နှစ်ဖြာ အကျိုး ပွားတိုးခြင်းအလို့ငှာ။ ဝိနယ နိစ္ဆယံ၊ ဝိနည်းအဆုံးအဖြတ်ကို။ ကဿံ၊ ရေးသားပြုပြင် စီရင်ပေအံ့သတည်း။ ။

# ကျမ်းဦးအမှာ

သာသနာတော်၌ မူရင်း ပဓာနအကျဆုံးမှာ ဝိနည်းဖြစ်ပါသည်။ ဝိနည်းနှင့်အညီ ဆောင်ရွက်မှ ရှင်ရဟန်းအဖြစ်သို့ ရောက်နိုင်ပြီး၊ ဝိနည်းနှင့်အညီ ကျင့်သုံးနေထိုင်မှ ရှင်ကောင်း ရဟန်းကောင်း အဖြစ်သို့ ရောက်နိုင်ပါသည်။

ဝိနည်းနှင့်အညီ ကျင့်သုံးနေထိုင်တတ်ရန်မှာ ဝိနည်းကို တတ်သိနားလည်မှသာ ဖြစ်နိုင်ပါသည်။ "မိမိ ထိန်းကျောင်းရမည့် နွားအပေါင်းကို မသိသော နွားကျောင်းသားသည် နွားအပေါင်းကို မထိန်းကျောင်းနိုင်သကဲ့သို့ မိမိစောင့်ထိန်းရမည့် သိက္ခာသီလကို မသိသော ရှင်ရဟန်းသည်လည်း သိက္ခာသီလကို စောင့်ထိန်းရန် မဖြစ်နိုင်ပေ"။

သို့ဖြစ်၍ သာသနာတော်၌ ရှင်ကောင်း၊ ရဟန်းကောင်း ဖြစ်လိုသည့် အမျိုးသားကောင်းသားတို့သည် ဝိနည်းကို တတ်သိနားလည်အောင် လေ့လာသင်ယူကြရမည်သာ ဖြစ်ပါသည်။

ဝိနည်းတရားသည် ကျယ်ဝန်း များပြားလှ၏။ ချဉ်းနင်းဝင်ရောက် တတ်မြောက် လိမ္မာရန် ခက်ခဲလှပေသည်။ ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရ နာနာဝါဒဝိနိစ္ဆယဉာဏ် ရရှိရန်ကား သာလွန်၍ပင် ခက်ခဲလှ၏။

ထိုအခက်အခဲ အမျိုးမျိုးကို ကျော်လွှန်နိုင်ရန် ကျမ်းတတ်လိမ္မာ ပညာဝါအကျော် ရှေးရှေး ဆရာတော်ကြီးများသည် "ဝိနယကထာ" ကျမ်းအမျိုးမျိုးကို ရေးသားပြုစုတော် မူခဲ့ကြလေပြီ။ ထိုတွင် ဉက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၊ ကျေးဇူးရှင် ဘုရားကြီး ဆရာတော်ဘုရား၏ ဤ "ဝိနယကထာ" ကျမ်းလည်း တကျမ်း အပါအဝင် ဖြစ်ပေသည်။

# ကျမ်းဦးအမှာ

ဘုရားကြီး ဆရာတော်ဘုရားသည် တပည့်များအား ဝိနည်း ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများကို သင်ကြားပို့ချယင်း ဤ"ဝိနယ ကထာ မှတ်ဖွယ်ရာ"ကျမ်းကို ရေးသား ပြုစုတော်မူခဲ့ပါသည်။

ဤကျမ်းတွင် ဝိနည်း ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းပေါင်းစုံမှ မှတ်ဖွယ်ရာ အနုစ်သာရ ဝိနယကထာပေါင်း (၁၂၀)ကျော်ကို ဖော် ပြထားပေသည်။ ဝိနယကထာတိုင်း၌ အဓိပ္ပာယ် တိကျမှန်ကန်စွာ ဖော်ပြ၍ သာဓက ပါဠိများကို ထုတ်ပြထားသဖြင့် ကိုယ်တိုင်တတ်သိ နားလည်လိုသည့် သိက္ခာကာမ ပုဂ္ဂိုလ်များ, အနုဝိဇ္ဇက တာဝန်ထမ်း ဆောင်ကြရသည့် ဝိနည်းဓိုရ် ပုဂ္ဂိုလ်များအဖို့ ဤကျမ်းက များစွာ ကျေးဇူးပြုဖွယ်ရာ ရှိပေသည်။ နောက်ဆက်တွဲအဖြစ် သိမ်အောင်စာ များကို ထည့်သွင်းထားသဖြင့် သိမ်အောင်စာရေးနည်းကိုပါ လေ့လာ သိရှိနိုင်ပေသည်။

သာသနာတော်၌ ရှင်ကောင်း၊ ရဟန်းကောင်း ဖြစ်လိုသူတိုင်း ဤ "ဝိနယကထာ မှတ်ဖွယ်ရာ" ကို လက်စွဲပြုလျက်၊ ဝိနည်းအရာ ကျွမ်းကျင်လိမ္မာစေရန် ဖော်ပြပါ အရှင်ဥပါလိထုံးကို နှလုံးမူလျက် ကြိုးစားအားထုတ်သင့်ပေသည်။

ဝိနယော အာသယော မယှံ၊ ဝိနယော ဌာန စင်္ကမံ၊
ဝိနယေ ဝါသံ ကပ္ပေမိ၊ ဝိနယော မမ ဂေါစရော။

* ဝိနည်းသည်သာ၊ ငါ့နေရာတည်း၊
* ဝိနည်း မြေမြတ်၊ ငါလျှောက်ရပ်၏၊
* ဝိနည်းလမ်းမ၊ ငါလှမ်းကြွ၏၊
* ဝိနည်းရွှေကျောင်း၊ ငါကိန်းအောင်း၏၊
* ဝိနည်းတရား၊ ငါကျက်စား၏၊
* ငါကားဝိနည်း၊ အချစ်ကြီးလှသည်တကား။

အရှင် နန္ဒမာလာဘိဝံသ
သ၊ စ၊ အ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ
မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့။

၁၃၄၇-ခု၊ တပေါင်းလ

# ကျမ်းညွှန်းသင်္ကေတများ

| | |
|---|---|
| ပါရာဇိက | ပါရာဇိကပါဠိ |
| ပါစိတ္တိယ | ပါစိတ္တိယပါဠိ |
| ဝိ၊ မဟာဝဂ္ဂ | ဝိနယ၊ မဟာဝဂ္ဂပါဠိ |
| စူဠဝဂ္ဂ၊ | စူဠဝဂ္ဂပါဠိ |
| ပါရာ၊ ဋ္ဌ၊ ပ | ပါရာဇိကကဏ္ဍဋ္ဌကထာ (ပထမ) |
| ပါရာ၊ဋ္ဌ၊ဒု | ။ (ဒုတိယ) |
| ပါစိတျာ၊ဋ္ဌ | ပါစိတျာဒိ အဋ္ဌကထာ |
| စူဠဝဂ္ဂါဒိ၊ ဋ္ဌ | စူဠဝဂ္ဂါဒိအဋ္ဌကထာ |
| ဝိ၊ သင်္ဂဟ၊ ဋ္ဌ | ဝိနယသင်္ဂဟ အဋ္ဌကထာ |
| သမ္မော၊ ဋ္ဌ | သမ္မောဟဝိနောဒနီအဋ္ဌကထာ |
| ဝိ၊ ဝိနိစ္ဆယ | ဝိနယဝိနိစ္ဆယ |
| ဝဇိရ | ဝဇိရဗုဒ္ဓိဋီကာ |
| သာရတ္ထ၊ ပ၊ ဒု၊ တ | သာရတ္ထဒီပနီဋီကာ (ပထမ၊ဒုတိယ၊တတိယ) |
| ဝိမတိ၊ပ၊ဒု | ဝိမတိဝိနောဒနီဋီကာ (ပထမ၊ဒုတိယ) |
| ဝိ၊ဝိနိစ္ဆယ၊ဋီ၊ပ၊ဒု | ဝိနယာလင်္ကာရဋီကာ (ပထမ၊ ဒုတိယ) |
| ဝိ၊ လင်္ကာရ၊ဋီ၊ ပ၊ ဒု | ဝိနယာလင်္ကာရဋီကာ (ပထမ၊ဒုတိယ) |
| ကင်္ခါ၊ ဋီ၊ သစ် | ကင်္ခါဝိတရဏီအဘိနဝဋီကာ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဝိနည်းဓိုရ်လက္ခဏာ | .... ၁၁ |
| ၂။ | ဝိဿာသဂ္ဂါဟအင်္ဂါ၊ | .... ၁၂ |
| ၃။ | ဝိဿာသဂ္ဂါဟအယူမြောက်ပုံ | .... ၁၃ |
| ၄။ | အင်္ဂါသုံးချက်မညီလျှင် | .... ၁၄ |
| ၅။ | ယူသည်ကိုကျေနပ်ပြီးပစ္စည်း | .... ၁၅ |
| ၆။ | မကျေနပ်သော်လည်းဖွင့်မပြောလျှင် | .... ၁၅ |
| ၇။ | မသေမီပေးခဲ့ ယူခဲ့သည့်ပစ္စည်း | .... ၁၅ |
| ၈။ | အဝေးရှိပစ္စည်းပရိက္ခရာ | .... ၁၆ |
| ၉။ | စိတ်ဖြင့်ပေးရုံဖြင့်အပေးအယူမမြောက် | .... ၁၆ |
| ၁၀။ | သေသူ၏ အကပ္ပိယဘဏ္ဍာများ | .... ၁၇ |
| ၁၁။ | သေသူပိုင်နွားကျွဲ | .... ၁၇ |
| ၁၂။ | ဥပသမ္ပဒကမ္မဝါစာ ဖတ်နည်းသုံးမျိုး | .... ၁၇ |
| ၁၃။ | ဥပသမ္ပဒဒုဋ္ဌကမ္မဝါစာသုံးမျိုး | .... ၂၀ |
| ၁၄။ | မထေရ်ကြီးဖြစ်သော်လည်း | .... ၂၆ |
| ၁၅။ | ဥပဇ္ဈာယ်မရှိပဲ ရဟန်းခံလျှင် | .... ၂၆ |
| ၁၆။ | ဥပဇ္ဈာယ်ကိုယ်တိုင်ကမ္မဝါဖတ်မှု | .... ၂၇ |
| ၁၇။ | ရဟန်းလောင်းအမည်လွဲမှား၍ဖတ်မှု | .... ၂၇ |
| ၁၈။ | အမည်သစ်ဖြင့်ဖတ်မှု | .... ၂၇ |
| ၁၉။ | သာဝနဟာပနလက္ခဏာ | .... ၂၇ |
| ၂၀။ | ဒုရုတ္တဖြစ်ပုံ | .... ၂၈ |
| ၂၁။ | ကမ္မဝါအကြိမ်ကြိမ်ဖတ်ခြင်းအကျိုး | .... ၂၈ |
| ၂၂။ | ရဟန်းများသိက္ခာထပ်သင့်ပုံ | .... ၂၉ |
| ၂၃။ | ဥပသမ္ပဒသဒ္ဒါနှင့် ပဗ္ဗဇ္ဇသဒ္ဒါ | .... ၂၉ |
| ၂၄။ | အလဇ္ဇီ၏နေရာဌာန | .... ၂၉ |
| ၂၅။ | အလဇ္ဇီသမ္ဘောဂ | .... ၃၀ |
| ၂၆။ | အလဇ္ဇီနှင့်အတူ သံဃာ့ကမ္မပြုထိုက် | .... ၃၀ |
| ၂၇။ | မြင်မြင်သမျှ အလဇ္ဇီဟု မယုံမှားအပ် | .... ၃၁ |
| ၂၈။ | အလဇ္ဇီ ပဂ္ဂဟ ဖြစ် မဖြစ် | .. ၃၁ |
| ၂၉။ | ဓက[illegible]ထိး | .... ၃၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀။ | သူတပါးဆောင်းပေးသောထီး | .... ၃၂ |
| ၃၁။ | ထီး, ဖိနပ်အရာ ဂိလာန | .... ၃၂ |
| ၃၂။ | ဖိနပ်နှင့်စပ်၍မှတ်ဖွယ် | .... ၃၃ |
| ၃၃။ | ဥပါဟနနှင့် ပါဒုကအထူး | .... ၃၃ |
| ၃၄။ | မဉ္စ, ပီဌ, အာသန္ဒိ သုံးမျိုးအထူး | .... ၃၃ |
| ၃၅။ | အာသန္ဒိနှစ်မျိုး | .... ၃၃ |
| ၃၆။ | ဥစ္စာသယန, မဟာသယနအထူး | .... ၃၄ |
| ၃၇။ | ပါဝါရသုံးမျိုး | .... ၃၄ |
| ၃၈။ | ကော်ဇော အပ်မှအပ် | .... ၃၄ |
| ၃၉။ | ဂေါနက စသောအခင်း | .... ၃၅ |
| ၄၀။ | ပဝါ စသောအခင်း | .... ၃၅ |
| ၄၁။ | ပါသာဒ ပရိဘောဂ | ... ၃၅ |
| ၄၂။ | လှူနည်းသုံးမျိုး | .... ၃၆ |
| ၄၃။ | ဒန်ပူ ပမာဏ | .... ၃၆ |
| ၄၄။ | ကနုတန် ပမာဏ | .... ၃၆ |
| ၄၅။ | ဆေးတန် ဆေးလိပ် | .... ၃၆ |
| ၄၆။ | အကြောင်းထူးမရှိက မသောက်ကောင်း | .... ၃၇ |
| ၄၇။ | မိုးနံကုန်းဆရာတော်၏ ခွက်မျိုးစုံ ဝိနိစ္ဆယ | .... ၃၇ |
| ၄၈။ | ပက္ခပဏ္ဍုက် ရဟန်း ဖြစ် မဖြစ် | .... ၃၈ |
| ၄၉။ | ပါရာဇိကကျသူ ရှင်ပြုခွင့်ရ | .... ၃၈ |
| ၅၀။ | ပါရာဇိကကျလျှင် သရဏဂုံပါပျက် | .... ၃၉ |
| ၅၁။ | အမှုရှုံးသော ပါရာဇိက ရဟန်း | .... ၃၉ |
| ၅၂။ | ပါရာဇိကကျပြီး ပုဂ္ဂိုလ်, ဘိက္ခု မည်ပုံ | .... ၃၉ |
| ၅၃။ | ရဟန်းအသွင်ရှိသူ ကမ္မဝါဖတ်သော် ကံမပျက် | .... ၃၉ |
| ၅၄။ | သရဏဂုံ ပီသအောင်ထောက်ပေးမှု | .... ၄၀ |
| ၅၅။ | တာဝကာလိကကျွန်ကို ရှင်ပြုမပေးရ | .... ၄၁ |
| ၅၆။ | သာမဏေရ ပဗ္ဗဇ္ဇာအခန်း | .... ၄၁ |
| ၅၇။ | ရှင်ပြုခြင်း အင်္ဂါ ၃-ပါး | ... ၄၂ |
| ၅၈။ | ရှင်ဖြစ်စ အဆုံးအမ ပေးရန် | .... ၄၂ |
| ၅၉။ | လူနှင့်သာမဏေ | .... ၄၃ |
| ၆၀။ | ကိုရင်များ ဝါစဉ်အလိုက် အရိုအသေပြုသင့်ပုံ | .... ၄၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၁။ | ကိုရင်များ ဝါကပ်ရပုံ, ကထိန်အကျိုးရပုံ | ၄၄ |
| ၆၂။ | မောဃပုရိသ | ၄၄ |
| ၆၃။ | စိတ်ဖြင့် ကျူးလွန်က သီလမပျက်။ | ၄၅ |
| ၆၄။ | အဓိသီလ အဓိပညာ | ၄၅ |
| ၆၅။ | ပစ္စေက ဗုဒ္ဓါတို့၏ ဒေသနာ | ၄၅ |
| ၆၆။ | စုဒ္ဒသဝတ်နှင့် အသီတိဝတ် | ၄၅ |
| ၆၇။ | ဝါကျွတ် မကျွတ် | ၄၆ |
| ၆၈။ | နှစ်ကျောင်း၌ ဝါဆိုထိုက်ပုံ | ၄၇ |
| ၆၉။ | သုံးပါးလည်း သံဃာပင် | ၄၇ |
| ၇၀။ | သာမဏေများလည်း သံဃာပင် | ၄၇ |
| ၇၁။ | သူတပါးပစ္စည်းဖျက်ဆီးရာ ဝိနိစ္ဆယ | ၄၇ |
| ၇၂။ | ဘုရားကျောင်းကန် ဂေါပက | ၄၈ |
| ၇၃။ | စေတိယသန္တကနှင့် သံဃသန္တက | ၄၈ |
| ၇၄။ | စေတီ၌ ထီး, ဗောဓိအိမ်, ဇရပ်ကျောင်းပြုပြင်မှု | ၅၀ |
| ၇၅။ | သက်နှီး, ဆွမ်းအလှူဖြင့် ကျောင်းအတွက်သုံးပုံ | ၅၀ |
| ၇၆။ | ဗုဒ္ဓ ဓမ္မ သံဃသန္တက စောင့်ရှောက်ထိုက်ပုံ | ၅၀ |
| ၇၇။ | ဗုဒ္ဓသန္တကနှင့် ဓမ္မသန္တက | ၅၁ |
| ၇၈။ | အစောင့်ရှိ ဒေဝတာဒိသန္တက | ၅၁ |
| ၇၉။ | တိရစ္ဆာနသန္တက | ၅၁ |
| ၈၀။ | ဥစ္စာရှင် အာလယပြတ်ပြီးဘဏ္ဍာ | ၅၁ |
| ၈၁။ | အပိုတောင်းရာ၌ ဘဏ္ဍာဒေယျ ထိုက်မထိုက် | ၅၂ |
| ၈၂။ | ဝေစုကို ကိုယ်စားယူရာ | ၅၃ |
| ၈၃။ | ပေးပြီး မယူရသေးသောပစ္စည်း | ၅၃ |
| ၈၄။ | သံဃဒါန | ၅၃ |
| ၈၅။ | သုဝဏ္ဏာဒိဝိစိတြကျောင်း | ၅၃ |
| ၈၆။ | သေနာသန ပရိဘောဂ | ၅၃ |
| ၈၇။ | ထာဝရ ပစ္စည်းအလှူ | ၅၄ |
| ၈၈။ | သံဃိကပစ္စည်း အဓိဋ္ဌာန်ယူထုံး | ၅၅ |
| ၈၉။ | သံဃိကပစ္စည်း ထေရဘာဂပြုထုံး | ၅၅ |
| ၉၀။ | အပလောကနကံ ပြုသင့် မပြုသင့် | ၅၆ |
| ၉၁။ | သံဃိကပစ္စည်းဝေပုံ | ၅၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၂။ | သံဃိကပစ္စည်း ဝေဖန်ထိုက်သူ | .... ၅၇ |
| ၉၃။ | သင်္ကန်းပေးထိုက်သူ၊ မပေးထိုက်သူ | .... ၅၈ |
| ၉၄။ | ဥပစာရသိမ်ပရိုပုဂ္ဂိုလ်များအားပေးရာ | .... ၅၈ |
| ၉၅။ | သံဃိကကျောင်းချင်း ပြောင်းသုံးခွင့် | .... ၅၈ |
| ၉၆။ | ဆဋ္ဌိတဝိဟာရမှအသုံးအဆောင်များ | .... ၅၉ |
| ၉၇။ | ဘတ္တာစားပေးနည်း | .... ၆၀ |
| ၉၈။ | မတသန္တက ဝိနိစ္ဆယအကျဉ်း | .... ၆၀ |
| ၉၉။ | ဒွိသန္တက တိသန္တကပုံထုံး | .... ၆၁ |
| ၁၀၀။ | ကထိန်သင်္ကန်းလှူရာအချိန် | .... ၆၁ |
| ၁၀၁။ | ကထိနဒုဿအရ | .... ၆၂ |
| ၁၀၂။ | သာသနာရေးကိစ္စဖြင့်ဝါပန်သင့် | .... ၆၂ |
| ၁၀၃။ | သင်္ကန်းရုံသင့်ရာဌာနများ | .... ၆၃ |
| ၁၀၄။ | ဝယ်ရှုလှူရာ၌သတိရှိသင့် | .... ၆၄ |
| ၁၀၅။ | ကာလိကမုတ္တာ ပစ္စည်းများကပ်ဖွယ်မရှိ | .... ၆၄ |
| ၁၀၆။ | အာပတ်တရားကိုယ် | .... ၆၅ |
| ၁၀၇။ | သုံးပါးထက်အလွန် ဒေသနာမကြားအပ် | .... ၆၅ |
| ၁၀၈။ | အဓိဋ္ဌာန်ဥပုသ်ပြုရာ၌ | .... ၆၆ |
| ၁၀၉။ | ဥတ်မဆုံးမီ ရဟန်းဝင်လာမှု | .... ၆၆ |
| ၁၁၀။ | ဆန္ဒမပေးအပ်သောကံ-၃-မျိုး | .... ၆၇ |
| ၁၁၁။ | သံဃာပြည့်လျက် ပါရိသုဒ္ဓိပြုနိုင် | .... ၆၇ |
| ၁၁၂။ | သံဃ ဂဏ ပုဂ္ဂလကံများ | .... ၆၈ |
| ၁၁၃။ | အာယတကဂီတဿရ | .... ၆၉ |
| ၁၁၄။ | တိဝဿန္တရရဟန်း | .... ၆၉ |
| ၁၁၅။ | ယာဥ်အသုံးအဖြတ် | .... ၇၀ |
| ၁၁၆။ | ဥစ္စာသယန မဟာသယနအကျယ် | .... ၇၀ |
| ၁၁၇။ | အဖျော်ရှစ်ပါး | .... ၇၂ |
| ၁၁၈။ | အရည်လေးပါး | .... ၇၃ |
| ၁၁၉။ | ဒုက္ကဋ်ရှစ်ပါး | .... ၇၃ |
| ၁၂၀။ | မှော်ဘီဆရာသိန်းကြီး ပုစ္ဆာကိုဖြေဆိုချက် | .... ၇၅ |
| ၁၂၁။ | မန္တလေးမြို့ မိုး[redacted]ကျောင်းတိုက်မှ ဝိနိစ္ဆယ (နောက်ဆက်တွဲများ) | .... ၇၇ |

# ဝိနယကထာ မှတ်ဖွယ်ရာ

❀

## ဝိနည်းဓိုရ်လက္ခဏာ

ဝိနည်းဓိုရ် ပုဂ္ဂိုလ်၏ လက္ခဏာသုံးပါးကို အလိုရှိအပ်၏။ သုံးပါးဟူသည်ကား—

(၁) ဝိနည်းပါဠိ နှုတ်တတ်စေရမည်။ ကောင်းစွာဖြစ်ခြင်း ရှိရမည်၊ ပါဠိတော်အားဖြင့်လည်းကောင်း၊ အဋ္ဌကထာ အားဖြင့် လည်းကောင်း၊ ကောင်းစွာ ဆုံးဖြတ်နိုင် ရမည်။

(၂) လဇ္ဇီပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ဝိနည်း၌ ရပ်တည်ခြင်း၊ ပါဠိ အဋ္ဌကထာ အရာ မေးမြန်းလာခဲ့သည်ရှိသော် မရွေ့ မလျား တည်တံ့ခိုင်ခန့်ခြင်း ရှိရမည်။
သူတပါး ဆွဲဆောင်ရာသို့ မလိုက်ပါစေရ။

(၃) ဆရာ အဆက်ဆက်မှလာသော အယူဝါဒကို ကောင်းစွာ သင်ယူထားရမည်၊ ကောင်းစွာ နှလုံး၌ ထားရမည်၊ ကောင်းစွာဆောင်ထားရမည်။

ဤလက္ခဏာ သုံးပါးကို အလိုရှိအပ်၏။

တီဏိဟိ ဝိနယဓရဿလက္ခဏာနိ ဣစ္ဆိတဗ္ဗာနိ၊ ကတမာနိ တီဏိ။

(၁) သုတ္တဉ္စဿ သွာဂတံ ဟောတိ၊ သုပ္ပဝတ္တိ
သုဝိနိစ္ဆိတံ သုတ္တသော အနုဗျဉ္ဇနသောတိ
ဣဒမေကံလက္ခဏံ။

(၂) ဝိနယေ ခေါ ပန ဌိတော ဟောတိ အသံဟီရောတိ ဣဒံ ဒုတိယံ။

(၃) အာစရိယ ပရမ္ပရာ ခေါ ပနဿ သုဂ္ဂဟိတာ ဟောတိ သုမနသိကတာ သူပဓာရိတာတိ ဣဒံ တတိယံ။

(ပါရာ၊ ဋ္ဌ၊ ပ။ ၁၉၉ )

## ဝိဿာသဂ္ဂါဟ အင်္ဂါ

သူတပါး၏ ပစ္စည်းကို အကျွမ်းတဝင်ယူရာ၌ အင်္ဂါငါးပါးနှင့် ပြည့်စုံမှ ဘုရား ခွင့်ပြုတော်မူသည်။ ထိုအင်္ဂါ ၅-ပါးကား....

(၁) မြင်ဖူးကာမျှသော အဆွေခင်ပွန်းဖြစ်ခြင်း။

(၂) အတူတကွ သုံးဆောင် စားသောက်ဘက် ရင်းနှီးသော အဆွေခင်ပွန်းဖြစ်ခြင်း။

(၃) 'ငါ၏ ဥစ္စာကို သင်အလိုရှိက ယူလော့၊ ပန်ကြားဖွယ် မလိုပါ' ဟု ပြောဆိုဖူးသည်ဖြစ်ခြင်း။

(၄) ဥစ္စာရှင်သည် သေရာညောင်စောင်း၌ မထသော အိပ်ခြင်းဖြင့် အိပ်နေငြားသော်လည်း၊ အသက်ထင်ရှားရှိသည် ဖြစ်ခြင်း။

(၅) 'ငါယူသည်ရှိသော် သူဝမ်းမြောက်လိမ့်မည်'ဟုသိခြင်း။

ဤ အင်္ဂါငါးပါးတည်း။

(က) အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာ ဂတဿ ဝိဿာသံ ဂဟေတုံ၊

(၁) သန္ဒိဋ္ဌောစ ဟောတိ၊

(၂) သမ္ဘတ္တောစ၊

(၃) အာလပိတောစ၊

(၄) ဇီဝတိစ၊

(၅) ဇာနာတိစ (ဂဟိတေ မေ အတ္တမနော ဘဝိဿတိ) ကို။

(ဝိ၊ မဟာဝဂ္ဂ၊ ၄၁၁)

(ခ) တတ္ထ သန္ဒိဋ္ဌောတိ ဒိဋ္ဌမတ္တကမိတ္တော။ သမ္ဘတ္တောတိ ဒဠှမိတ္တော။ အာလပိတောတိ။ မမသန္တကံ ယံ ဣစ္ဆသိ၊ တံ ဂဏှေယျာသိ၊ အာပုစ္ဆိတွာ ဂဟဏေ ကာရဏံ နတ္ထိ။ တိ ဝုတ္တော။ ဇီဝတီတိ အနုဋ္ဌာနသေယျာယ သယိတောပိ ယာဝ ဇီဝိတိန္ဒြိယုပစ္ဆေဒံ နပါပုဏာတိ။ ဂဟိတေစ အတ္တ မနောတိ ဂဟိတေ တုဋ္ဌစိတ္တော ဟောတိ၊ ဝေရူပဿ သန္တကံ။ ဂဟိတေ တေ မေ အတ္တမနော ဘဝိဿတိ၊ တိ ဇာနန္တေန ဂဟေတုံ ဝဋ္ဋတိ။

(ပါရာ၊ ၄၊ ပ၊ ၃၂၇။ ဝိ၊ သင်္ဂဟ၊ ၄၊ ၇၂။ ကင်္ခါ။ ဋီသစ်၊ ၂၀၈)

## ဝိဿာသဂ္ဂါဟ အယူမြောက်ပုံ

ဝိဿာသဂ္ဂါဟ အင်္ဂါ ၅-ပါး ဟောကြားခြင်းမှာ အကြွင်းမဲ့ သိမ်းကြုံး ပြလိုသောကြောင့်သာ ဖြစ်၏။ စင်စစ်မှာ အင်္ဂါသုံးချက် ညီညွတ်လျှင် ဝိဿာသဂ္ဂါဟ အယူမြောက်၏။ အင်္ဂါသုံးချက် သုံးလီကို ဤသို့ မှတ်အပ်၏။

### ပထမ သုံးချက်

(၁) သန္ဒိဋ္ဌ - မြင်ဖူးကာမျှ မိတ်ဆွေဖြစ်ခြင်း။
(၂) ဇီဝတိ - အသက်ထင်ရှား ရှိသူဖြစ်ခြင်း။
(၃) ဂဟိတေအတ္တမန - ယူ သော အခါ ဝမ်းမြောက် သူဖြစ်ခြင်း။

### ဒုတိယ သုံးချက်

(၁) သမ္ဘတ္တ - ရင်းနှီးသော မိတ်ဆွေဖြစ်ခြင်း။
(၂) ဇီဝတိ - အသက် ထင်ရှား ရှိသူဖြစ်ခြင်း။
(၃) ဂဟိတေ အတ္တမန - ယူသော အခါ ဝမ်းမြောက်သူ ဖြစ်ခြင်း။

## တတိယ သုံးချက်

(၁) အာလမ္ဗိတ - လိုချင်တာ ယူပါဟုပြောဆိုဖူး ခြင်း။
(၂) ဇီဝတိ - အသက်ထင်ရှား ရှိသူဖြစ်ခြင်း။
(၃) ဂဟိတေ အတ္တမန - ယူသော အခါ ဝမ်းမြောက်သူ ဖြစ်ခြင်း။

ဝိဿာသဂ္ဂါဟော ပန တီဟင်္ဂေတိ ရူဟတိ
(က) သန္ဒိဋ္ဌော၊ ဇီဝတိ၊ ဂဟိတေ အတ္တမနော။
(ခ) သမ္ဘတ္တော၊ ဇီဝတိ၊ ဂဟိတေ အတ္တမနော။
(ဂ) အာလပိတော၊ ဇီဝတိ၊ ဂဟိတေ အတ္တမနောတိ။
(ပါရာ၊ ၄၊ ပ၊ ၃၂၇။ ဝိ၊ သင်္ဂဟ၊ ၄၊ ၇၂။ ကင်္ခါ၊ ဋီ၊ သစ်၊ ၂၀၈)

○

## အင်္ဂါသုံးချက် မညီလျှင်

ပိုင်ရှင်အသက်မရှိမှ ယူအပ်သော ပစ္စည်း၊ အသက်ပင်ရှိသော်လည်း ယူအပ်သောအခါ ဝမ်းမြောက်ခြင်း မရှိသောသူ၏ ပစ္စည်းကို ပြန်ပေးရမည်။

ပြန်ပေးသောအခါ သေသူ၏ဥစ္စာကို အစိုးတရ ပိုင်ဆိုင်ထိုက်သူ၊ ရဟန်းအား ဖြစ်စေ၊ လူအား ဖြစ်စေ ပေးရမည်။ ဝမ်းမြောက်ခြင်း မရှိသူ၏ ပစ္စည်းကို ထိုသူအားသာ ပြန်ပေးရမည်။

ယော ပန နဇီဝတိ၊ န စ ဂဟိတေ၊ အတ္တမနော ဟောတိ၊ တဿ သန္တကံ ဝိဿာသဂ္ဂါဟေန ဂဟိတမ္ပိပုန ဒါတဗ္ဗံ။

ဒဒမာနေနစ မတကဓနံ တာဝ ယေတဿဓနေ ဣဿရာ ဂဟဋ္ဌာဝါ၊ ပဗ္ဗဇိတာဝါ၊ တေသံ ဒါတဗ္ဗံ။ အနတ္တ မနဿ သန္တကံ တဿေဝ ဒါတဗ္ဗံ။

(ပါရာ၊ ၄၊ ပ၊ ၃၂၆။ ဝိ၊ သင်္ဂဟ၊ ၄၊ ၇၂။ ကင်္ခါ၊ ဋီ၊ သစ်၊ ၂၀၉)

○

## ယူသည်ကို ကျေနပ်ပြီး ပစ္စည်း

အစပထမတွင် ယူသည်ကို ကျေနပ်၏၊ နှုတ်ဖြင့်လည်း ကျေနပ်ကြောင်း ဖွင့်ပြော၏။ နောက်တွင် အကြောင်းတခုခုကြောင့် စိတ်ဆိုး၍ ယူပြီး ပစ္စည်း၊ပြန်တောင်း၏၊အယူမြောက်ပြီးဖြစ်၍ ပြန်တောင်းခွင့်မရှိ။

ယောပန ပထမံ ယေဝ၊ သုဋ္ဌုကတံ တယာ မမသန္တကံ ဂဏှန္တေန။ တိ ဝစီဘေဒေန ဝါ စိတ္တုပ္ပါဒမတ္တေန ဝါ အနုမောဒိတွာ ပစ္ဆာ ကေနစိ ကာရဏေန ကုပိတော၊ ပစ္စာဟရာပေတုံ န လဘတိ။

(ပါရာ၊ ၄၊ ပ၊ ၃၂၇။ ဝိ၊ သင်္ဂဟ၊ ၄၊ ၇၃။ ကင်္ခါ၊ ဋီ၊ သစ်၊ ၂၀၉)

○

## မကျေနပ်သော်လည်း ဖွင့်မပြောလျှင်

ယူသူက'ယူပါ၏'ဆိုရာ၌ မပေးလိုသော်လည်း ဖွင့်မပြောပဲ ဆိတ်ဆိတ်နေပါက အပေးမြောက်တော့၏။ ပြန်ယူခွင့် မရှိ။

ယောပိ အဒါတုကာမော၊ စိတ္တေန ပန အဓိဝါသေတိ။ နကိဉ္စိဝဒတိ၊ သောပိ ပုန ပစ္စာဟရာပေတုံ နလဘတိ။

(ပါရာ၊ ၄၊ ပ၊ ၃၂၇။ ဝိ၊ သင်္ဂဟ၊ ၄၊ ၇၃။ ကင်္ခါ၊ ဋီ၊ သစ်၊ ၂၀၉)

○

## မသေမီ ပေးခဲ့ ယူခဲ့သည့် ပစ္စည်း

ဥစ္စာရှင်ကိုယ်တိုင် မသေမီပေးခဲ့သော ပစ္စည်းနှင့်၊ ဥစ္စာရှင် မသေမီ ဝိဿာသဂ္ဂါဟဖြင့် ယူလိုက်သော ပစ္စည်းကို ရသူနှင့် ယူလိုက်သူသာ ပိုင်၏။ ထိုပိုင်သူ၏ အလိုအတိုင်းသာ ဂိလာနုပဋ္ဌာက သူနာပြုစုသူများ အားပေးရမည်။

သစေ ပန သော ဗြဝမာနော ယေဝ သမ္ပံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိအဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ယဿဒိန္နံ၊ ယေနစ ဂဟိတံ၊ တဿေဝ ဟောတိ၊

တဿရုစိယာ ဧဝ ဂိလာနဿ ပဋ္ဌာကာ လဘန္တီတိ။
(ပါစိတျာ၊ ဌ၊ ၄၁၅။ ဝိ၊ သင်္ဂဟ၊ ဌ၊ ၂၆၁။
ဝိ၊ လက်ာရ၊ ဋီ၊ ဒု၊ ၃၆)

○

## အဝေးရှိ ပစ္စည်းပရိက္ခရာ

ဥစ္စာရှင် ကွယ်လွန်ရာ၌မည်သူ့အားမျှ မပေးခဲ့ပဲ ကျန်ရစ်ခဲ့သော တခြားရပ်ဝေးတွင်ထားအပ်သော ပစ္စည်းပရိက္ခရာများမှာ ဂတာဂတသံဃိက ရောက်ရာ ရောက်ရာအရပ်၌ သံဃာပိုင် ဖြစ်၏။

အညေသံ အဒတ္ဝာ ဒူရေဌပိတ ပရိက္ခာရာစ တတ္ထတတ္ထသံဃဿေဝ ဟောန္တိ။

(ပါစိတျာ၊ ဌ၊ ၄၁၅။ ဝိ၊ သင်္ဂဟ၊ ဌ၊ ၂၆၁)

○

## စိတ်ဖြင့်လည်း ပေးရုံဖြင့် အပေးမမြောက်

သေကာနီးစကားမပြောနိုင်မှ မိမိပိုင်ပစ္စည်းကိုစိတ်ဖြင့်သာ ပေးအံ့။ ကောင်းမှုသာ ဖြစ်၏။ အပေးမမြောက်။ သံဃာသာပိုင်ဆိုင်အစိုးရ၏။

ထိုဥစ္စာကို အကျွမ်းတဝင်မရှိသူ ယူငြားအံ့။ အယူမမြောက်။ ထေယျစိတ်ဖြင့်ယူခဲ့လျှင် ပစ္စည်းတန်ဖိုးဖြင့် ဆုံးဖြတ်ရာ၏။

မရဏသမယေ ဝတ္တုံ အသဟန္တော စေ စိတ္တေနဝ ဒေတိ၊ ပုညံ ပသဝတိ၊ သံဃောဝ တဿ သာမီ၊
ပရော ဝါ အဝိဿာသိကော သဟ မေဝ ဂဏှာတိ၊ ဂဟဏံ န ရုဟတိ၊ ထေယျစိတ္တေန စေ၊ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။ (ဝဇိရ၊ ၄၉၉)

(မှတ်ချက်။ ။အထက်ပါ ဋီကာစကားကိုထောက်၍ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးက ဝိဿာသဂ္ဂါဟ ယူကြသည်ကို (ချစ်ရာမကျ) နှစ်ရာ ကျသည်ဟု မြွက်ဟတော်မူသတဲ့။)

## သေသူ၏ အကပ္ပိယ ဘဏ္ဍာများ

သေလွန်သူ၏ ရွှေ,ငွေစသော အကပ္ပိယဘဏ္ဍာများ ကျန်ရစ်ခဲ့ရာ၌ အလှူခံစဉ်အခါက မအပ်သောနည်းဖြင့် ခံယူခဲ့ခြင်း ဖြစ်လျှင် ဥဂ္ဂဟိတအရာ၌လာသောနည်းအတိုင်းကျင့်ရမည်။ ဇာတရူပသိက္ခာပုဒ်၌ မအပ်သောနည်းဖြင့် ခံယူအပ်သောရွှေ,ငွေများစွန့်သကဲ့သို့ စွန့်ရမည်။ အပ်သောနည်းဖြင့် အလှူခံထားပါမူကား ကပ္ပိယ ဒါယကာတို့အား ပြောကြားရမည်။

မတကဿ ဟိရညာဒိ အကပ္ပိယဘဏ္ဍံဟောတိ၊ ဥဂ္ဂဟိတံ စေတံ ဟောတိ၊ ဥဂ္ဂဟိတေ ဝုတ္တနယေန ပဋိပဇ္ဇိတဗ္ဗံ။ မဝုနဂ္ဂဟိတံ စေ၊ ကပ္ပိယကာရကော အာစိက္ခိတဗ္ဗော။

(ဝဇိရ၊၄၉၉)

○

## သေသူပိုင် နွား,ကျွဲ

သေလွန်သူပိုင်ဆိုင်သော နွား,ကျွဲ စသည်၌ ကျောင်း၌ ရောက်သော နွား၊ ကျွဲစသည်တို့ကို သံဃာအစိုးရ၏။ ကျောင်း၌မရောက်မရှိသော နွား၊ ကျွဲစသည်တို့ကိုမူ သံဃာ အစိုးမရ။

ဂါဝိမဟိံသိအာဒယော ဟောန္တိ၊ အာဝါသဂတာနံ သံဃောသာမီ၊ အနာဝါသဂတာနံ နသံဃော သာမီ။

(ဝဇိရ၊၄၉၉။)

○

## ဥပသမ္ပဒ ကမ္မဝါစာ ဖတ်နည်းသုံးမျိုး

ရဟန်းလောင်းနှစ်ပါးတို့ကို တပြိုင်နက် ရဟန်းခံပေးရာ၌—

(၁) ကေုပဇ္ဈာယ ကောစရိယ ဖြစ်လျှင် ဖတ်သင့်၏။
(၂) ကေုပဇ္ဈာယ နာနာစရိယ ဖြစ်လျှင် ဖတ်သင့်၏။
(၃) နာနုပဇ္ဈာယ နာနာစရိယ ဖြစ်လျှင် ဖတ်သင့်၏။
(၄) နာနုပဇ္ဈာယ ကောစရိယ ဖြစ်လျှင် မဖတ်သင့်။

ဤခွဲခြားချက်နှင့်အညီ အပ်သော ဥပသမ္ပဒကမ္မဝါစာ ဖတ်နည်း သုံးမျိုးကို မှတ်သားသင့်၏။ သုံးမျိုးကား-

(၁) ကေုပဏ္ဍာယ ကောစရိယ နာနာသိယာ ကောနု-
သာဝန ဥပသမ္ပဒကမ္မဝါစာ ဖတ်နည်း။
(၂) ကေုပဏ္ဍာယ နာနာစရိယ နာနာသိယာ ကောနု-
သာဝန ဥပသမ္ပဒကမ္မဝါစာ ဖတ်နည်း။
(၃) နာနုပဏ္ဍာယ နာနာစရိယ နာနာသိယာ ကောနု-
သာဝန ဥပသမ္ပဒကမ္မဝါစာ ဖတ်နည်းဟူ၍ သုံးမျိုး
တည်း။

## ပထမနည်း

ထိုတွင် ပထမနည်း၌ ဥပဇ္ဈာယ်ဆရာကို တစ်ပါးတည်းသာ ထား၍ ရဟန်းလောင်း နှစ်ပါး,သုံးပါး ခွန်တွဲကာ ကမ္မဝါစာဆရာ တစ်ပါးတည်းသာ ဖတ်သည်။

## ဒုတိယနည်း

ဒုတိယနည်း၌ ဥပဇ္ဈာယ်တူ ရဟန်းလောင်း နာဂနှင့် ပါလ တို့ကို တသိမ်တည်းဝယ် တပြိုင်နက် ရဟန်းခံပေးရာတွင် ကိုယ့်ရဟန်း လောင်းနှင့် ကိုယ့်ကမ္မဝါစာဆရာနှစ်ပါး ပြိုင်တူဖတ်သည်။

ရဟန်းလောင်း နာဂကိုငဲ့၍ ကမ္မဝါစာဆရာ အရှင်သုမနက ဖတ် ပြီး ရဟန်းလောင်း ပါလကို ငဲ့၍ ကမ္မဝါစာဆရာ အရှင်ပဒုမက ဖတ် သည်။ ရဟန်းလောင်း သုံးပါးဖြစ်ရာ၌ ကမ္မဝါစာ ဆရာတပါး တိုးရှိသာ။

## တတိယနည်း

တတိယနည်း၌ ဥပဇ္ဈာယ်ဆရာ အသီးသီးဖြင့် ရဟန်းလောင်း နှစ်ပါးသုံးပါးတို့ကို ကမ္မဝါစာဆရာ နှစ်ပါးသုံးပါးတို့က အသီးအသီး ငဲ့၍ ဖတ်သည်။

ဆိုလိုသည်မှာ–ဥပဇ္ဈာယ်နှင့် ရဟန်းလောင်းတို့ကို အသီးအသီး တွဲပြီးလျှင် ကမ္မဝါစာဆရာ နှစ်ပါးသုံးပါးတို့က ကိုယ့်အတွဲနှင့်ကိုယ် အသီးအသီးငဲ့ကာ တပြိုင်နက် ဖတ်သည်ဟုလို။

ဥပမာ–ဥပဇ္ဈာယ် အရှင်တိဿနှင့် ရဟန်းလောင်း နာဂတို့အတွဲ ကို ကမ္မဝါစာဆရာအရှင်သုမနက ဖတ်၊

ဥပဇ္ဈာယ်အရှင်မိတ္တာနှင့် ရဟန်းလောင်းပါလတို့အတွဲကို ကမ္မဝါစာ ဆရာအရှင်ပဒုမက ဖတ်။

မှတ်ချက်။ ။ဥပဇ္ဈာယ်ရဟန်းလောင်းသုံးတွဲရှိရာ၌ ကမ္မဝါစာ ဆရာတပါး တိုးရုံသာတည်း။

(ပထမဝတ္ထု)

အနုဇာနာမိ ဘိက္ခဝေ ဒွေ ဧကာနုဿာဝနေ ကာတုံ။

(ဝိ၊မဟာဝဂ္ဂ၊၁၂၉)

ဒွေ ဧကာနုဿာဝနေတိ ဒွေ ဧကတော အနုဿာဝနေ၊ ဧကေန ဧကဿ၊ အညေန ဣတရဿာတိ ဧဝံ ဒွီဟိ ဝါ အာစရိယေဟိ ဧကေန ဝါ ဧကက္ခဏေ ကမ္မဝါစံ အနုဿာဝေန္တေဟိ ဥပသမ္ပာဒေတုံ အနုဇာနာမီတိ အတ္ထော။

(ပါစိတျာ၊၃၁၅)

ဒုတိယဝတ္ထု

အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ၊ တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန၊ န တွေဝ နာနုပဇ္ဈာယေန။

(ဝိ၊မဟာဝဂ္ဂ၊၁၂၉)

ဒွေ တယော ဧကာနုဿာဝနေ ကာတုံ၊ တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေနာတိ ဒွေ ဝါ တယော ဝါ ဇနေ ပုရိမနယေနေဝ ဧကတော အနုဿာဝနေ ကာတုံ၊ အနုဇာနာမိ၊ တဉ္စ ခေါ အနုဿာဝနကိရိယံ ဧကေန ဥပဇ္ဈာယေန အနုဇာနာမီတိ အတ္ထော။

ပထမနည်း။ ။တသ္မာ ဧကေန အာစရိယေန ဒွေ ဝါ တယော ဝါ အနုဿာဝေတဗ္ဗာ။

ဒုတိယနည်း။ ။ဒွီဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ဧကေန ဧကဿာတိ ဧဝံ ဧကပ္ပဟာရေနေဝ ဒွေ တိယော ဝါ ကာတဗ္ဗာ။

တတိယနည်း။ ။သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ၊ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုဿာဝေတိ၊ အညမညဉ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ။

“နာနုပဇ္ဈာယ ဧကာစရိယ မဖတ်သင့်”

သစေ ပန နာနာဥပဇ္ဈာယာ ဟောန္တိ၊ ဧကော အာစရိယော ဟောတိ၊ နတွေဝ နာနုပဇ္ဈာယေနာတိ ပဋိက္ခိတ္တတ္တာ န ဝဋ္ဋတိ။

## ဥပသမ္ပဒ ဒွန္ဒကမ္မဝါစာ သုံးမျိုး

ဥပသမ္ပဒကံအရာ၌ ဒွန္ဒကမ္မဝါစာတို့ကား—

(၁) စယာသိတဒွန္ဒကမ္မဝါစာ၊

(၂) အင်္ဂါသိတဒွန္ဒကမ္မဝါစာ၊

(၃) သမာသ ဒွန္ဒကမ္မဝါစာ ဟူ၍ ဤသို့ သုံးမျိုးရှိကုန်၏။ ထိုသုံးမျိုးကို ဤ၌ ပြပေအံ့။

## စယာသိတ ဒွန္ဒကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယဉ္စ နာဂေါ အယဉ္စ ပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ စ ပါလော စ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿပတ္တကလ္လံ၊ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယဉ္စ နာဂေါ အယဉ္စ ပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿပတ္တစီဝရံ၊ နာဂေါစ ပါလောစ သံဃံ ဥပသမ္ပဒံ ယာစတိအာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပါဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿစ ပါလဿ စ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သောတုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။

ဥပသမ္ပန္နော သံဃေန နာဂေါစ ပါလောစ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိသံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## ရှင်းလင်းချက်

ဤစယာသိတဒ္ဒနကမ္မဝါစာသည် စူဠဝဂ္ဂပါဠိ၊ သမထက္ခန္ဓက ၂၂၄-၌-လာသော "သမ္မတော သံဃေန ဣတ္ထန္နာမော စ ဣတ္ထန္နာမော စ ဘိက္ခု ဥဗ္ဗာဟိကာယ ဣမံ အဓိကရဏံ ဝူပသမေတုံ" ဟူသော ဥဗ္ဗာဟိက ကမ္မဝါစာနှင့် ညီညွတ်၏။

ဝိမတိဝိနောဒနီဋီကာ၊ ဒု၊ (၁၃၁)၌လည်း "ဧကေနဝါတိဒ္ဒနိပိ ဧကဿိ ခဏေ ဧကာယဧဝ ကမ္မဝါစာယ အနုဿာဝနေ ဧကေနာစရိယေနာ တိအတ္ထော၊အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ အာယသ္မတော သံဃရက္ခိတဿ ဥပသမ္ပဒါပေက္ခောတိ အာဒိနာ နယေန ဧကေန အာစရိယေန ဒွိန္နံ ဧကဿိ ခဏေ အနုဿာဝနနယော ဒဋ္ဌဗ္ဗော" ဟု စယာသိတဒ္ဒနနည်းကိုပင် ပြလျက်ရှိ၏။ ဌ

ပရိပုဏ္ဏာဿ။ ။ပရိပုဏ္ဏဿ၌ အဿ သဒ္ဒါတချက်တည်းသာ ရှိသင့်ကြောင်းကို မိုင်းခိုင်းဆရာတော်ရေး (တိပေဋက ဝိနိစ္ဆယကျမ်း) ဒုတိယတွဲ၌ ဆို၏။

မဟာဓမ္မိကာရာမတိုက် စလင်းဆရာတော်လည်း အဿ-၌ တသဒ္ဒါသည် လွန်လေပြီးသော ရဟန်းလောင်း နှစ်ယောက် သုံးယောက်ကို စွဲနိုင် ဟောနိုင်ရကား (ပရိပုဏ္ဏဿ) ဟု အဿ သဒ္ဒါတချက်တည်းဖြင့် ဖတ်သော်လည်း သင့်လျော်၏- ဟု အမိန့်ရှိသည်။

မိုးနံကုန်း ဆရာတော်ရေး "တိပိဋက ပကိဏ္ဏကဒီပနီ" ၌လည်း သဗ္ဗနာမ်ပုဒ်ဖြစ်၍ 'နာဂေါ စ နာဂေါ စ" ဟု သရုပ်အားဖြင့် ပြအပ်ပြီးသည်ကို "သောသဗ္ဗော" ဟု တကြိမ်ဆိုသော်လည်း အပြစ်မရှိဟု မဟာဝိဇိတာရာမ ဆရာတော် မိန့်ကြောင်း ဖော်ပြထားသည်။

ထိုစကားရပ်သည် 'သာစ ဣဒ္ဓိ သောစယသောတာနိစပါဒေသု စက္ကရတနာနိ၊ သဗ္ဗံ တမန္တရဟိတံ' ဟူသော ဗုဒ္ဓဝံသပါဠိ(၃၂၃)ကို ထောက်ဆ၍ ယုတ္တာဘရ ဖြစ်သည်ဟု မှတ်ရာ၏။

ထို့ပြင် ဒွန်ပုဒ်တို့၏ အပေါင်းကိုငဲ့၍ ဧကဝုစ်ဖြင့် သဗ္ဗနာမ်ပုဒ် တချက်တည်းစွဲနည်းကို--



၂၄၄၈

"ယောဝေါ အာနန္ဒ မယာဓမ္မော စ ဝိနယော စ ဒေသိ
တော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"

ဟူသော ဒီဃနိကာယ် မဟာဝဂ္ဂပါဠိ မဟာပရိနိဗ္ဗာနသုတ်တွင်လည်း တွေ့ရသည်။

ဤပါဠိတော်၌ ရှေ့တွင် ဟောအပ်ပြီးသော 'ဓမ္မောစ ဝိနယောစ' ဟူသော ဒွန်ပုဒ်အပေါင်းကိုငဲ့၍ သောဓမ္မဝိနယော ဟု အဋ္ဌကထာဆရာစွဲဆို ပြထားပေသည်။

ပရိပုဏ္ဏာသာ ပတ္တစီဝရံ ဟူသော ဝါကျ၌ ပရိပုဏ္ဏာသာကို ပရိပုဏ္ဏံ+အဿ ဟု ပုဒ်ဖြတ်၍ အဿ ၌ အ-သဒ္ဒါကို တ-သဒ္ဒါ၏ ကာရိယ ဟု ဘုရားရှင် အလိုတော်ကျ မှတ်ယူသင့်၏။

မှတ်ယူသင့်ကြောင်းကို စူဠဝဂ္ဂပါဠိ သမုစ္စယက္ခန္ဓကပရိဝါသကမ္မဝါစာ စသည်အရ ထင်ရှားသည်။ ဤ၌ သာဓကအဖြစ် အဗ္ဘာနကမ္မဝါစာကို ထုတ်ပြပေအံ့။

### အဗ္ဘာန ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဥဒါယီဘိက္ခု။ ပ။
ဧကာဟ ပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော သံဃံ
။ပ။ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံအဗ္ဘာနံ-
ယာစတိ။ ပ။ ဧသာ ဉတ္တိ။

ဤ ကမ္မဝါစာ၌ အနီးချက်မှောက်ရှိ ကမ္မာရဟ ပုဂ္ဂိုလ်ကို သမ္ဗန္ဓမ်ပုဒ်ဖြင့် စွဲသောအခါ အစဝါကျ၌ ဣမသဒ္ဒါ၏ ကာရိယ အယံ သဒ္ဒါဖြင့်စွဲ၍ နောက်နောက်ဝါကျတို့၌ 'သော' ဟု ပက္ကန္တဝိသယ တသဒ္ဒါ၏ ကာရိယဖြင့် စွဲတော်မူသည်။

ထို့ကြောင့် မန္တလေး ဘုရားကြီးတိုက် ဆရာတော်၊ စံကျောင်းဆရာတော်၊ လယ်တီဆရာတော်၊ ဝေယန်ဘုံသာ ဆရာတော် စသော ဆရာတော်ကြီးများ ပါဠိတော် နိဿယတို့၌ 'အဿ၊ ထိုရဟန်းလောင်းအား' ဟု တသဒ္ဒါ၏ ကာရိယအဖြစ် အနက် ပြန်ဆိုတော်မူကြပေသည်။

ပရိပုဏ္ဏံတေသံ။ ။ စလင်းဆရာတော်၏ မဟာဝါဂဏ္ဍိသစ်ကျမ်း၊ မိုင်းခိုင်း ဆရာတော်၏ ကိပေဋကဝိနိစ္ဆယကျမ်းတို့၌ ဒွန်ကမ္မဝါ

စာဝယ်- 'ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ' ဟု တသဒ္ဒါဖြင့် ပြဆိုတော်မူကြသည်။

## အင်္ဂါသိတဒွန္ဒကမ္မဝါစာ

သုဏာတု မေဘန္တေ သံဃော၊ အယဉ္စ နာဂေါ အယဉ္စ ပါလော။ အာယသ္မတော တိဿဿ ဥပသမ္ပဒါ ပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိ ကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံတေသံပတ္တစီဝရံ၊ နာဂေါ စ ပါလော စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယဉ္စ နာဂေါ အယဉ္စ ပါလော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံ တေသံ ပတ္တစီဝရံ၊ နာဂေါ စ ပါလော စ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂဉ္စ ပါလဉ္စ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ စ ပါလဿ စ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ၊ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ဥပသမ္ပန္နာ သံဃေန နာဂေါ စ ပါလော စ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## ရှင်းလင်းချက်

ဤ အင်္ဂါသိတဒွန္ဒ ကမ္မဝါစာသည် ပါရာဇိကဏ် ပါဠိတော်၊ ဘေဒါနုဝတ္တက သိက္ခာပုဒ်လာ-

“သမနုဘဋ္ဌာ သံဃေန ဣတ္ထန္နာမော စ ဣတ္ထန္နာမော စ ဘိက္ခူ တဿ ဝတ္ထုဿ ပဋိနိဿဂ္ဂါယ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

ပုံသော သမနုဘာသန ကမ္မဝါစာနှင့်ညီ၏။

ဣတ္ထန္နာမော စ ဣတ္ထန္နာမော စ ဟူသော ဒွန်ပုဒ်တို့၏ အစိတ် သချ်ာကိုင့်၍ 'သမနုဘဋ္ဌာ' ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူသကဲ့သို့ ဤ ၌လည်း- 'အယဥ္စ နာဂေါ အယဥ္စ ပါလော' ဟူသော ဒွန်ပုဒ်တို့၏ အစိတ်သချ်ာကိုင့်၍ 'ဥပသမ္ပဒါပေက္ခာ, ပရိသုဒ္ဓါ, ယာစန္တိ, ဥပသမ္ပန္နာ' ဟု ဒွန္ဒပေက္ခပုဒ်တို့ကို ဗဟုဝုစ်ဖြင့် ပြဆိုရခြင်း ဖြစ်သည်။

သမာသဒွန္ဒ ကမ္မဝါစာ

သုဏာတု မေ ဘန္တေသံဃော၊ဣမေ နာဂပါလာ အာယသ္မ တော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိ ကေဟိဓမ္မေဟိ၊ ပရိပုဏ္ဏံတေသံ ပတ္တစီဝရံ၊ နာဂပါလာ သံဃံ ဥပသမ္ပဒံ ယာစန္တိအာယသ္မတာတိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂါပါလေ ဥပသမ္ပဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ဧသာ ဉတ္တိ။

သုဏာတု မေဘန္တေသံဃော ဣမေ နာဂပါလာ အာယသ္မ တော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါအန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏံတေသံ ပတ္တစီဝရံ၊ နာဂပါလာသံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂပါလေ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာ- ယေန၊ ယဿာယသ္မတော ခမတိ နာဂပါလာနံ ဥပသမ္ပဒါ- အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿနက္ခ မတိ၊ သောဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ဥပသမ္ပန္နာသံဃေန ၊နာဂပါလာ အာယသ္မတာ တိဿေန ဥပဇ္ဈာ- ယေန၊ ခမတိ သံဃဿ၊ တသ္မာတုဏှိ၊ ဧဝမေတံ ဓာရယာမိ။

ရှင်းလင်းချက်

ဤသမာသ်ဒွန်ကမ္မဝါစာသည် 'စူဠဝဂ္ဂပါဠိတော် ကမ္မက္ခန္ဓက၌ လာသော=

'သုဏာတု မေဘန္တေသံဃော၊ ဣမေ ပဏ္ဍုက ကေဟိတကာ ဘိက္ခူအတ္တနာ ဘဏ္ဍနကာရကာ ကလဟကာရကာ ဝိဝါဒ- ကာရကာ'

စသော တဇ္ဇနီယကမ္မအရာ ကမ္မဝါစာနှင့် ညီညွတ်၏။

ဤ၌ ကမ္မာရဟပုဂ္ဂိုလ်ကို 'ဣမေ ပဏ္ဍုက လောဟိတကာ'ဟု သမာသ်ဖြင့် ဟောတော်မူသကဲ့သို့'ဣမေ နာဂပါလာ'ဟု သမာသ်ခွဲ ကမ္မဝါစာကို ပြဆိုရာ၏။

ဤသို့ ပြဆိုအပ်ပြီးသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကိုမှီး၍ 'ဥပသမ္ပဒကမ္မဝါစာ' သုံးမျိုးကို မှတ်သားကြရပေသည်။ ၎င်းတို့ကို ဤ၌ သိက္ခာကာမ သုတေသီတို့၏ သုတဝစ္စနအကျိုးငှာ ထည့်သွင်း ဖော်ပြအပ်၏။

ရဟန်းလောင်း နှစ်ပါး,သုံးပါး တပြိုင်နက် ရဟန်းပြုကြရာ၌ ဥပဇ္ဈာယ်နှင့် ရဟန်းလောင်း တတွဲစီ,တတွဲစီ အသီးအသီးငွဲ့ပြီး ဖတ်သောနည်း၊ စယာသိတ သချာဖြင့်ဖတ်သောနည်းတို့ကိုသာ ဆရာတော်ကြီးများ အသုံးပြုလေ့ရှိတော်မူကြသည်။

'ပါဠိအဋ္ဌကထာသု ဒိဋ္ဌပယောဂံ, တဒနုရူပဥ္စဝတ္တဗ္ဗံဝဒ္ဓတို၊ တတော အညံ နဝဋ္ဌတိ' ဟု ဝိမတိဋီကာ (ဝိမတိ၊ ဒု၊ ၃၁၅) ဆရာမိန့်မှာသည့်အတိုင်း မှတ်သင့်ပေသည်။ သင့်သောနည်းပင် ဖြစ်သော်လည်း သံသယကင်းသောနည်းက ပိုမို၍ကောင်းသည်ဟု ဆရာမြတ်တို့ မိန့်ဆိုကုန်၏။

## သုံးပါးထက်အလွန် ဖတ်သင့် မဖတ်သင့်

(က) ကမ္မဝါစာရွတ်ဖတ်ရာ၌ ကမ္မဝါဆရာ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ တပြိုင်နက် ဖတ်အပ်၏။ ကမ္မဝါဆရာ သုံးပါးထက်ပိုလွန်၍ မဖတ်သင့်။

(၁) တိဟိအာစရိယေဟေဝ၊ ကေတောအနုသာဝနံ။
ဩသာရေတွာကတံကမ္မံ။

(ဝိ၊ ဝိနိစ္ဆယ၊ ဂါထာ၊ ၂၅၄၅)

(၂) ကမ္မဝါဆရာ သုံးပါးထက်လွန်၍ မည်သည့် အခြင်းအရာမျှဖြင့် တပြိုင်နက် မဖတ်အပ်။

(တဏ္ဍိပုဒ်ဝါဒ)

(ခ) တိက္ကုံဥဒ္ဓံ န ကေနစိ အာကာရေန ကေတော ဝဋ္ဋတိ။

(ဝဇိရ၊ ၄၄၁)

(ဂ) သံဃာသည် သံဃာအား ကံ မပြုထိုက်။

(အာစရိယဝါဒ၊ ဝဇိရ၊ ၄၄၁)

(ဃ) နိဂ္ဂဟကမ်, ပဂ္ဂဟကမ် နှစ်မျိုးတွင်—

နိဂ္ဂဟကမ်၌သာ လေးပါး, လေးပါးအထက် ကမ်မပြုအပ်၊ ပဂ္ဂဟကမ်၌ကား လေးပါး၊ လေးပါးအထက် ကမ်ပြုကောင်း၏။

(ကခါ၊ ဋီ၊ သစ်၊ ၂၅၄)

သာသနာတော်၌ ထင်ရှားတော်မူကြသော အချို့ဆရာတော်ကြီးများသည် လေးပါး, လေးပါးအထက် ကမ်ပြုကောင်း၏ဟု ဆောင်ရွက်တော်မူကြသည်။

ကမ္မဝါဆရာသုံးပါးထက် အလွန် မဖတ်သင့်, ဖတ်သင့်သည် ဟူသော ဤနှစ်ဝါဒလုံးပင် အလေးပြုထိုက်ပါ၏။ နှစ်သက်ရာ ပြုနိုင်ပါ၏။ ပထမဝါဒကား ရှေးရှေးအကျော် ဆရာတော်ကြီးများ၏ အစဉ်အလာဝါဒ ဖြစ်သည်။

မထေရ်ကြီးဖြစ်သော်လည်း 'ဘန္တေ'ဟု ဖတ်နိုင်ပုံ

ဉာတ်, ကမ္မဝါစာ၌ မထေရ်ကြီးက 'ဘန္တေ'ဟု ရွတ်ဖတ်သော်လည်း အပြစ်မရှိ။ ရွတ်ဖတ်သင့်သည်။

'ထေရာဓေယျံ ပါတိမောက္ခ'န္တိ ဝတွာပိ ပဏ္ဍာအဝိသေသေန၊ 'ယော တတ္ထဗျတ္တော ပဋိဗလော၊ တဿာဓေယျ'န္တိ ဝုတ္တတ္တာ 'ဘန္တေ' ဟိ ဝစနံ ထေရဿပိ အတ္ထီတိသိဒ္ဓံ ဟောတိ။

(ဝဇိရ၊ ၄၆၃)

ဥပဇ္ဈာယ်မရှိပဲ ရဟန်းခံလျှင်

ဥပဇ္ဈာယ် မရှိသော ရဟန်းလောင်းကို ရဟန်းခံပေးပါက ရဟန်းအဖြစ်သို့ ရောက်သည်သာ။

'န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိဒုက္ကဋဿာ' တိတွေကမေဝဝုတ္တံ 'သော စ ပုဂ္ဂလော အနုပသမ္ပန္နော'တိအဝုတ္တတ္တာ, ကမ္မဝိပတ္တိလက္ခဏာဿ စ အသမ္ဘဝတော တံ နဂဟေတဗ္ဗန္တိ ဝုတ္တံ။

(သာရတ္ထ၊ တ၊ ၂၆၃)

အနုပဇ္ဇာယကဿပိ ယေနကေနစိ အနုဿာဝိတေ ဥပ-
သမ္ပဒါဟောတိ။

(ဝိမတိ၊ ဒု၊ ၁၃၂)

## ဥပဇ္ဈာယ်ကိုယ်တိုင် ကမ္မဝါဖတ်မှု

မိမိ၏ သဒ္ဓိဝိဟာရိကတပည့် ရဟန်းခံရာ၌ ဥပဇ္ဈာယ် ဆရာကိုယ်တိုင် ကမ္မဝါ ဖတ်သင့်၏။ ဖတ်ကောင်း၏။

သစေ ပန ဥပဇ္ဈာယော သယမေဝ အတ္တနော သဒ္ဓိဝိဟာရိကံ အနုဿာဝေတိ၊ ဧတ္တ ဝတ္တဗ္ဗမေဝ နတ္ထိ၊ ကမ္မံ သုကတမေဝ ဟောတိ။

(ဝိမတိ၊ ဒု၊ ၁၃၂)

## ရဟန်းလောင်း အမည် လွှဲမှား၍ ဖတ်မှု

ရဟန်းကောင်း၏ ကိုယ်ပိုင် အမည်မှတပါး အခြားအမည်ဖြင့် လွှဲမှား၍ ကမ္မဝါဖတ်လျှင် ကမ်ပျက်၍ ရဟန်း မဖြစ်။

ဥပသမ္ပဒါပေက္ခဿ ပန ယထာသကံ နာမံ ဝိနာ။ အညေ-နနာမေန အနုဿာဝိတေ ကမ္မံ ကုပ္ပတိ၊ သော အနုပသမ္ပန္နောဝ ဟောတိ။ (ဝိမတိ၊ ဒု၊ ၁၃၀)

## အမည်သစ်ဖြင့် ဖတ်မှု

ဉာတ်ကမ္မဝါ၌ ရဟန်းလောင်း၏ ထင်ရှားပြီးအမည်ကို ဖြစ်စေ၊ ထိုကမ်ပြုရာခဏ၌ မှည့်အပ်သော အမည်သစ်ကိုဖြစ်စေ သုံးသပ်၍ ဖတ်နိုင်၏။

တသ္မာ အညမ္ပိ ကိဉ္စိတဿနာမံ ပသိဒ္ဓံ တသ္မိံ ဝါခဏေ သုခဂ္ဂ ဟကာတ္တံ နာမံ ပညာပိတံ၊ တံသဗ္ဗံ ဂဟေတွာပိ အနုဿာဝနာကာတဗ္ဗာ။

(ဝိမတိ၊ ဒု၊ ၁၂၆)

## သာဝနဟာပနလက္ခဏာ

ကမ္မဝါစာ ရွတ်ဖတ်ရာ၌ အက္ခရာသော်လည်း ကျအံ့၊ ပုဒ်ကိုသော်လည်း မကောင်းသဖြင့် ရွတ်ဖတ်အံ့၊ ကမ္မဝါစာကို ယုတ်လျော့စေသည်ပင် ဖြစ်သောကြောင့် 'သာဝနဟာပန' ဖြစ်၏။

ယောပိ ဥတ္တိဒုတိယကမ္မေ ကော် ဥတ္တိံ ဌပေတွာ ကော် ကမ္မဝါစံ အနုသာဝေန္တော အက္ခရံ ဝါ ဆဒ္ဒေတိ၊ ပဒံ ဝါ ဒုရုတ္တံကရောတိ၊ အယံပိ သာဝနံ ဟာပေတိယေဝ။

(ဝိ၊ သင်္ဂဟ၊ ၄၊ ၃၉၇)

## ဒုရုတ္တ ဖြစ်ပုံ

ကမ္မဝါစာ ရွတ်ဖတ်ရာ၌ တပါးသော အက္ခရာကို ရွတ်ဖတ်သင့်ပါလျက် အခြားတပါးသော အက္ခရာကို ရွတ်ဖတ်ခြင်းသည် 'ဒုရုတ္တ' မည်၏။

ယော ဟိ အညသ္မိံ အက္ခရေ ဝတ္တဗ္ဗေ အညံ ဝဒတိ၊ အယံ ဒုရုတ္တံ ကရောတိ နာမ။

(ဝိ၊ သင်္ဂဟ၊ ၄၊ ၃၉၇)

○

## ကမ္မဝါ အကြိမ်ကြိမ်ဖတ်ခြင်း အကျိုး

ကမ္မဝါစာ ရွတ်ဖတ်ရာ၌ အက္ခရာကျခြင်း၊ ပုဒ်ကျခြင်း၊ ဒုရုတ္တ ဖြစ်ခြင်းရှိခဲ့သော် ၎င်းကို သုတ်သင်ခြင်း အကျိုးငှာ အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဖတ်သင့်၏။

ထိုသို့ ရွတ်ဖတ်သဖြင့် မပျက်သော ကံ၌ ဒဠှီကမ္မ ဖြစ်၍ ပျက်သော ကံ၌ အောင်မြင်သော ကံ အဖြစ်ဖြင့် တည်နိုင်ခြင်း အကျိုး ရှိ၏။

သစေပန အက္ခရပရိဟီနံဝါ ပဒပရိဟီနံဝါ ဒုရုတ္တပဒံ ဝါ ဟောတိ၊ တဿ သောဓနတ္ထံ ပုနပ္ပုနံ ဝတ္တုံ ဝဋ္ဋတိ၊ ဣဒံ အကုပ္ပကမ္မဿ ဒဠှီကမ္မံ ဟောတိ၊ ကုပ္ပကမ္မေ ကမ္မံ ဟုတွာ တိဋ္ဌတိ။

(ဝိ၊ သင်္ဂဟ၊ ၄၊ ၃၉၅)

အက္ခရပရိဟီနန္တိ 'သုဏာတု' မေတိအာဒီသု သု-ကာရ ကာ ~~[illegible]~~ ကာရ တု-ကာရာဒီနံ၊ ဘဿနံ ပဒပရိဟီနန္တိ 'သုဏာတု' တိအာဒီနံ ဝိဘတျန္တပဒါနံ ဘဿနံ။

(ဝိ၊ လင်္ကာရ၊ ၄၊ ၂၆၉)

○

## ရဟန်းများ သိက္ခာထပ်သင့်ပုံ

မူလ ရဟန်းခံစဉ် ကမ္မဝါစာ ရွတ်ဖတ်ရာ၌ အက္ခရာကျခြင်း၊ ပုဒ်ကျခြင်း၊ ဒုရုတ္တ ဖြစ်ခြင်းများကြောင့် ကံပျက်ခဲ့သော် အောင်မြင်ခြင်း၊ မပျက်ခဲ့သော် ဒဠှီကမ္မ အကျိုးရှိသောကြောင့် ရဟန်းတော်များ သိက္ခာထပ်သင့်၏ဟု မှတ်ရာ၏။

သာဓကအဖြစ် အထက်ပါ အဋ္ဌကထာ ဋီကာစကားများကို ပင်ဆောင်ပြလေ။

### ဥပသမ္ပဒသဒ္ဒါနှင့် ပဗ္ဗဇ္ဇသဒ္ဒါ နှစ်မျိုးဟောပုံ အထူး

'ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော၊ န ဥပသမ္ပာဒေတဗ္ဗော' စသည်၌ ပဗ္ဗဇ္ဇသဒ္ဒါကို ဖြတ်ထား၍ ဥပသမ္ပဒသဒ္ဒါဖြင့် ဟောတော်မူ၏။

'ဟတ္ထစ္ဆိန္နော ဘိက္ခဝေ နပဗ္ဗာ ဇေတဗ္ဗော' စသည်၌ ဥပသမ္ပဒသဒ္ဒါကို ဖြတ်ထား၍ ပဗ္ဗဇ္ဇသဒ္ဒါဖြင့် ဟောတော်မူ၏။

ထိုသို့ မဟာဝဂ္ဂ ပဗ္ဗဇက္ခန္ဓကပါဠိ၌ ဥပသမ္ပဒသဒ္ဒါ နှစ်မျိုးဖြင့် ဟောထားရာ ထူးခြားပုံကား—

ဥပသမ္ပဒသဒ္ဒါဖြင့် ဟောရာ၌ ပဥ္စင်းလည်းဖြစ်၊ ရှင်လည်း ဖြစ်၏။

ပဗ္ဗဇ္ဇသဒ္ဒါဖြင့် ဟောရာ၌ ပဥ္စင်း ဖြစ်သည်လည်း ရှိ၏။ ပဥ္စင်း မဖြစ်သည်လည်း ရှိ၏။ ဤသို့ ထူးခြား၏။

> ယော ဥပသမ္ပန္နော၊ သော ပဗ္ဗဇိတောဝ ဟောတိ၊ ပဗ္ဗဇိတော ပန အတ္ထိကောစိ ဥပသမ္ပန္နော၊ အတ္ထိကောစိ အနုပသမ္ပန္နော၊ ဣမံသမ္ဘာဂါဟံ ဥပ္ပါဒေတိ ဘဂဝါ။
>
> (ဝဇိရ၊ ၄၃၆)

### အလဇ္ဇီ၏ နေရာဌာန

အလဇ္ဇီဟု မသိသေးသမျှ လဇ္ဇီပုဂ္ဂိုလ်သည် အလဇ္ဇီ၏ နေရာ၌ နေသော်လည်း အပြစ်မရှိ၊ အလဇ္ဇီမှန်း သိလျှင်ကား မနေကောင်း။

> အညာတရံ အာဝါသံ ဂဟေတွာ နိသီဒိတိ ဝစနတော ဝိသဘာဂဌာနံ ဂတဿ ပေသလဿာပိ ဘိက္ခုနော တေသံ အာသနေ နိသီဒိတုံ ဝဋ္ဋတီတိ သိဒ္ဓံ။ (ဝဇိရ၊ ၅၃၃)

## အလဇ္ဇီ၏ သမ္ဘောဂ

(က) အလဇ္ဇီဟု မသိသေးသမျှ လဇ္ဇီပုဂ္ဂိုလ်သည် အလဇ္ဇီပုဂ္ဂိုလ်နှင့် အာမိသ၊ သမ္ဘောဂ၊ ဓမ္မသမ္ဘောဂ၊ သံဝါသပြုမိသော်လည်း အပြစ်မရှိ။

(ခ) သာမဂ္ဂီကို မရအပ်သည်ရှိသော် အလဇ္ဇီမှန်း သိသော်လည်း သမ္ဘောဂပြုခြင်းကြောင့် အာပတ်မသင့်။

(၁) အလဇ္ဇီနာသဒ္ဒိံယာဝ န ဇာနာတိ၊ တာဝဝဋ္ဋတိ)
(ပါရာ၊ ၅၊ ဒု၊ ၂၇၃)

(၂) အလဇ္ဇမာနာယ သာမဂ္ဂိယာ အနာပတ္တိ သမ္ဘောဂေ သံဝါသေ။ (ဝိ၊ မဟာဝဂ္ဂ၊ ၁၃၅)

## အလဇ္ဇီနှင့်အတူ သံဃကံ မပြုထိုက်

(က) ဓမ္မပရိဘောဂ ဖြစ်သောကြောင့် အလဇ္ဇီပုဂ္ဂိုလ်တို့နှင့် အတူတကွ ဥပေါသထကံ စသော သံဃကံ အားလုံး မပြုထိုက်။

အလဇ္ဇီဟိ သဒ္ဓိံ ဥပေါသထာ ဒိသံဃကလသံဃ–ကမ္မံ ကာတုံ န ဝဋ္ဋတိ၊ ဓမ္မပရိဘောဂတ္တာတိ ဒဿေတိ။

(ဝိမတိ၊ ပ၊ ၁၀၅)

(ခ) ပကတတ္တ၊ အပကတတ္တ ဖြစ်သော ရဟန်းအားလုံးတို့သည် အလဇ္ဇီပုဂ္ဂိုလ်တို့နှင့် အတူတကွ ကံမပြုထိုက်၊ ကံပြုလျှင် အာပတ်သင့်၏။

တသ္မာ ယထာဝုတ္တေဟိ သုတ္တ န ယေဟိ အဌ–ကထာ ဝစနေဟိ စ ပကတတ္တေဟိ ပိ အပကတတ္တေဟိ ပိသဗ္ဗေဟိ အလဇ္ဇီဟိ ဧကကမ္မာ ဒိသံဝါ–သော နဝဋ္ဋတိ၊ ကရောန္တာနံ အာပတ္တိဝေ။

(ဝိမတိ၊ ပ၊ ၄၃၂)

## မြင်မြင်သမျှ အလဇ္ဇီဟု မယုံမှားအပ်

မြင်တိုင်း မြင်တိုင်းသော ရဟန်းတို့ကို အလဇ္ဇီဟူ၍ ယုံမှား တွေးတောခြင်း၊ ပြောဆိုခြင်းကို မပြုအပ်။ ဒိဋ္ဌ၊ သုတ၊ ပရိသင်္ကိတ ရှိမှသာ ပြုအပ်၏။

အာဒိတော ပဋ္ဌာယ ဟိ အလဇ္ဇီနာမ နတ္ထိ၊တသ္မာ နကေ္ခာစိ သင်္ကိတဗ္ဗော။ (ဝဇိရ၊ ၂၆၂)

အာဒိတော။ ပ။ နတ္ထီတိ ဣမိနာ ဒိဋ္ဌဒိဋ္ဌေသု ယေဝ အာသင်္ကာ န ကာတဗ္ဗာတိ ဒဿေတိ။

(သာရတ္ထ၊ ဒု၊ ၄၂၁)

အာဒိတော။ ပ။ နတ္ထီတိ ဣမိနာ ဒိဋ္ဌဒိဋ္ဌေသု အာသင်္ကာ နာမ နကာတဗ္ဗာ၊ ဒိဋ္ဌသုတာဒိကာရဏေ သတိယေဝ ကာတဗ္ဗာ-တိ ဒဿေတိ။ (ဝိမတိ၊ ပ၊ ၃၃၈)

## အလဇ္ဇီပဂ္ဂဟ ဖြစ် မဖြစ်

အလဇ္ဇီပုဂ္ဂိုလ်ကို ချီးမြှောက်လိုသော စိတ်ဖြင့်သာ အနုမောဒနာ တိုက်တွန်းခြင်း စသည်တို့ကို မပြုအပ်။ တရားကို ချီးမြှောက်ခြင်း၊ သာသနာတော်ကို ချီးမြှောက်ခြင်း၊ တရားနာပရိသတ်ကို ချီးမြှောက်ခြင်း အကျိုးငှာမူကား ပြုအပ်၏။ အလဇ္ဇီပဂ္ဂဟ မဟုတ်ဟူလို။

သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ။ ပ။ အန္တရာယံ ပါပေတီတိ ဧတ္တကေ ဝလံ ပဂ္ဂဏှိတုကာမတာယ ဧဝံ ကာတုံ န ဝဋ္ဋတိ၊ ဓမ္မဿ ပန သာသနဿ သောတူနဉ္စ အနုဂ္ဂဟတ္ထာယ ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ။ (သာရတ္ထ၊ ဒု၊ ၄၂၁)

## ကေ ပဏ္ဏ ထီး

တခုသော သစ်ရွက်ဖြင့် မိုးသော ထီးသည် 'ကေပဏ္ဏထီး'မည် ၏။ အချို့ကား ကေပဏ္ဏထီး ဆိုရာ၌ ယပ်ကို ယူကြသည်။ အချို့ကား နွားကျောင်းသားများ ဆောင်းလေ့ရှိသော စလူထီး ကို ယူကြ၏။ အကျယ်ကို စူဠဝဂ္ဂပါဠိယသစ်၌ ရှုလေ။ ကေပဏ္ဏထီးကို ရွာတွင်း ရွာပ ဆောင်းကောင်း၏။

ကောပန္နာဆတ္တံ ပန သဗ္ဗတ္ထေဝ ဝဋ္ဋတိ။ (စူဠဝဂ္ဂ၊ ၄၊ ၅၂)
ကောပန္နာဆတ္တံ နာမ တာလပတ္တေဟိ ဂဏ္ဌိပဒေသု ဝုတ္တံ။
(သာရတ္ထ၊ တ၊ ၃၉၀)

○

## သူတပါးဆောင်းပေးသော ထီး

ရွာတွင်း၌ သူတပါးက ထီးဆောင်းပေးလျှင် အဂိလာနပုဂ္ဂိုလ်ဖြစ်သော်လည်း အပ်၏။ အာပတ်မသင့်။

ဓာရေယျာတိ ဣမိနာ သုဒ္ဓကတ္တုနိဒ္ဒေသေန အဂိလာနဿာပိ ပရံ ဓာရာပနေ ပရေန ဓာရိယမာနဿာဒိယနေ စ အနာပတ္တိတိ ဝိညာယတိ။ (ဝိနိဝ္ဆယ၊ ၄၊ ဒု၊ ၂၀၀)

### ထီး၊ ဖိနပ်အရာ ဂိလာန

ထီး၊ ဖိနပ်နှင့်ကင်း၍ မသွားမလာနိုင်သောသူ၊ အနာရောဂါဖြစ်သောသူ၊ ထီး၊ ဖိနပ်နှင့်ကင်း၍ မချမ်းသာသောသူသည် ထီး၊ ဖိနပ်ဆောင်းခွင့်၊ စီးခွင့်ရသော ဂိလာနပုဂ္ဂိုလ် မည်၏။ ရွာတွင်းရွာပ ထီး၊ ဖိနပ်ဆောင်းခြင်း၊ စီးခြင်းကြောင့် အပြစ်မရှိ။

ဂိလာနော နာမ ယော နသက္ကောတိ အနုပါဟနော ဂါမံ ပဝိသိတုံ။ (ပါစိတျာ၊ ၄၊ ၃၇၀)

ဂိလာနဿ ဆတ္တန္တိ ဧတ္ထ ယဿ ကာယဍာဟော ဝါ ပိတ္တကောပေါ ဝါ ဟောတိ၊ စက္ခု ဝါ ဒုဗ္ဗလံ၊ အညော ဝါ ကောစိ အာဗာဓော ဝိနာ ဆတ္တေန ဥပ္ပဇ္ဇတိ၊ တဿ ဂါမေ ဝါ အရညေ ဝါ ဆတ္တံ ဝဋ္ဋတိ။ (စူဠဝဂ္ဂ၊ ၄၊ ၅၂)

ဂိလာနော နာမ ယဿ ဝိနာ ဆတ္တုပါဟနံ န ဖာသု ဟောတိ၊ သော ဂိလာနော နာမ။ (ပါစိတ္တိယ၊ ၄၅၁)

ဝါဠေ ပန စီဝရဂုတ္တတ္ထံ ဝါ ဋ္ဌမိဂစောရဘယေသု စ အတ္တဂုတ္တတ္ထမ္ပိ ဝဋ္ဋတိ။ (စူဠဝဂ္ဂ၊ ၄၊ ၅၂)

မှတ်ချက်။ ။ဆရာတို့ကား ဤအဋ္ဌကထာစကားကို ဥပလက္ခဏနည်းယူ၍ နေပူစသည်ကြောင့်လည်း ထီးဆောင်းအပ်၏ဟု မိန့်ဆိုကြ၏။

## ဖိနပ်နှင့် စပ်၍မှတ်ဖွယ်

ကွမ်းသီးဖက် စသည်ကို အတွင်း၌ထား၍ အထက်၌ သက္ကလတ် စသည်အုပ်လျက် ပြုလုပ်သော ပိန်းတန်းဖိနပ်မျိုးကို ကျမ်းဂန် အလို 'ပါဒုက'ခေါ်၏။

ယခုကာလတွင် အသုံးများလျက်ရှိသော အလုံးစုံ နီ,ညိုရောင် ဖိနပ်များကို သတိပြုသင့်၏။ ဒုက္ကဋ်ဝတ္ထုတည်း။ အဆင်းဖျက်မှသာ အပ်၏။

○

## ဥပါဟန နှင့် ပါဒုက အထူး

လူရေကိုထား၍ ကြွင်းသော နွားရေစသည်ဖြင့် ပြုလုပ်အပ်သော ဝတ္ထုကား(ဥပါဟန)။

အရေမှတပါး သစ်သားစသော ဝတ္ထုဖြင့်ပြုလုပ်အပ်သော ဝတ္ထုကား 'ပါဒုက' ဤသို့ထူးကြ၏ဟု ရှေးဆရာတို့ ဆိုကြ၏။

ယခုခေတ်ဆရာတို့ကား—

သဲကြိုး တပ်သည်ကား 'ဥပါဟန'

သဲကြိုး မတပ်သည်ကား 'ပါဒုက'

ဤသို့ ထူးကြ၏ဟု ဆိုကုန်၏။

## မဥ္စ, ပီဌ, အာသန္ဒီ သုံးမျိုး အထူး

အလျား လေးတောင်၊ အနံ လေးတောင့်ထွာ ရှိသည်ကား မဥ္စ(ခရှင်)။

ညောင်စောင်းလောက်မရှည်၊ အာသန္ဒီလောက်မကျယ်မှု ပီဌ (အင်းပျဉ်၊ စားပွဲ-ကုလားထိုင်)။

ပမာဏာတိက္ကန္တ မဥ္စ,ပီဌသည်ပင် အာသန္ဒီ

(ဝိနယရာသီကျမ်းအဆို)

## အာသန္ဒီ နှစ်မျိုး

အာသန္ဒီသည်လည်း အလျားရှည်သော အာသန္ဒီ, လေးထောင့် အာသန္ဒီဟူ၍နှစ်မျိုးရှိရာ ပထမအမျိုးအစားသည် တစ်ထောင့်ထွာထက် အခြေမရှည်မှုအပ်၏။ ထို့ထက်လွန်မှုမအပ်။ ဒုတိယအမျိုးအစားကား အပ်၏။

## ဥစ္စာသယန မဟာသယန အထူး

'ဥစ္စာသယန မဟာသယန'ပြ ပါဠိတော်၌ အာသန္ဒိကို ဥစ္စာသယန၊အကြောင်းကို 'မဟာသယန'ဟု ယူ။

ခုဒ္ဒသိက္ခာဋီကာစကားကို ဆင်ခြင်သော် မသင့်ယောင် အရိပ်ထွက်၏။ ထိုတွင်–

ခြေထောက်၌ အရုပ်မပြုလုပ်သော ပမာဏာတိက္ကန္တ-မဥ္စ, ပီဌသည် 'အာသန္ဒိ'မည်၏။ ခြေထောက်၌ အရုပ်ထုလုပ်သည့်ပမာဏထက်လွန်,မလွန် အလုံးစုံသည်'ပလ္လင်္က' မည်၏။ ဤသို့ထူးသည်။

## ပါဝါရ သုံးမျိုး

ခြုံလည်းခြုံ၊ ခင်းလည်း ခင်းရသည့်ကား ပါဝါရတည်း။ ၎င်းပါဝါရသည် ဥဏ္ဏပါဝါရ၊ ကပ္ပါသပါဝါရ၊ ကောသေယျပါဝါရဟု သုံးမျိုးရှိ၏။

ထိုတွင် ဥဏ္ဏပါဝါရသည်လည်း ဥဒ္ဒလောမိ၊ ဧကန္တလောမိဟူ၍ နှစ်မျိုးရှိ၏။ ကပ္ပါသ၊ ကောသေယျတို့လည်း နည်းတူ နှစ်မျိုးစီရှိ၏။

## ကော်ဇော အပ်,မအပ်

ကော်ဇောသည်လည်း ပါဝါရနှင့် အလားတူ၏။ ထို့ကြောင့် ကင်္ခါဋီကာသစ် (၃၆၆)၌ 'ကောဇဝေါတိ ဥဒ္ဒလောမိ ဧကန္တလောမိ အာဒိကောဇဝတ္ထရဏံ' ဟု မိန့်၏။ အပ်သောအခင်းကိုပြသည်။

လက်လေးသစ်, လက်လေးသစ်ထက်လွန်သော အမွေးရှိသော ကော်ဇောကား ဂေါနက မည်၏။ မအပ်။ ထိုမှကြွင်းသော ရှည်သော အမွေး ရှိရုံမျှ ကော်ဇောကားအပ်၏။

ကောသေယျမိဿက, သုဒ္ဓကာဠကကား မအပ်၊ ဩဒါတာဒိသန္ထတကား အပ်၏။ ၎င်းကိုပင် နမတက ခေါ်၏။ ယခုအခါ၌ကား သားရေနယ်ကို ဆိုသည်။ ခါးရိုးကို ရစ်ပတ်သော ဝတ္ထကို ခေါ်သော 'နမတက' တမျိုးလည်း ရှိသေး၏။

ဂေါနကတ္ထတာနီတိ စတုရင်္ဂုလာဓိက လောမေ နကာဠကော
ဇဝေနအတ္ထတာနိ၊ ယံ မဟာပိဋ္ဌိယ ကောဇဝေါတိ ဝဒန္တိ။
(ခန္ဓဝဂ္ဂသံယုတ္တ၊ ၄၊ ၂၉၇)

### ဂေါနက စသောအခင်း

အမွေး လက်လေးသစ်ရှိ မွေးရှည်အခင်းကြီး စသည်ကို သံဃိက ကျောင်း၌လည်းကောင်း၊ ပုဂ္ဂလိက ကျောင်း၌လည်းကောင်း၊ ညောင် စောင်း အင်းပျဉ်တို့၌ ခင်း၍ မသုံးဆောင်ကောင်း၊ တရားဟော ပလ္လင် ၌ လူတို့ခင်းလျှင် ထိုင်ကောင်း၏။ မအိပ်ကောင်း။

ဂေါနကာဒိနိ သံဃိကဝိဟာရေဝါ ပုဂ္ဂလိကဝိဟာရေဝါ
မဉ္စပီဌကေသု အတ္ထရိတွာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ၊ ဓမ္မာသနေ
ပန ဂိဟိဝိကဋနီဟာရေန လဗ္ဘန္တိ၊ တတြာပိ နိပဇ္ဇိတုံ န ဝဋ္ဋတိ။
(စူဠဝဂ္ဂ၊ ၅၊ ၇၆)

### ပဝါ စသော အခင်း

မွေးဖွားပြီးသည့်မူလည်း ဖြစ်စေ၊ မမွေးဖွားရသေးသည့်မူလည်း ဖြစ်စေ၊ ဤသို့အရာတို့၌ မင်္ဂလာအကျိုးငှာ၊ တောင်းပန်အပ်သည်ရှိ သော် ပဝါ စသော အခင်းကို နင်းကောင်း၏။

မင်္ဂလတ္ထာယ ယာစိယမာနေန အပဂတဂဗ္ဘာ ဝါ
ဟောတု ဂရုဂဗ္ဘာ ဝါ၊ စေဠပေသု ဌာနေသု မင်္ဂလတ္ထာယ
ယာစိယမာနေန အက္ကမိတုံ ဝဋ္ဋတိ။ (စူဠဝဂ္ဂ၊ ၅၊ ၅၂)

### ပါသာဒ ပရိဘောဂ

ရွှေငွေ စသည်ဖြင့်ပြီးသော ကျောင်းကိုဖြစ်စေ, ကျောင်း အသုံးအဆောင်ကိုဖြစ်စေ၊ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ် သုံးမျိုးလုံးပင် အလှူ ခံခြင်းငှာ အပ်၏။

ရွှေငွေ စသည်ဖြင့် ဆန်းကြယ်စွာ ပြုအပ်သော တံခါးရွက်, ညောင်စောင်း, အင်းပျဉ်, ယပ်တောင်, ရွှေရေအိုး, ရွှေရေသောက် ခွက်, ငွေရေသောက်ခွက်, အဆန်းတကြယ်ပြုအပ်သော အသုံး အဆောင်မှန်သမျှ ပါသာဒ ပရိဘောဂဖြစ်၍ အပ်၏။

အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပါသာဒပရိဘောဂံ။
(စူဠဝဂ္ဂ၊ ၃၂၀)

သဗ္ဗံ ပါသာဒပရိဘောဂန္တိ သုဝဏ္ဏရဇတာဒိဝိစိတြာနိ
ကဝါဋာနိ မဉ္စပီဌာနိ တာလဝဏ္ဋာနိ သုဝဏ္ဏရဇတမယပါနီယ
ဃဋပါနီယ သရာဝါနိ ယံကိဉ္စိ စိတ္တကမ္မကတံ၊ သဗ္ဗံ ဝဋ္ဋတိ။
(စူဠဝဂ္ဂ၊ ၅၊ ၇၆)

မှတ်ချက်။ ။အထက်ပါ ပါဠိတော်လာ ပါသာဒပရိဘောဂ ဟူသော ပုဒ်ကို 'ပါသာ ဒေါစ ပါသာဒပရိဘောဂေါ-စာတိ ပါသာဒပရိဘောဂေါ' ကေသိသ်ကြံပါ။

## လှူနည်းသုံးမျိုး

ရွှေငွေ စသည်ဖြင့်ပြီးသော ပြောင်စောင်း အင်းပျဉ်စသော ပါသာဒပရိဘောဂကို လှူရာ၌—

(က) သံဃ, ဂဏ, ပုဂ္ဂလကို သုံးသပ်၍လှူခြင်း။

(ခ) သေနာသနပရိဘောဂအလို့ငှာ လှူခြင်း။

(ဂ) ကျောင်းအားလှူခြင်း-ဟု လှူနည်းသုံးမျိုးရှိ၏။ ထိုတွင် ပထမနည်း မအပ်။ ဒုတိယ, တတိယနည်း ၂-မျိုးသာ အပ်၏။

## ဒန်ပူ ပမာဏ

ရဟန်းတော်များ အသုံးပြုအပ်သော ဒန်ပူမှာ အဌင်္ဂုလ ပမာဏရှိရမည်။ အဌင်္ဂုလကိုလည်း ဝဍ္ဍကီအင်္ဂုလဖြင့် ယူလေ။

အဌင်္ဂုလ ပရမန္တိ မနုဿာနံ ပမာဏင်္ဂုလေန အဌင်္ဂုလ-ပရမံ။ (ဝိမတိ၊ ဒု၊ ၂၃၆)

## ကနိုတံ ပမာဏ

ကနိုတံ၏ ပမာဏကား တိုက်ရိုက်စာ မတွေ့ဖူးပေ။ ရှေးဆရာမြတ်တို့ကား-

'ဒန်ပူတဆုပ်၊ချေးသုတ်တတောင်'ဟု ဆိုရိုးထားခဲ့ကုန်သတတ်။

## ဆေးတံဆေးလိပ်

ယနေ့ အကပ်ခံ အပ်သော ဆေးတံဆေးလိပ်ကို သောက်၍ ယာဝကာလိကကို စားကောင်း၏။ အကြောင်းမှာ ယာဝကာလိကနှင့် ယာဝဇီဝိက ရောနှောသည့်အတွက် အပြစ်မရှိသောကြောင့်တည်း။

ယမန်နေ့က အကပ်ခံပြီးသော ဆေးတံဆေးလိပ်ကို ယနေ့ အာမိသ ရှိသောခံတွင်းဖြင့်သောက်ရှူလျှင် မအပ်ပေ။

ဘိက္ခု ဓူမဝဋ္ဋိံ ပဋိဂ္ဂဟေတွာ ဓူမံ ပိဝတိ၊ မုခဉ္စ ကဏ္ဍောစ မုနောသိလာယ လိတ္တော ပိယဟောတိ၊ ယာဝ-

ကာလိကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ယာဝကာလိကေန ယာဝဇီဝိကံ သံသဋ္ဌံ ဒေါသောနတ္ထိ။

(ပါစိတျာဒိ၊ ၄၊ ၁၁၀။ ဝိ၊ သင်္ဂဟ၊ ၄၊ ၁၂၂)

ပဋိဂ္ဂဟေတွာတိ တဒဟု ပဋိဂ္ဂဟေတွာ။ တေနေဝ 'ယာဝကာလိကေန ယာဝဇီဝိကံသံသဋ္ဌံ ဒေါသော နတ္ထိ'တိ ဝုတ္တံ၊ သစေ ပန ပုရိမဒိဝသေ ပဋိဂ္ဂဟေတွာ ဌပိတာ ဟောတိ၊ သာမိသေန မုခေန တဿာဝဋ္ဋတိယာ မူလံ ပိဝိတုံ န ဝဋ္ဋတိ။

(သာရတ္ထ၊ တ၊ ၇၅)

### အကြောင်းထူးမရှိက မသောက်ကောင်း

ဂေလည်းအကြောင်းမရှိပါက ဆားကိုပင် ဝိကာလအချိန်၌ မလျက်ကောင်း။ သို့ဖြစ်၍ ဆေးလိပ်ဆေးတံများမှ ဆေးချေးသည် ယာဝဇီဝိက ဖြစ်သော်လည်း ဂေလညအကြောင်းမရှိပဲ သောက်ရှူ၍ လည်မျိုအတွင်းသို့ရောက်လျှင် ဝိကာလဘောဇန အန္တရာပတ္တိဖြစ်သည့် ဒုက္ကဋ်အာပတ်မှမလွတ်နိုင်။ ဤကား ဝိနယရာသီကျမ်းလာ မိုးတားဆရာတော်၏ အဆုံးအဖြတ်တည်း။

အနုဇာနာမိ ဘိက္ခဝေ လောဏသောဝီရကံ...။ပ။ တာနိ ပဋိဂ္ဂဟေတွာ ယာဝဇီဝံ ပရိဟရိတုံ, သတိပစ္စယေ ပရိဘုဉ္ဇိတုံ၊ အသတိပစ္စယေ ပရိဘုဉ္ဇန္တဿ အာပတ္တိ ဒုက္ကဋဿ။

(ဝိ၊ မဟာဝဂ္ဂ၊ ၂၉၃)

### မိုးနံ့ကုန်းဆရာတော်၏ ခွက်မျိုးစုံဝိနိစ္ဆယ

အာဟာရကို သုံးစွဲကြရာ၌ ကြေးဖြူခွက်၊ စဉ့်ခွက်၊ ဖန်ခွက်-ဤ သုံးမျိုးလုံးကား 'ဗူးဒုံ'စသည်ကဲ့သို့ တာဝကာလိကသာ အပ်၏။ ယာဝကာလိက၊ သတ္တာဟကာလိက စသည်၌ ပကတိ အာဟာရ အတွက်ဖြစ်မူ ကပ္ပိယခွက် သုံးမျိုးသာ အပ်၏။ နှီးခွက်၊ အုံးခွက်၊ သစ်သားခွက် စသည်မအပ်။ ကွမ်းစသောဝတ္ထု၌ သခေပ အာဟာရ အတွက်ဖြစ်မူ နှီးခွက်၊သစ်သားခွက်အပ်၏။ အထက်ဖော်ပြပါ ကြေးဖြူ ခွက် စသည်လည်း အပ်၏။ သုံးသပ်အပ်သော ခွက်မျိုး အပ်၏။

(တိပေဋကဝိနိစ္ဆယ)

## ပက္ခပဏ္ဍုက် ရဟန်းဖြစ်, မဖြစ်

ပက္ခပဏ္ဍုက်သည် ပဏ္ဍုက်ဖြစ်ခိုက် ဥပသမ္ပဒကံ၏ ဝတ္ထုမဟုတ်၊ ပဏ္ဍုက်မဖြစ်သောအခိုက် ဥပသမ္ပဒကံ၏ ဝတ္ထုဖြစ်၏။ အကယ်၍ ပဏ္ဍုက်မဖြစ်သောအခိုက် ပဉ္စင်းခံပြီး၍ ပဏ္ဍုက်ဖြစ်ပြန်လတ်မူ ထိုသူသည် သိက္ခာသာဇီဝသမာပန္န မဟုတ်သဖြင့် သိက္ခာမရှိခြင်းကြောင့် မေထုနသံဝါသကို ပြုအံ့။ ပါရာဇိကာ အာပတ်မသင့်။

> ပက္ခပဏ္ဍကော အပဏ္ဍကပက္ခေ ဥပသမ္ပန္နော ပဏ္ဍကပက္ခေ မေထုနံ ဓမ္မံ ပဋိသေဝန္တော သော ပါရာဇိကံ အာပတ္တိံ နာပဇ္ဇတီတိ န ပါရာဇိကောနာမ၊ နဟိ အဘိက္ခုနော အာပတ္တိနာမ အတ္ထိ။ (ဝဇိရ၊ ၁ဝ၉)

## ပါရာဇိကကျသူ ရှင်ပြုခွင့်ရ

သိက္ခာချပြီး၍ ရဟန်းအသွင်တည်သော သိက္ခာပစ္စက္ခာတက ပုဂ္ဂိုလ်သည် ရှင်သာမဏေအဖြစ်ဖြင့် နေလိုပါမူ လက်ရှိအသွင်ဖြင့်သာ သရဏဂုံယူ၍ ရှင်သာမဏေ ဖြစ်နိုင်၏။

ပါရာဇိက ကျပြီးသော အန္တိမဝတ္ထုအဇ္ဈာပန္နက ပုဂ္ဂိုလ်သည် သံဝါသကို မသာယာမူ၍ သာမဏေအဖြစ်ကို တောင့်တခဲ့သော် လက်ရှိအသွင်ဖြင့်သာ သရဏဂုံယူ၍ ရှင်သာမဏေဖြစ်နိုင်၏။ ထပ်မံ၍ သင်္ကန်း ဝတ်ဆင်စေဖွယ်မလို။ အကြောင်းမှာ ရဟန်းတို့က ရှေးဦးပေးအပ်ပြီး အသွင်၌သာ တည်ရှိသောကြောင့်တည်း။

> သိက္ခံပစ္စက္ခာယ ဘိက္ခုလိင်ေ ဌိတော သိက္ခာ ပစ္စက္ခာတကော၊ သော သကာသာဝေသု သာပေက္ခတ္တာ သာမဏေရဘာဝံ ပတ္ထယမာနော တေနေဝ လိင်ေန်တီဟိ သရဏဂမနေဟိ သာမဏေရော ဟောတိ။
>
> အန္တိမဝတ္ထုံ အဇ္ဈာပန္နော သံဝါသံ သာဒိယန္တော ပိ ပစ္ဆာပုဗ္ဗေ ဝုတ္တက္ကမေန အသာဒိယိတွာ သာမဏေရဘာဝံ ပတ္ထယမာနော သိက္ခာပစ္စက္ခာတကောဝိယတီဟိ သရဏဂမနေဟိ သာမဏေရောဟောတိ၊ နပုနကာသာဝံပဋိဂ္ဂါဟာပေတဗ္ဗော ဘိက္ခုဟိ ပဌမံ ဒိန္နလိင်ေယေဝ ဌိတတ္တာ။ (ဝဇိရ၊ ၁ဝ၃)

## ပါရာဇိကကျလျှင် သရဏဂုံပါပျက်

ပါရာဇိကကျသောပုဂ္ဂိုလ်၌သရဏဂုံအစရှိသော ရှင်သာမဏေ အဖြစ် ပျက်စီး၏။ ထို့ကြောင့် ကျောင်းကိုယူခွင့် ပျယ်ပြယ်သည့်အပြင် သံဃာ့လာဘ်ကိုပင် မရထိုက်ဟု မှတ်။

ပါရာဇိကကျသူမှာ သရဏဂုံပျက်သည်။ သိက္ခာချသူမှာသရဏဂုံ မပျက်ဟု စံကျောင်းဆရာတော်လည်း ဝိနိစ္ဆယ ပြုခဲ့ပြီး။

> ဥပသမ္ပန္နာနံပိ ပါရာဇိကသမာပတ္တိယာ သရဏဂမနာဒိ သာမဏေရဘာဝေါ ဝိနဿတေ၀ သေနာသနဂ္ဂါဟော စ ပဋိပ္ပဿမ္ဘတိ၊ သံဃလာဘမ္ပိ တေန လဘန္တိ ဝေဒိတဗ္ဗံ။
>
> (ဝိမတိ၊ ဒု၊ ၁၁၇)

## အမှုရှုံးသော ပါရာဇိက ရဟန်း

ပါရာဇိက ကျပြီးသော ပုဂ္ဂိုလ်သည် အာပတ်ဖြင့် စောဒနာခံ ရ၍ အမှုရှုံးသောအခါ သာမဏေအဖြစ်ဖြင့် နေလိုပါက လူဝတ်လဲ စေပြီးမှသာ ရှင်ပြုပေးရမည်။

> ယော ပန ပါရာဇိကော စောဒိယမာနော ပရာဇိတွာ ‘ဟန္ဒ ဘန္တေ သာမဏေရော ဘဝါမိ သရဏာနိ ဒေထာ’ တိ ဝဒတိ ‘သာဓု ဂဏှာဟီ’ တိ နဝတ္တဗ္ဗော၊ ဂိဟိလိင်္ဂံ ဌပေတွာ ပုန ကာသာယာနိပဋိဂ္ဂါဟာ ပေတွာ ပဗ္ဗာဇေတဗ္ဗော။
>
> (ဝဇိရ၊ ၁၀၃)

## ပါရာဇိက ကျပြီး ပုဂ္ဂိုလ် ‘ဘိက္ခု’ မည်ပုံ

အန္တိမဝတ္ထုကို လွန်ကျူး၍ ပါရာဇိက ကျပြီး ပုဂ္ဂိုလ်သည် ‘ဘိက္ခု’ဟု ဝန်ခံနေသမျှ ကာလပတ်လုံး ဝေါဟာရ ရဟန်း ဖြစ်၏။ ကမ္မဝါစာဖြင့် ရသော ရဟန်း မဟုတ်၊ အာမိသဓမ္မသမ္ဘောဂ မထိုက်။

> ယာဝ စ တေသံ ဘိက္ခု ပဋိညာ အနုဝတ္တတိ၊ တာဝ ဘိက္ခုဧဝ။ (ဝိမတိ၊ ပ၊ ၁၂၈)

## ရဟန်းအသွင်ရှိသူ ကမ္မဝါစာဖတ်သော် ကံမပျက်

ရဟန်းအသွင်ရှိ ရဟန်းဖြစ်ဖူးသူ ကမ္မဝါစာဖတ်ရာ၌ သံဃာက ရဟန်းအမှတ်ရှိနေလျှင် ကံမပျက်ဟု ဥပတိဿထေရ် မိန့်ဆိုသည်။

လူစသည်တို့ ကမ္ဗလ(ကမ္ဗဝါစာ) ဖတ်သော်လည်း ကံမပျက်ဟု ဝဇိရ ဗုဒ္ဓိဆရာ ဆိုသည်။ ထိုတွင် ရှေ့ဝါဒသည် ယုတ္တတရ ဟု ဆရာတို့ မိန့်ဆိုကြ၏။

ဥပသမ္ပန္နပုဗ္ဗာဝေ စေ ကမ္မဝါစံ သာဝေတိ၊ သံဃော စ တသ္မိံ ဥပသမ္ပန္နသညီ၊ ဧဝဥ္စ ကမ္မံ ရုဟတိ။

ဂဟဋ္ဌောဝါ တိတ္ထိယောဝါ ပဏ္ဍကောဝါ။ ပ။ သံဃ-ပရိယာပန္နေန သံဃပရိယာပန္နသညိတေန ဝါ စေကေန ဝုတ္တာ သံဃေန ဝုတ္တာဝ ဟောတီတိဝေဒိတဗ္ဗော။

(ဝဇိရ၊ ၁၀၉)

သရဏဂုံ ပီသအောင် ထောက်ပေးမှု

(က) ရှင်လောင်းကို သရဏဂုံ ချပေးရာ၌ ကျွမ်းကျင်သော ရှင်သာမဏေက အနီးမှ ထောက်ပေးလျှင် မဟာထေရ် မဆို အပ်သည်ကို ဆိုစေသောကြောင့် မအပ်။

(ခ) မဟာထေရ်က ပီသစွာ ချပေးသည်ကို လိုက်ဆိုခြင်းငှာ မစွမ်းနိုင်သော ရှင်လောင်းကို ရှင်သာမဏေတပါးပါး က မိမိကိုယ်တိုင်ဆို၍ လိုက်ဆိုစေရာ၌ မဟာထေရ် ဆို အပ်သည်ကိုသာ ဆိုသောကြောင့် ဥပတောသုဒ္ဓိ ဖြစ် သည်သာတည်း။

အထက်ပါ စကားနှစ်ရပ်၌ ပိဏ္ဍတ္ထကား-

ရှင်လောင်းကို ပီသအောင် မည်သူမဆို ထောက်ပေးသော်လည်း ဥဘတောသုဒ္ဓိ ဖြစ်မှု အပ်၏။ ထောက်သည် ဖြစ်စေ၊ မထောက်သည် ဖြစ်စေ မဟာထေရ်နှင့် ရှင်လောင်းနှစ်ဦးတွင် တဦးဦး မပီသခဲ့သော် မအပ်ဟု သန္နိဋ္ဌာန် ကျမှတ်လေ။

(က) မဟာထေရော ပတိတဒန္တာဒိ ကာရဏတာယ အစတု-ရသံ ဝဒတိ၊ ပဗ္ဗဇ္ဇာပေက္ခံ ဗျတ္တံ ဝဒါပေတိ၊ မဟာ-ထေရေန အဝုတ္တံ ဝဒါပေတီတိ နဝဋ္ဋတိ။

(ခ) အထ ထေရေန စတုရသံ ဝုတ္တံ ပဗ္ဗဇ္ဇာ ပေက္ခံ ဝတ္တုံ အသက္ကောန္တံ သာမဏေရော သယံ ဝတွာ ဝဒါပေတိ၊ ဥဘတောသုဒ္ဓိဝေ ဟောတိ၊ ထေရေန ဝုတ္တဿေဝ ဝုတ္တတ္တာ။ (ဝဇိရ၊ ၄၁၂)

မြန်မာ့ ... စာကြည့်တိုက်

### တာဝကာလိက ကျွန်ကို ရှင်ပြု မပေးရ

အရှင်သခင်တို့က 'ဤသူကို ရှင်ပြုပေးကြပါ၊ အကယ်၍ ရှင်ဘဝ၌ ဖမ္မလျော် ပျော်ပိုက်နေပါက ကျွန်မဟုတ်ပါ၊ လူထွက်ခဲ့ပါမူ အကျွန်ုပ်တို့၏ ကျွန်ပင်ဖြစ်ပါပေအံ့'ဟု ကျွန်ကို ရှင်ပြုကြစေအံ့သော် တာဝကာလိက ဖြစ်သောကြောင့်မအပ်၊ ရှင်ပြုမပေးရ။

> သာမိကာ ဒါသံ ဒေန္တိ 'ဣမံ ပဗ္ဗာဇေထ၊ သစေအဘိရမိဿတိ၊ အဒါသော။ ဝိဗ္ဘမိဿတိစေ, အမှာကံဒါသောဝ ဘဝိဿတီ'တိ၊ အယံ တာဝကာလိကောနာမ၊ တံ ပဗ္ဗာဇေတုံ နဝဋ္ဋတီတိ ကုရုန္ဒိယံ ဝုတ္တံ။ (ပါစိတျာ၊ ၅၊ ၂၀၃)
>
> တာဝကာလိကော နာမာတိ ဝုတ္တတ္တာ ကာလပရိစ္ဆေဒံ ကတွာ ဝါ ပစ္ဆာပိ ဂဟေတုကာမတာယ ဝါ ဒိန္နံ၊ သဗ္ဗံ တာဝကာလိကမေဝါတိ ဂဟေတဗ္ဗံ။ (ဝိမတိ၊ ဒု၊ ၁၁၁)

### သာမဏေရ ပဗ္ဗဇ္ဇအခန်း

သာမဏေရပဗ္ဗဇ္ဇအရာ၌ ဆရာမြတ်တို့ကား ခဏ္ဍသိမ်အတွင်း၌ ရှင်လောင်း ဆံရိတ်ခြင်းကို ပြုစေကုန်၏။ ဘဏ္ဍာကမ္မာရောစနအတွက် ချမ်းသာ၏။

သရဏဂုံ ပေးရာ၌ (က) အနုနာသိကန္တ (နိဂ္ဂဟိတန္တ) (ခ) မကာရန္တ ဟု နှစ်မျိုးရှိ၏။

ထိုတွင် အနုနာသိကန္တ၌ နိဂ္ဂဟိတ၏ မိုရာ အက္ခရာ၏ ဌာန်သံ မပေါ်လှင်စေမူ၍ စဉ်းငယ်ဖွင့်အပ်သော ခံတွင်းဖြင့် နှာခေါင်းသံပါအောင် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ဟု တစပ်တည်းပြု၍ ရွတ်ဆိုရမည်။ နိဂ္ဂဟိတ်နှင့် တွဲဖက် သရဗျည်းတို့အကြား မပြတ်စေပဲ တစပ်တည်း ဖြစ်ခြင်းကို ဧကသမ္ဗန္ဓ ဟုဆိုသည်။

မကာရန္တ၌ 'မ်' အသတ်သည် ဩဋ္ဌဌာန်ဖြစ်၍ ဟိန္ဒူသံကဲ့သို့ ဩဋ္ဌဌာန ပေါ်အောင် နှုတ်ခမ်းချင်းထိပိတ်လျက် 'ဗုဒ္ဓ–မ်, သရဏ–မ် ဂစ္ဆာမိ' ဟု ဖြတ်၍ ရွတ်ဆိုရမည်။ ဌာန်ပေါ်အောင် ရွတ်ဆိုခြင်းကိုပင် ဝိစ္ဆိန္ဒိတွာ (ဖြတ်ရွတ်) ဟုဆိုလိုသည်။

> ဣမာနိ စ ပန ဒဒမာနေန 'ဗုဒ္ဓံသရဏံဂစ္ဆာမိ' တိ ဧဝံ ဧကသမ္ဗန္ဓာနိ အနုနာသိကန္တာနိ ကတွာ ဒါတဗ္ဗာနိ။

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' တိ ဝေ ဝိစ္ဆိန္ဒိတွာ မကာရန္တံ ကတွာ ဒါတဗ္ဗာနိ။ (ပါစိတျာ၊ ၄၅၊ ၂၅၁)

အနုနာသိကန္တံ ကတွာ ဒါနကာလေ အန္တရာဝိစ္ဆေဒံ အကတွာ ဒါတဗ္ဗာနီတိ ဒဿေတုံ 'ဧကာဗန္ဓာနိ' တိဝုတ္တံ။ (သာရတ္ထ၊ တ၊ ၂၀၃။ ဝိမတိ၊ ဒု၊ ၉၅)

ရှင်ပြုခြင်း အင်္ဂါ ၃-ပါး

ရှင်ပြုခြင်း၌ အင်္ဂါ ၃-ပါးရှိ၏။ အင်္ဂါ ၃-ပါးကား—

(၁) ဆံရိတ်ခြင်း

(၂) သင်္ကန်းဝတ်ခြင်း

(၃) သရဏဂုံပေးခြင်း-ဟူ၍ သုံး မျိုး တည်း။

ထိုတွင် နောက်နှစ်မျိုးကို ရဟန်းတို့ကသာ ပြုအပ်, ပြုစေအပ်၏။

ကေသစ္ဆေဒန ကာသာယစ္ဆာဒန သရဏဒါနာနိ ပဗ္ဗဇ္ဇာ နာမ။ (ဝိမတိ၊ ဒု၊ ၉၄။ ဝိ၊ ဝိနိစ္ဆယ၊ ဋီ၊ ၁၃၀)

တေသု ပစ္ဆိမဒွယံ ဘိက္ခုဟိ ဧဝကာတဗ္ဗံ ကာရေတဗ္ဗံဝါ။ (ဝိမတိ၊ ဒု၊ ၉၄)

ရှင်ဖြစ်စ အဆုံးအမ ပေးရန်

ရှင်ဖြစ်စ၌ လိင်, ဒဏ်, သေခိယ, ဝတ္တက္ခန္ဓက, လောကဝဇ္ဇ သိက္ခာပုဒ် နှစ်နှစ်နောနော သဘောမိအောင် ဆုံးမသားရမည်။

သဗ္ဗမသ ကပ္ပိယာကပ္ပိယံ အာစိက္ခိတဗ္ဗံ နိပါသနပါရု- ပနာဒိသု အာဘိသမာစာရိကေသု ဝိနေတဗ္ဗော။ (ပါစိတျာ၊ ၄၅၊ ၂၅၂)

သဗ္ဗမသ ကပ္ပိယာကပ္ပိယံ အာစိက္ခိတဗ္ဗန္တိ ဒသ သိက္ခာပဒ ဝိနိမုတ္တံ ပရာမာသာပရာမာသံ။ (ဝဇိရ၊ ၄၁၂။ သာရတ္ထ၊ တ၊ ၂၀၃)

အာဘိသမာစာရိကေသု ပိနေတဗ္ဗောတိ ဣမိနာသေခိယ ဝတ္တက္ခန္ဓကဝတ္တေသု အညေသု စ သုက္ကဝိဿဋ္ဌိအာဒိလောကဝဇ္ဇ

သိက္ခာပဒေသု သာမဏေရေဟိ ဝတ္တိတဗ္ဗံ၊ တတ္ထအဝတ္တမာနော အလဇ္ဇီ ဒဏ္ဍကမ္မာရဟောစ ဟောတီတိ ဒဿေတိ။

(ဝိမတိ၊ ဒု၊ ၆၅)

## လူနှင့် သာမဏေ

လူတို့မှာ သိက္ခာပုဒ် တပါးပါးကို လွန်ကျူးလျှင် ထိုလွန်ကျူးသော သိက္ခာပုဒ်သာ ပျက်၏။ သိက္ခာပုဒ်အားလုံး မပျက်။

သာမဏေတို့မှာကား သိက္ခာပုဒ်အားလုံး ပျက်၏။ လိင်ထိုက်သော သိက္ခာပုဒ်ကို လွန်ကျူးလျှင် တဖန် သိက္ခာပုဒ် ဆောက်တည်ရမည်။ ဒဏ်ထိုက်သော သိက္ခာပုဒ်ကို ကျူးလွန်ရာ၌ကား၊ အာယတိံ သံဝရ အကျိုးငှာ ဒဏ်ပေးရမည်။ သိက္ခာပုဒ် ဆောက်တည်ဖွယ်မလို။

ဂဟဋ္ဌာ ယံယံ ဝီတိက္ကမန္တိ၊ တံတဒေဝစ္ဆိဇ္ဇံဟောတိ၊ ဘိဇ္ဇတိ၊ အဝသေသံ န ဘိဇ္ဇတိ၊ ကသ္မာ ဂဟဋ္ဌာ ဟိအနိဗဒ္ဓသီလာဟောန္တိ၊ ယံယံ သက္ကောန္တိ၊ တံတဒေဝဂေါပေန္တိ။ သာမဏေရာနံ ပန ဧကသ္မိံ ဝီတိက္ကမန္တေသဗ္ဗာနိ ဘိဇ္ဇန္တိ၊ နကေဝလဉ္စ ဧတာနိ၊ သေသသီလာနိပိ ဘိဇ္ဇန္တိယေဝ။ တေသံ ပန ဝီတိက္ကမောဒဏ္ဍကမ္မဝတ္ထုကော၊ ပုန ဧဝရူပံ န ကရိဿာမီတိ ဒဏ္ဍကမ္မေ ကတေ သီလံ ပရိပုဏ္ဏံဟောတိ။

(သမ္မော၊ ၄၊ ၁၆၈)

ယာနိ ပနဿ ဣတရာနိ ပဉ္စသိက္ခာပဒါနိ၊ ဧ တေသု ဘိန္နေသု န နာသေတဗ္ဗော၊ ဒဏ္ဍကမ္မံကာတဗ္ဗံ၊ သိက္ခာပဒေ ပန ပုန ဒိန္နေပိ အဒိန္နေပိ ဝဋ္ဋတိ၊ ဒဏ္ဍကမ္မေန ပန ပီဠေတွာ အာယတိံသံဝရေ ဌပနတ္ထာယ ဒါတဗ္ဗံ။

(ဝိ၊ သင်္ဂဟ၊ ၄၊ ၁၆၁)

## ကိုရင်များ ဝါစဉ်အလိုက် အရိုအသေ ပြုသင့်ပုံ

ကိုရင်များသည် တဖန် သရဏဂုံ ပြန်၍ယူရပါမူ သရဏဂုံယူသည်မှ ရှေ့အဖို့၌ မိမိအောက်ငယ်သော ကိုရင်ကိုလည်းကောင်း၊ ဝါတူ ကိုရင်ကိုလည်းကောင်း ရှိခိုးခြင်း စသည်ကို ပြုရမည်။ ဤသာမဏေ အဖြစ်၌ အသွင်သည် ကြီးမြတ်သည်၏ အဖြစ်ကို မပြီးစေနိုင်ဟု ဆိုသောကြောင့် ကိုရင်များ ဝါစဉ်အလိုက် အရိုအသေပြုရမည်။

သာမဏေရာနံ ဟိ သရဏဂမနံ ဘိက္ခူနံ ဥပသမ္ပဒကမ္မဝါစာသဒိသံ။ (ပါစိတျာ၊ ဋ္ဌ၊ ၂၉၆)

ဘိက္ခူနံ ဥပသမ္ပဒကမ္မဝါစာသဒိသန္တိ ယထာ ဥပသမ္ပန္နော သိက္ခံပစ္စက္ခာယ ယထာနိဝတ္တပါရုပေါ ဝဟုတွာ ပစ္ဆာဥပသမ္ပန္နော ပုဗ္ဗေအတ္တနော နဝကတရာယ သမာနဝဿိကာယ ပုန ဝန္ဒနာဒီနိကရောတိ၊ ဧဝံသာမဏေရောပိ ပုနဂဟိတသရဏော, တတောပုဗ္ဗေအတ္တနော နဝကတရာယ သမာနဝဿိကာယ သာမဏေရာယ ပုန ဝန္ဒနာဒီနိ ကရောတိ၊ လိင်္ဂေ ပနေတ္ထ ဝုဍ္ဍတရဘာဝံ န သာဓေတီတိ ဝုတ္တံဟောတိ။

(ဝဇိရ၊ ၄၂၈)

## ကိုရင်များ ဝါကပ်ရပုံ, ကထိန်အကျိုးရပုံ

သာမဏေများသည် ရဟန်းများကဲ့သို့ပင် ဝါဆို, ဝါကပ်ရမည်။ သာမဏေများလည်း ကထိန်အကျိုး ရကုန်၏။

ပစ္ဆိမိကာယ ဥပသမ္ပန္နော ပဌမပဝါရဏာယ ပဝါရေတုမ္ပိ လဘတိ၊ ဝဿိကော စ ဟောတိ၊ အာနိသံသဉ္စ လဘတီတိ သာမဏေရာနံ ဝဿူပဂမနံ အနုညာတံဟောတိ၊ သာမဏေရာ-ကထိနာနိသံသံ လဘန္တီတိ ဝဒန္တိ။ (ဝဇိရ၊ ၄၈၉)

## မောဃ ပုရိသ

မဂ်ဖိုလ်၏ ဥပနိဿယ မရှိသူကို 'မောဃပုရိသ' ဟု ခေါ်တော်မူ၏။ ဥပနိဿယပင် ရှိသော်လည်း ထိုခဏ၌ မဂ်ဖိုလ် မရှိသေးလျှင်လည်း ထိုပုဂ္ဂိုလ်ကို 'မောဃပုရိသ' ဟုပင် ခေါ်တော်မူ၏။

ယဿတသ္မိံ အတ္တဘာဝေ ဥပစ္ဆိန္နာရဟာနံ မဂ္ဂဖလာနံ ဥပနိဿယောနတ္ထိ၊ တံဗုဒ္ဓါ (မောဃပုရိသာ,တိ) ဝဒန္တိ၊ အရိဋ္ဌ လာဠုဒါယီ အာဒိကေ ဝိယ။

ဥပနိဿယေ သတိပိ တသ္မိံ ခဏေ။ မဂ္ဂေဝါ မလေဝါ အသတိ 'မောဃပုရိသာ'တိ ဝဒန္တိယေဝ ဓနိယဥပသေနတ္ထေရာဒိကေ ဝိယ။ (သာရတ္ထ၊ ဒု၊ ၂၂)

## စိတ်ဖြင့် လွန်ကျူးက သီလမပျက်

ပါတိမောက္ခသံဝရသီလသည် စိတ်ဖြင့် လွန်ကျူးရုံမျှဖြင့် မပျက်စီးပေ။

န ဟိ စိတ္တုပ္ပါဒမတ္တေန ပါတိမောက္ခသံဝရသီလံဘိန္နံနာမ ဟောတိ။ (သာရတ္ထ၊ ဒု၊ ၆၂)

## အဓိသီလ အဓိပညာ

ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလများသည်လည်း မဂ်၏အကြောင်းဖြစ်ခြင်းကြောင့် 'အဓိသီလ' မည်၏။

ကမ္မဿကတာပညာသည်လည်း မဂ်၏အကြောင်း ဖြစ်ခြင်းကြောင့် 'အဓိပညာ' မည်သည်ပင်။

ပဉ္စသီလာဒိမတ္တေ ဌိတာနဥ္စ အနာဂတပိဋကာဒီနံ ဂဟဋ္ဌာနမ္ပိ မဂ္ဂေါ ဥပ္ပဇ္ဇတိ။ (ဝိမတိ၊ ပ၊ ၁၃၀)

ကမ္မဿကတာပညာ အဓိပညာတိပိ ဝဒန္တိ။ (သာရတ္ထ၊ ဒု၊ ၆၃)

တဒိတရာသံ ဟိ ရတနတ္တယာနုဿရဏာဒိ ပညာနမ္ပိ မဂ္ဂ ဟေတုတာယ အဓိပညတာ သမာနာဝါတိ ဂဟေတဗ္ဗံ။ (ဝိမတိ၊ ပ၊ ၁၃၂)

## ပစ္စေကဗုဒ္ဓါတို့၏ ဒေသနာ

အသျှင်ပစ္စေကဗုဒ္ဓါတို့သည် တပါးသော သတ္တဝါတို့အား နိဗ္ဗာန်တိုင်ပေါက် အသိဉာဏ်ရောက်အောင် တရားဟောတော်မမူနိုင်ကြပေ၊ နောင်အချိန်၌ ဝါသနာဘာဂီမျှကိုသာ ဖြစ်စေရန် ဟောပြောတော်မူကြ၏။

အာယတိံ ဝါသနာယပေတုံ ပန သီလစိတ္တံ တေပိ ဒေသေန္တိယေဝ။ (ဝိမတိ၊ ပ၊ ၁၃၁)

## စုဒ္ဒသဝတ်နှင့် အသီတိဝတ်

စုဒ္ဒသဝတ်ကို ထိုက်သည်အားလျော်စွာ အခါခပ်သိမ်း ကျင့်အပ်၏။ အသီတိဝတ်တို့ကိုကား အခါခပ်သိမ်း ကျင့်ဖွယ်မလို၊ တဇ္ဇနီယကံ စသည် ပြုအပ်သောအခါ၌သာ ကျင့်အပ်၏။

စုဒ္ဒသ ခန္ဓကဝတ္တာနိ နာမ ဝတ္တက္ခန္ဓကေ ဝုတ္တာနိ အာဂန္တုကဝတ္တံ အာဝါသိက။ ပ။ ဣမာနိ စုဒ္ဒသဝတ္တာနိ၊ ကတော အညာနိ ပန ကဒါစိ တဇ္ဇနီယကမ္မကတာ ဒိကာလေ ယေဝ စရိတဗ္ဗာနိ ဒွေ အသီတိ မဟာဝတ္တာနိ၊ နသဗ္ဗာသု အဝတ္ထာသု စရိတဗ္ဗာနိ။ (သာရတ္ထ၊ ဒု၊ ၃၅)

ဒွေ အသီတိ မဟာဝတ္တာနိ ပန တဇ္ဇနီယကမ္မကတာဒိကာလေ ယေဝ စရိတဗ္ဗာနိ၊ န သဗ္ဗဒါ။ (ဝိမတိ၊ ပ၊ ၁၀၅)

## ဝါကျွတ် မကျွတ်

သီတင်းကျွတ် လပြည့်ကျော် (၁)ရက်နေ့မှသာ မုချ ဝါကျွတ်သည်။ လပြည့်နေ့၌ သတ္တာဟကိစ္စ အကြောင်းကင်းလျက် မသွားကောင်း၊ ဝဿစ္ဆေဒ နှင့် ဒုက္ကဋ်အာပတ် သင့်သေး၏။ လပြည့်နေ့ကား ဉပစာအားဖြင့်သာ ဝါကျွတ်သည်။

ပုရိမိကာယ ဉပဂတာ မဟာပဝါရဏာယ ပဝါရိတာ ပါဋိပဒ ဒိဝသတော ပဋ္ဌာယ 'ဝုတ္ထဝဿာ'တိ ဝုစ္စန္တိ။ (ဝိမတိ၊ ပ၊ ၁၆၃)

မဟာပဝါရဏာဒိဝသေ ပဝါရေတွာ ဝါ အပ္ပဝါရေတွာ ဝါ အညတ္ထ ဂစ္ဆန္တေဟိ သတ္တာဟကရဏီယနိမိတ္တေသတိ ဧဝ ဂန္တဗ္ဗံ၊ နာ သတိ။ ဣတရထာ ဝဿစ္ဆေဒေါ ဒုက္ကဋဉ္စဟောတီတိ ဝေဒိတဗ္ဗံ။ (ဝိမတိ၊ ပ၊ ၁၆၃-၄)

ပဝါရဏာဒိဝသဿ အရုဏုဂ္ဂမနတော ပဋ္ဌာယ အပ္ပဝါရိတာပိ 'ဝုတ္ထဝဿာ'တိ ဝုစ္စန္တိ။ (သာရတ္ထ၊ ဒု၊ ၁၁၆)

ကေနစိ အန္တရာယေန အပ္ပဝါရိတာပိ၊ ဝုတ္တဝဿာ ဣစ္စေဝ ဝုစ္စတိ။ (သာရတ္ထ၊ ဒု၊ ၁၁၆)

ကေနစိ အန္တရာယေန အပ္ပဝါရိတာ နပ္ပိ ဝုတ္ထဝဿတ္တာ။ (ဝိမတိ၊ ပ၊ ၁၆၅)

ပဝါရဏာဒိဝသဿ အရုဏုဂ္ဂမန သမနန္တရမေဝ 'ဝုတ္ထဝဿာ'တိ ဝုစ္စန္တိ၊ ဉက္ကံသနယေန ပါဋိပဒဒိဝသတော ပဋ္ဌာယာတိ ဝုတ္တံ။ (ဝဇိရ၊ ၁၂၀)

ပဝါရဏာက္ခန္ဓက၊ ၄။ ကထိနက္ခန္ဓက၊ ၅၊ ဋီကာအစုံတို့ကို ထောက်ဆ၍ မုချဥပစာ ဝါကျွတ်ပုံ ခွဲခြား၍ယူလေ။

(အာစရိယဝါဒ)

### နှစ်ကျောင်း၌ ဝါဆိုထိုက်ပုံ

ကောသိမ နာနုပစာရနာနာလာဘ ကျောင်းတိုက်တို့၌ နှစ်ကျောင်းဝါဆိုထိုက်၏။ အရှင်ဥပနန္ဒဝတ္ထုကိုထောက်လေ။

သတ္တာဟာဝါရေန အရုဏမေဝ ဥဋ္ဌာပေတိတိ ဣဒံနာနာသီမဝိဟာရေသု ကတ္တဗ္ဗနယေန ကောသိမ္ဗိ ပိ ဝိဟာရေ ဒွိသု သေနာသနေသု နိဝုတ္တဘာဝဒဿနတ္တံဝုတ္တံ၊ အဂုဏှဋ္ဌာပနေနေဝတတ္ထဝုတ္ထော ဟောတိ။ (ဝိမတိ၊ ဒု၊ ၂၀၀)

### သုံးပါးလည်း သံဃာပင်

ရဟန်းသုံးပါးပြုအပ်သော ကံသည် သံဃာပြုအပ်သည်နှင့် တူ၏ဟူ၍ ဆိုအပ်သောကြောင့် ဝိနယဒေသနာနည်းအားဖြင့် သုံးပါးလည်း သံဃာ မည်သေး၏။

ဧကေန ပရိယာယေန တယောဇနာ ဝိနယ ပရိယာယေနပိ 'သံဃော'တိ ဝုတ္တာ။ (ဝဇီရ၊ ၁၂၀)

### သာမဏေများလည်း သံဃာပင်

အလ္လုဒါနအရာ၌ လာဘ်ကိုခွဲ၍ အောက်ထစ်ဆုံး ရဟန်းတစ်ပါးတည်းသည်လည်းကောင်း၊ သာမဏေသည် လည်းကောင်း 'သံဃာ' မည်၏။

လာဘံ ပန ဥပါဒါယ အန္တမသော ဧကောပိ အနုပသမ္ပန္နောပိ'သံဃော'တိသင်္ချံ ဂစ္ဆတိကိရ။ (ဝဇီရ၊၁၂၀)

### သူတပါးပစ္စည်းဖျက်ဆီးရာ ဝိနိစ္ဆယ

(၁) သူတပါး၏ ပစ္စည်းကိုဖျက်ဆီးလျှင် ထိုပစ္စည်း၏ တန်ဖိုးကို သော်လည်းကောင်း၊ ဘဏ္ဍာစားကိုသော် လည်းကောင်း ပေးရမည်။

ဘဏ္ဍဒေယျံ နာမ ယံ ပရဿနဋ္ဌံ၊ တဿမူလံ ဝါ တဒေဝ-ဝါဘဏ္ဍံ ဒါတဗ္ဗန္တိအတ္ထော။

(ပါရာ၊ ၄၊ ပ၊ ၂၇၈)

(၂) သူတပါး၏ ပစ္စည်းကို တိုက်ရိုက်မဖျက်ဆီး။ သို့ရာတွင် ပျက်စီးကြောင်း ပြုလုပ်၍ ထိုပစ္စည်း ပျက်စီးခဲ့သော် ဘဏ္ဍာစားပင်ဖြစ်၏။ ပစ္စည်းရှင်က အလျော်တောင်း လတ်သော် မပေးသောရဟန်းအား ပစ္စည်းရှင် ဓုရနိက္ခေပပြုက ပါရာဇိက။

ဘဏ္ဍဝိနာသန ဒွါရဿ ပန ကတတ္တာ ဘဏ္ဍဒေယျံ ဟောတိ၊ အာဟရာပေန္တေသု အဒဒတော သာမိကာနံ ဓုရနိက္ခေပေန ပါရာဇိကံ။

(ပါရာ၊ ၄၊ ပ၊ ၂၇၉)

(၃) သူတပါး၏ပစ္စည်းကို ခွဲပစ်အံ့၊ သွန်ပစ်အံ့၊ မီးရှို့ပစ်အံ့၊ သုံးစွဲမရအောင် ဖျက်ဆီးပစ်အံ့၊ ဌာနာစာဝနမရှိသောကြောင့် ဒုက္ကဋ်အာပတ်သင့်၏။

ဘိန္ဒတိ ဝါ ဆဍ္ဍေတိ ဝါ ဈာပေတိ ဝါ အပရိဘောဂံ ဝါ ကရောတိ။ အာပတ္တိ ဒုက္ကဋဿ။ (ပါရာဇိက၊ ၅၉)

အပရိဘောဂံ ဝါ ကရောတီတိ အခါဒိတဗ္ဗံ ဝါ အပါ-တဗ္ဗံ ဝါ ကရောတိ၊ ဥစ္စာရံ ဝါ ပဿာဝံ ဝါ ဝိသံ ဝါ ဥစ္ဆိဋ္ဌံ ဝါ ကုဏပံ ဝါ ပါတေတိ၊ အာပတ္တိ ဒုက္ကဋဿာတိ ဌာနာစာဝနဿ နတ္ထိတာယ ဒုက္ကဋံ။ (ပါရာ၊ ၄၊ ပ၊ ၂၇၉)

(၄) ဌာနာစာဝနဖြစ်၍ ဖျက်ဆီးလိုစိတ်ရှိလျှင် ဘဏ္ဍာစားပေးရမည်။ ထေယျစိတ်ရှိလျှင် ပါရာဇိကသာ ဖြစ်သင့်၏။

ဝိနာသေတုကာမတာယ ဘဏ္ဍဒေယျံ၊ ထေယျစိတ္တေန ပါရာဇိကန္တိ။ (ပါရာ၊ ၄၊ ပ၊ ၂၇၉)

ဝိနာသေတုကာမတာယာတိ ဟတ္ထပါဒါဒိ (-ဒီနိ) ဆိန္ဒန္တော ဝိယ ကောဝလံ ဝိနာသေတုကာမတာယ။

(သာရတ္ထ၊ ဒု၊ ၁၃၈။ ဝိမတိ၊ ပ၊ ၁၇၈)

(၅) သူတပါး၏ပစ္စည်းကိုခွဲပစ်အံ့၊ သွန်ပစ်အံ့၊ မီးရှို့ပစ်အံ့၊ သုံးစွဲမရအောင် ဖျက်ဆီးပစ်အံ့။ ဒုက္ကဋ်အာပတ်သင့်၏။ ဘဏ္ဍာစားပေးရမည်။ ထေယျစိတ်ဖြင့် ပြုလုပ်ပါမူကား ပါရာဇိက ဆုံးဖြတ်ရမည်ဟူလို။

(အာစရိယဝါဒ)

ဘတ္တာစားထိုက်ရာ၌ မိမိကလည်း ဘတ္တာစား မပေးဘူးဟု လည်းကောင်း၊ ပစ္စည်းရှင်ကလည်း ရမှာမဟုတ်တော့ဟု လည်းကောင်း၊ ဓုရနိက္ခေပပြုလိုက်လျှင် ပါရာဇိက ကျသည်ကို သတိပြုလေ။

## ဘုရားကျောင်းကန် ဂေါပက

ဘုရားဂေါပက၊ ကျောင်းဂေါပကတို့အတွက် လခရိက္ခာပေးရာ၌ သူမျှား ရထိုက်သည်ထက် နှစ်ဆသော ယာဂု၊ ထမင်းကို သော်လည်း လည်းကောင်း၊ နေ့တိုင်း ဆန် တကွမ်းစားကို သော်လည်းကောင်း၊ တစ်နှစ်အတွက် သင်္ကန်းသုံးထည်၊ အသပြာငွေတစ်ဆယ်၊ နှစ်ဆယ်ကျပ် တန် ကပ္ပိယဘတ္တာကိုသော်လည်းကောင်း ပေးအပ်၏။

ဥပေါသထာဂါရ ပဋိမာဃရ ဇဂ္ဂကဿ ပန ဒိဂုဏံ ယာဂုဘတ္တံ, ဒေဝသိကံ တဏ္ဍုလနာဠိ, သံဝစ္ဆရေ တိစီဝရံ ဒ္ဝသဝီသဂ္ဃနကံ ကပ္ပိယဘဏ္ဍဉ္စ ဒါတဗ္ဗံ။ (ပါရာ၊၄၊ပ၊၃၁၃)

ဒိဂုဏန္တိ ဝဿဂ္ဂေန ပါပိတံ ဝိနာဝဒ္ဒေကောဌာသောတိ ဝဒန္တိ။ (သာရတ္ထ၊ ဒု၊ ၁၅၂)

ဒိဂုဏန္တိ အညေဟိ လဗ္ဘမာနတော ဒိဂုဏံ။ (ဝိမတိ၊ ပ၊ ၁၉၂)

## စေတိယသန္တက နှင့် သံဃသန္တက

စေတီ၏ပစ္စည်း, သံဃာ၏ပစ္စည်းဖြင့် စေတိယသန္တကကို စောင့်ရှောက်စေနိုင်၏။ စေတီ၏ ပစ္စည်းဖြင့် သံဃသန္တကကိုကား မစောင့်ရှောက်စေနိုင်။ စေတိယသန္တကနှင့် သံဃသန္တက အတူထားရာ၌ကား စေတိယသန္တကကို စောင့်ရှောက်စေရာတွင် သံဃသန္တကကိုလည်း စောင့်ရှောက်ပြီး ဖြစ်တော့၍ အပ်သည်သာ။

တတ္ထစေတိယဿ ဝါ သံဃဿ ဝါ သန္တကေန စေတိယသန္တကံ ရက္ခာပေတုံ ဝဋ္ဋတိ၊ စေတိယဿ သန္တကေန သံဃဿ သန္တကံ ရက္ခာပေတုံ န ဝဋ္ဋတိ၊ ယံ ပန စေတိယဿ သန္တကေန သဒ္ဓိံ သံဃဿ သန္တကံ ဥပိတံ ဟောတိ၊ တံ စေတိယသန္တကေ ရက္ခာပိတေ ရက္ခိတမေဝ ဟောတီတိ ဧဝံ ဝဋ္ဋတိ။ (ပါရာ၊ ၄၊ ပ၊ ၃၁၃)

### စေတီ၌ ထီး ဗောဓိအိမ် ဇရပ် ပြုပြင်မှု

စေတီတော်၌ ထီးကိုဖြစ်စေ၊ ဗောဓိအိမ်ဇရပ်တို့ကို ဖြစ်စေ ပြုပြင်ရန် သို့မဟုတ် ဆောက်လုပ်ရန် ဖြစ်ပေါ်လာပါက လူတို့ကို နှိုးဆော်နိုင်သည်။ ပြုပြင် ဆောက်လုပ်သူ မရှိပါက စေတီယသန္တကဖြင့် ပြုပြင်ဆောက်လုပ်နိုင်သည်။ စေတီယသန္တက မရှိလျှင် သံဃသန္တကဖြင့် အပလောကနံကံ ပန်ကြား၍ ပြုပြင်ဆောက်လုပ်နိုင်သည်။ စေတီယသန္တကဖြင့် သံဃကိစ္စကိုတော့ မပြုလုပ်နိုင်ပါ။

> စေတိယေ ဆတ္တံဝါဝေဒိကံဝါဗောဓိဃရံဝါ အာသနဃရံ ဝါ အကတံ ကရောန္တေန။ ပ။ သံဃိကကိစ္စံကာတုံ န ဝဋ္ဋတိ။
>
> (စူဠဝဂ္ဂဒိ၊ ၄၊ ၂၅၄)

### သင်္ကန်း ဆွမ်း အလှူဖြင့် ကျောင်းအတွက်သုံးပုံ

သင်္ကန်း ဆွမ်းအတွက် ရည်ရွယ်၍ လှူဒါန်းအပ်သော အလှူဝတ္ထုကို ကျောင်းအတွက် အသုံးပြုလိုပါက ပန်ကြားပြီးမှ ပြုကောင်း၏။

မပန်ကြားမူ၍လည်း ပြုကောင်း၏ဟု ဆိုကြ၏။ သို့သော် အပြစ်တင်စကားကို ဖြတ်စိမ့်သောငှာ ပန်ကြား၍ ပြုခြင်းသာကောင်းသည်။

> စီဝရပိဏ္ဍပါတတ္ထာယ ဩဒိဿ ဒိန္နတတြုပ္ပါဒတောပိ အပလောကေတွာ အာဝါသော ဇဂ္ဂါပေတဗ္ဗော။
>
> (စူဠဝဂ္ဂဒိ၊ ၄၊ ၂၅၃)

### ဗုဒ္ဓ ဓမ္မ သံဃသန္တက စောင့်ရှောက်ထိုက်ပုံ

ဗုဒ္ဓ ဓမ္မ သံဃာ့ပစ္စည်းကို ခိုးသူများကယူလျှင်၊ ခိုးသူတို့လက်မှ လုယူ၍ သိမ်းဆည်းကောင်း၏။

> ဣဿရော ဟိ ယောကောစိ ဘိက္ခုတာဒိသေပရိက္ခာရေ စောရေဟိပိ ဂယှမာနေ ဝါရေတုံ ပဋိဗလောစေ, ဗလက္ကာ–ရေန အစ္ဆိန္ဒိတွာ ယထာဌာနေ ဌပေတုံ၊ အပရိဂ္ဂဟိတေ ပရသန္တကသညာ ဆသု အာကာရေသုဝိဇ္ဇမာနေသုပိ အနာ–ပတ္တိ ဝိယ ဒိဿတိ။ (ဝဇိရ၊ ၁၃၇)

### ဗုဒ္ဓသန္တကနှင့် ဓမ္မသန္တက

'ဘုရားဟူသော အမည်သည် ဓမ္မကာယ၏ အမည်ဖြစ်၏' ဟူ၍လည်းကောင်း၊ 'ချစ်သား ဝက္ကလိ တရားကို မြင်သောသူသည် ငါဘုရားကို မြင်၏' ဟူ၍လည်းကောင်း၊ ဟောတော်မူသောကြောင့်၊ ဓမ္မသန္တကဖြင့် ဘုရားကို ပူဇော်ခြင်း၊ ဗုဒ္ဓသန္တကဖြင့် တရားကို ပူဇော်ခြင်းကို ပြုကောင်း၏။

ဓမ္မသန္တကေန ဗုဒ္ဓပူဇံကာတုံ, ဗုဒ္ဓသန္တကေန ဝါ ဓမ္မပူဇံ ကာတုံ ဝဋ္ဋတိ, နဝဋ္ဋတီတိ 'တထာဂတဿခေါ ဧတံ ဝါသေဋ္ဌ အဓိဝစနံ ဓမ္မကာယော ဣတိပိ' တိ စ, 'ယောခေါဝက္ကလိ ဓမ္မံ' ပဿတိ၊ သောမံ ပဿတီ တိစ ဝစနတော ဝဋ္ဋတိ။

(သာရတ္ထ၊ ဒု၊ ၁၆၆)

### အစောင့်ရှိ ဒေဝတာဒိသန္တက

နတ်တို့အား ပူဇော်အပ်သော ပစ္စည်း၊ ရုပ်ပွားဆင်းတုနှင့် တရားတော်အား ပူဇော်အပ်သော ပစ္စည်းများသည်၊ စောင့်ရှောက်သိမ်းဆည်းသူ ရှိပါက ပရပရိဂ္ဂဟိတ ပင်ဖြစ်၍ ခိုးယူလျှင် အဒိန္နာဒါန် ထိုက်၏။

ဒေဝတာဒီနံ ဝါ ဗုဒ္ဓဓမ္မာနံ ဝါ ပရိစ္စတ္တံ၊ ပရေဟိစေ အာရက္ခကေဟိ ပရိဂ္ဂဟိတံ၊ ပရပရိဂ္ဂဟိတမေဝ။

(ဝဇိရ၊ ၁၃၆)

### တိရစ္ဆာန သန္တက

တိရစ္ဆာန်တို့ကိုအစာပေးရာ၌ ကုသိုလ်ဖြစ်သကဲ့သို့ တိရစ္ဆာန်တို့၏ အစာကို လုယူရာ၌လည်း၊ အကုသိုလ်ပင်ဖြစ်သောကြောင့် တိရစ္ဆာန သန္တကကို မယူကောင်းပေ။

တိရစ္ဆာနာနံ အာမိသဒါနေ ကုသလံ ဝိယ တေသံ အာမိသဿ အစ္ဆိန္ဒနေပိ အကုသလမေဝါတိ ဂဟေတဗ္ဗံ။ တေနေဝ ဝက္ခတိ၊ ပရာနုဒ္ဒယတာယ စ နဂဟေတဗ္ဗ' န္တိ။

(ဝိမတိ၊ ပ၊ ၁၉၈)

### ဥစ္စာရှင်အာလယပြတ်ပြီးဘဏ္ဍာ

(၁) ခိုးယူအပ်သောပစ္စည်းဘဏ္ဍာ၌ ဥစ္စာရှင်က ပုရန်ကြွေပ

ပြု၍ အာလယပြတ်ပြီးနောက် ခိုးသူ သေဆုံးသွားသော်၊ ၎င်းဘဏ္ဍာကို ထေယျစိတ်ဖြင့်ခိုးယူသော်လည်း ပါရာဇိက မသင့်။

သာမိကေန ဓုရနိက္ခိတ္တကာလေ သောစေ စောရောကာလံ ကရောတိ၊ အညော ထေယျစိတ္တေန ဂဏှာတိ၊ နပါရာဇိကော။

(ဝဇီရ၊ ၁၃၇)

(၂) ဥစ္စာရှင်သည် အာလယပြတ်ပြီးသော်လည်း၊ မိမိပစ္စည်း မှန်းသိ၍ ပြန်ယူသော်လည်း အပြစ်မရှိ။

ဣမိနာ ပဌမံ ပရိစ္စတ္တာလယာနမ္ပိ ဒိပဉ္စာယ၊ သက-သညာဥပ္ပဇ္ဇတိ၊ သေတညေ၀တံဘဏ္ဍံဟောတိ၊ ဗလက္ကာရေ-နာပိ သကသညာယကဿ ဂဟဏေ ဒေါသော နတ္ထိ။

(ဝိမတိ၊ ပ၊ ၁၈၈)

**အပိုတောင်းရာ၌ ဘဏ္ဍာဒေယျ ထိုက် မထိုက်**

(၁) အခြားတဖို့ကိုလဲပေးပါ-ဟုတောင်းရာ၌ ဥစ္စာကိုပင် ထပ်တောင်းရာရောက်သောကြောင့် ဥစ္စာရှင်က ပေးရာ၊ အပေးခိုင်းရာ၌ ဘဏ္ဍာဒေယျမထိုက်၊ ပါရာဇိကလည်း မသင့်။ သို့သော် အညာတက-ဝိညတ္တိကာ၊ ဖြစ်ပေလိမ့်မည်။

အပရမ္ပိဘာဂံဒေဟီတိ ဂဟိတံ ဝိညတ္တိသဒိသတ္တာနေ၀ ဘဏ္ဍာဒေယျံ၊ န ပါရာဇိကံ။ (ဝဇီရ၊ ၁၀၃)

(၂) အလှူရှင်ဒါယကာများသံ မရှိသော ပုဂ္ဂိုလ် အတွက် ပိုတောင်းရာ၌ ဘဏ္ဍာဒေယျ ထိုက်၏။

ဘဏ္ဍာဒေယျန္တိ သမ္မတာဒီဟိ ဒိန္နတ္တာ န ပါရာဇိကံဇာတံ၊ အသန္တံ ပုဂ္ဂလံ ဝတွာ ဂဟိတတ္တာ ပန ဘဏ္ဍာဒေယျံ ဝုတ္တံ။

(ဝိမတိ၊ ပ၊ ၂၀၁)

(၃) ဒါယကာကပေးခိုင်းရာ၊ ကိုယ်တိုင်ပေးရာ၌ အပြစ်မရှိ။

သာမိကေန ပန 'ဣမဿဒေဟိ' တိ ဒါပိတံ ဝါ သယံ-ဒိန္နံဝါ သုဒိန္နံ။ (ပါရာ၊ ၃၊ ပ၊ ၃၃၅)

(၄) သံဃပစ္စည်းတို့ကို လိမ်လည်ကောက်ကျစ်၍ ခံယူသူအား ဘဏ္ဍာဒေယျ ပါရာဇိက သာ။

(အထက်ပါ ဝဇီရ၊ ဝိမတိတို့နှင့် ညှိယူလေ)

## ဝေစုကို ကိုယ်စားယူရာ

အခြားတပါးသို့သွားသူ၏ဝေစုကို ဥပစာသိမ်တွင်းရှိ ကိုယ်စားလှယ်က ယူရာ၏။

ပိဏ္ဍာယပဝိဋ္ဌဿ ပဋ္ဋိဝိသော အန္တောဥပစာရသီမာယံ ဌိတဿေဝ ဂဟေတုံ ဝဋ္ဋတိ။ (ပါရာ၊ဋ္ဌ၊ ၃၃၅)

သမ္မုခီဘူတေဟိ ဘာဇေတဗ္ဗန္တိ ဝစနတော ဘာဇနီယဘဏ္ဍံ ဥပစာရသီမာဟ ဌာနံယေဝ ပါပုဏာတိ။ (သာရတ္ထ၊ ဒု၊ ၁၆၄)

### ပေးပြီး မယူရသေးသောပစ္စည်း

ဥစ္စာရှင်က ပေးပြီးဖြစ်၍ ယူသူက မယူရသေးသော်လည်း၊ ယင်းပစ္စည်းကို ယူသူသာပိုင်သည်။ ယူသူ၏ဥစ္စာတည်း။

### သံဃဒါန

'သံဃဿဒေမ' ဟုဆိုရာ၌ စာတုဒ္ဒိသသံဃာပင်ဖြစ်၏။ထို့ကြောင့် 'စာတုဒ္ဒိသဿ သံဃဿ' ဟု ဆိုသည် ဖြစ်စေ (အာဂတာနာဂတဿ သံဃဿ)ဟု ဆိုသည်ဖြစ်စေ သံဃဿဟု သာမညဆိုသည်ပင် ဖြစ်စေ (သံဃဒါန)ပင် မည်၏။

အာဂတာနာဂတာနံ သန္တကတ္တာတိ စာတုဒ္ဒိသဿ သံဃဿ ဒေမီတိ ဒိန္နတ္တာဝုတ္တံ ။ဧဝံ အဝတွာ သံဃဿ ဒေမီတိ ဒိန္နံပိ တာဒိသမေဝ။ (ဝဇိရ၊ ၁၄၃)

### သုဝဏ္ဏာဒိဝိစိတြ ကျောင်း

သုဝဏ္ဏာဒိဝိစိတြ (ရွှေစသည်ဖြင့် အဆန်းတကြယ် ခြယ်လှယ်အပ်သော)ကျောင်းမျိုးကား သံဃိကသာအပ်၏။ ပုဂ္ဂလိက မအပ်။

သုဝဏ္ဏရဇတာ ဒိဝိစိတြာနီတိ သံဃိက သေနာသနံ သန္ဓာယ ဝုတ္တံ၊ ပုဂ္ဂလိကံ ပန သုဝဏ္ဏာဒိဝိစိတြံ ဘိက္ခုဿ သမ္ပဋိစ္ဆိတုမေဝ န ဝဋ္ဋတိ န ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗန္တိ ဝုတ္တတ္တာ။ (ဝိမတိ၊ဒု၊ ၂၄၄)

### သေနာသန ပရိဘောဂ

သေနာသနပရိဘောဂ၌ အနာမာသ သုဝဏ္ဏစသည်ဖြင့် ပြုလုပ်ထားသော်လည်း သုံးဆောင်ထိုက်၊ သံဃ ဂဏ ပုဂ္ဂလ အားလုံးအားအပ်၏။

သေနာသနပရိဘောဂေ ပန အာမာသမ္ပိ အနာမာသမ္ပိ သဗ္ဗံ ဝဋ္ဋတိ။ (စူဠဝဂ္ဂဒိ၊၄၊၁၀၀)

ဝဋ္ဋတီတိ သံဃိကဏ ပုဂ္ဂလာနံဝဋ္ဋတိ။ (ဂှင်းယောဇနာ)

ထာဝရပစ္စည်းအလှူ

(၁) သံဃာတော်အား ပစ္စည်းလေးပါး သုံးဆောင်ခြင်း အကျိုးငှာ တဘက်ဆည် ကန်ကို လှူပါ၏ ဟူ၍လည်းကောင်း၊ ရဟန်း သံဃာတော်သည် ပစ္စည်းလေးပါးတို့ကိုသုံးဆောင်စေခြင်းငှာ တဘက် ဆည်ကန်ကို လှူပါ၏ဟူ၍လည်းကောင်း၊ ဤတဘက်ဆည်ကန်မှ ဖြစ် ပေါ်လာသော ပစ္စည်းလေးပါးတို့ကို လှူပါ၏ ဟူ၍လည်းကောင်း၊ ပြောဆို၍ လှူလျှင်အပ်၏။ သို့ရာတွင် သံဃိကသာ အပ်သည်။ ပုဂ္ဂလိက အလှူမခံအပ်။

စတ္တာရော ပစ္စယေ သံဃော ပရိဘုဉ္ဇတူတိ ဒေတိဝဋ္ဋတီတိ ဇတ္ထ ဘိက္ခုသံဃဿ စတုပစ္စယပရိဘောဂတ္ထာယတဠာကံ ဒမ္မီတိ ဝါ ဘိက္ခုသံဃောစတ္တာရော ပစ္စယေပရိဘုဉ္ဇတုံတဠာကံ ဒမ္မီတိ ဝါ ဣတော တဠာကတော ဥပ္ပန္နေစတ္တာရော ပစ္စယေ ဒမ္မီတိဝါ ဝတ္တုပ္ပိ ဝဋ္ဋတိ။ (ဝိမတိ၊ ပ၊ ၃၃၁)

(၂) 'သီမံဒေမ' ဟု ဆို၍လှူရာ၌ ဝိဟာရသိမ်စသည်တို့နှင့် ဆက် ဆံသော စကားကို ဆိုသောကြောင့်အပ်၏။

သီမံဒေမာတိ ဝိဟာရသီမာဒိသာဓာရဏာ ဝစနေန ဝုတ္တတ္တာ ဝဋ္ဋတီတိ ဝုတ္တံ။ (ဝိမတိ၊ ပ၊ ၃၃၂)

(၃) လယ်ယာအစရှိသော အလုံးစုံတို့သည် သံဃာအားသာ အပ်ကုန်၏။ ပုဂ္ဂလိကမအပ်၊ ပါဠိတော်၌ ပုဂ္ဂလိကအစွမ်းဖြင့် ခွင့်မပြု အပ်သောကြောင့်တည်း။

ခေတ္တာဒယောပန သဗ္ဗေသံဃဿေဝ ဝဋ္ဋန္တိ ပါဠိယံ ပုဂ္ဂလိက ဝသေန အနနုညာ တတ္တာတိဒဋ္ဌဗ္ဗံ။ (ဝိမတိ၊ ပ၊ ၃၃၂)

(၄) ဝိဟာရဿဒေမ ဟုဆို၍လှူရာ၌ သံဃိကကျောင်းကို သာယူ။

ဝိဟာရဿ ဒေမာတိ သံဃိကဝိဟာရံ သန္ဓာယဝုတ္တံ။ (ဝိမတိ၊ ပ၊ ၃၃၂)

မှတ်ချက်။ ။နောက်စကားကို ဆရာကြီးများမကြိုက် ပယ်ကြသည်။

**သံဃိကပစ္စည်းအဓိဋ္ဌာန်ယူထုံး**

သံဃိကသက်နိုး ဖြစ်ပေါ်လာသောအခါ၊ ဥပစာရသိမ်တွင်းဖြစ်မူ၊ ကျောက်စည် စသည် ထိုးအခါကြား သိမ်ပရွာဘွင်း စသည်ဖြစ်မူ၊ အခါကြားဖွယ်မရှိ။ မယှိမာနိ စီဝရာနိပါပုဏန္တိဟု အနည်းအများရှု၍ဆောက်တည်ရမည်။

အဓိဋ္ဌာတုန္တိဇတ္တ အဋ္ဌမိဟာန္တေနဝတ္တံ ဇာနိတဗ္ဗံ၊ တေနပဟိ ဘိက္ခုနာ ဃဏ္ဍိပဟာရိတ္ဝာ ကာလံဃောသေတွာ ထောကံ့ အာဂမေတွာ သစေဃဏ္ဍိသညာယဝါ ကာလသညာယဝါ ဘိက္ခူ အာဂစ္ဆန္တိ တေဟိသိဒ္ဓိံ ဘာဇေတဗ္ဗာနိ။ (ပါစိတျာဒိ၊ဋ္ဌ၊၄၁၂)

**သံဃိကပစ္စည်း ထေရဘာဂပြုထုံး**

(၁) သက်နိုး တထည်တည်းပင် ဖြစ်သော်လည်း ချည်မျှင်တမျှင်စီဆွဲထုတ်၍ဖြစ်စေ၊ နန္တင်းခဲတန်စသည်ဖြင့် ပိုင်းခြား၍ ဖြစ်စေ, အယံပဌမ ဘာဂေါမယှံ ပါပုဏာတိ, အယံဒုတိယ ဘာဂေါမယှံ ပါပုဏာတိ စသည် ပြုလုပ်၍ယူရမည်။

သစေကောကံ ဥဒ္ဒရိတွာ အယံပဌမဘာဂေါမယှံ ပါပုဏာဟိ အယံဒုတိယဘာဂေါတိ ဇဝံဂဏှာတိ ဂဟိတာနိစ သုဂ္ဂဟိတာ နိဟောန္တိ၊ဌိတိကာစတိဋ္ဌတိ ဇဝံပါပေတွာ ဂဏှန္တေ နာပိ အဓိဋ္ဌိတ မေဝ ဟောတိ။ (ပါစိတျာဒိ၊ဋ္ဌ၊၄၁၂)

(၂) အဓိဋ္ဌာန်ပြုရာ၌၊ 'မယှိမာနိစီဝရာနိပါပုဏန္တိ' ဟုဆို၍ပြုရမည်။ တနည်း—'မယှိမာနိစီဝရာနိ' ဟုသာ ဆိုသော်လည်း သင့်၏။ နှစ်မျိုးလုံး သင့်၏။ အချို့အဆရာကြီးတို့ကား၊ ပဌမနည်းသာသင့်၏ဟု ဆိုကြကုန်သေး၏။

'မယှိမာနိစီဝရာနိပါပုဏန္တိ' တိ ဝစနမေဝါဓိဋ္ဌာနံ၊ ဣဒ-မေတ္တဥက္ကဋ္ဌဝသေန ဝုတ္တံ၊ 'မယှိမာနိစီဝရာနိ' တိ ဝုတ္တေပိ အဓိဋ္ဌတမေဝ ဟောတိဘိဂုတ္တံ၊ မယှိမာနိတိ ဝုတ္တေဘာဃစီဝရ ရာနိနာမ နတ္ထိ၊ တသ္မာ စီဝရာနိပါပုဏန္တိတိ။

(ဝဇိရ၊ ၄၉၈)

(၃) ထောပတ်အိုး တလုံးကို ဒါယကာက လှူသောအခါ ရဟန်းတကျိပ်ရှိရာဝယ် ထေရ်စဉ် ပြုရမည်။
ထောပတ်အိုးတလုံး ရဟန်းတပါးတည်းရှိရာ၌ကား ထေရ်စဉ်နှင့် အစိဋ္ဌာန်ရမည်။

ကောသမ္ဗိကုမ္ဘောဟောတိ၊ ဒ္ဒသဟိဘိက္ခူဟိဘာဇေတဗ္ဗာ ဂဟေတဗ္ဗ။ ဝုတ္တပရိစ္ဆေဒတော ဦနာမိကေသုပိ ဘိက္ခူသု သပ္ပိကုမ္ဘေသု စ တေနေဝုပါယေန ဘာဇေတဗ္ဗ။ သစေပနေကောဘိက္ခု။ ပ။ ထောကံထောကမ္ပိပါပေတုံ ဝဋ္ဋတိ။ (စူဠဝဂ္ဂ၊ ဌ၊ ၁၀၇-၈)

အပလောကနကံ ပြုသင့် မပြုသင့်

(၁) ဆွမ်း, သင်္ကန်း, ဆေး အကျိုးငှာ လှူအပ်သောပစ္စည်းကို ပုဂ္ဂလိက အတွက် အပလောကနကံဖြင့် အလိုရှိရာ သုံးဆောင်ကောင်း၏။ သေနာသန အကျိုးငှာ လှူမှု အပလောကနကံ မပြုထိုက်။ ပုဂ္ဂိုလ် အနေဖြင့်သာ ပန်ကြားရမည်။ သံဃာအနေဖြင့် ပန်ကြားဖွယ်မရှိ။

သေနာသနတ္ထာယ ဥဒ္ဒိဿဒိန္နံ ဂရုဘဏ္ဍံဟောတိ၊ စီဝရဝသေန စတုပစ္စယဝသေန ဝါဒိန္နံ စီဝရေဉပနာမ မေဋ္ဌာနံ အပလောကနကမ္မကိစ္စံနတ္ထိ၊ အပလောကနကမ္မံ ကရောန္တေဟိ၊ စ ပုဂ္ဂလဝသေနေဝ ကာတဗ္ဗံ၊ သံဃဝသေန နကာတဗ္ဗံ။ (စူဠဝဂ္ဂ၊ ဌ၊ ၆၉)

(၂) အကပ္ပိယ အနာမာသ ဘဏ္ဍာမျိုးဖြင့် အပလောကနကံ မပြုအပ်။ ကပ္ပိယ ဘဏ္ဍာမျိုးဖြင့်သာ ပြုအပ်၏။

ဇာတ ရူပ ရဇတဝသေနာပိ အာမကဓညဝသေနဝါ အပလောကနကမ္မံ န ဝဋ္ဋတိ။ ကပ္ပိယ ဘဏ္ဍဝသေန စီဝရတဏ္ဍုလာ ဒိဝသေနေဝ စ ဝဋ္ဋတိ။ (စူဠဝဂ္ဂ၊ ဌ၊ ၆၉)

အပလောကနကံ ပြုထုံး

ကတိကဝတ်ဟူသော အပလောကနကံ ပြုရာ၌ သံဃာအများရှိခဲ့သော် ဆွမ်းစားကျောင်း စသည်၌ ပြုရမည်။ ဥပုသ်ပြုရာ သိမ်၌မူကား သာ၍ပင် ကောင်း၏။ အများမှုမဟုတ်၊ လေးပါး, ငါးပါးလည်း ပြုကောင်း၏။

နှစ်ပါး, သုံးပါးသာ ရှိခဲ့သော် နှစ်ပါး, သုံးပါးပင် ပြုရမည်။ သို့မဟုတ် တပါးတည်းရှိသော သံဃိကကျောင်း ဖြစ်ခဲ့သော်၊ ဥပုသ်နေ့၌ ပုဗ္ဗကိစ္စ ပြုပြီး စောင့်ဆိုင်းလျက် တပါးတည်းပင် ပြုရမည်။ ဤဆိုအပ်ပြီးသော နည်းအတိုင်း ပြုလုပ်ထားသည်ရှိသော် သံဃာပင် ပြုလုပ်သည် မည်တော့၏။

## သံဃိက ပစ္စည်း ဝေပုံ

သံဃိက ပစ္စည်းကို ဥပစာရ သိမ်တွင်းရှိ ရဟန်းတို့ ပန်ကြား၍ ဝေဖန်အပ်၏။ ဥပစာရသိမ် အပြင်ဘက်ရှိ ရဟန်းတို့ ပန်ကြား၍ မဝေဖန်အပ်။

သံဃိကဉှိ ဝေဘင်္ဂိယဘဏ္ဍံ အန္တောဝိဟာရေ ဝါ ဗဟိသီမာယ ဝါ ဟောတု, ဗဟိသီမာယံ ဋ္ဌိတေဟိ အပလော-ကေတွာ ဘာဇေတုံ န ဝဋ္ဋတိ၊ ဥပယတ္ထဋ္ဌိတမ္ပိ ပန အန္တော-သီမာယံ ဋ္ဌိတေဟိ အပလောကေတွာ ဘာဇေတုံ ဝဋ္ဋတိဝေယ။

(သာရတ္ထ၊ ဒု၊ ၁၆၄)

သံဃိကဉှိ ဝိဟာရပဋိဗဒ္ဓံ ဝေဘင်္ဂိယံ ဗဟိဥပစာရသီမဋ္ဌံ ဘဏ္ဍံ အန္တောဥပစာရဋ္ဌေဟိ ဘိက္ခူဟိ ဧဝ ဘာဇေတဗ္ဗံ၊ န ဗဟိဋ္ဌိတေဟိ ဥပစာရသီမာယ ဘာဇေတဗ္ဗန္တိ။

(ဝိမတိ၊ ပ၊ ၂၀၃)

## သံဃိက သစ်သီးဝလံ

သံဃိက ကျောင်းတိုက်၌ စားကောင်းသော အသီးအပွင့်များကို ကတိကဝတ်ဟူသော အပလောကနကံဖြင့် ပြုလုပ်ထားပါက တိုက်တွင်း ရဟန်းတော်များ အပြစ်ကင်းစွာ သုံးဆောင်နိုင်ကြ၏။ ဂိလာန စသော လူများ တောင်းရမ်းလာပါက အပလောကနကံဖြင့် ပြုလုပ်ထား၍ လာဘ်ကို မမျှော်လင့်ပဲ စင်ကြယ်သောစိတ်ဖြင့် ပေးကောင်းပါ၏။

## သံဃိက ပစ္စည်း ဝေဖန် ထိုက်သူ

သံဃာများသော ကျောင်းတိုက်၌ ပစ္စည်းဝေဖန်ရန် ပစ္စယ-ဘာဇက သမ္မုတိရ ရဟန်း ရှိသင့်၏။ ဆွမ်းစားကျောင်း ဘုန်းကြီး, သံဃာ့ဝန်ဆောင် ရဟန်းတော်များနှင့် သင့်တော်သည်။

### သင်္ကန်းပေးထိုက်သူ မပေးထိုက်သူ

ဖဲ့, ရူး, ပြန့်, နာ, ဥက္ခိတ္တာ, ပေးပါ ကိုယ်စားလှယ်။
ကြွင်းဆယ့်ခြောက်မှာ၊ မပေးရာ၊ မိန့်မှာကျမ်းမြွတ်ဝယ်။

သင်္ကန်းကို ဝေဖန်ရာ၌ (၁) ဝါကျွတ်၍ သင်္ကန်းမဖြစ်ပေါ်မီ အရပ်တပါး ဖဲသွားသူ၊ (၂) ရူးသွပ်သူ၊ (၃) စိတ်ပျံ့လွင့်သူ၊ (၄) ဝေဒနာ နှိပ်စက်အပ်သူ (၅-၆-၇) ဥက္ခိတ္တက ဖြစ်သူ ဟူသော (၇)ယောက်သော ရဟန်းသာမဏေများအား သိမ်အတွင်း ကိုယ်စား ယူသူရှိက ပေးရမည်။ ကြွင်း-လူထွက်သူ၊ ပျံလွန်သူ စသော (၁၆) ယောက်သော ရဟန်းသာမဏေများအားမူ လုံးဝ မပေးရ။

ပတိရူပကေ ဂါဟကေတိ သစေ ကောဘိက္ခု။
'အဟံတဿ ဂဏှာမီ'တိ ဂဏှာတိ ဒါတဗ္ဗန္တိ အဇ္ဈတ္တော၊
ဧဝ မေ တေသု တေဝီသတိယာ ပုဂ္ဂလေသု သောဠသဇနာ
နလဘန္တိ၊ သတ္တ ဇနာလ ဘန္တိ။ (ပါစိတျာဒိ၊ ၄၊ ၄၁၆)

သန္တေပတိ ရူပကေ ဂါဟကေတိ ဝုတ္တတ္တာ ဂါဟကေ-
အသတိ အဒတွာ ဘာဇိတေပိ သုဘာဇိတ မေဝ ဝါတိ ဒဋ္ဌဗ္ဗံ။
(ဝိပတိ၊ ဒု၊ ၂၀၁)

### ဥပစာရသိမ်ပ ရှိ ပုဂ္ဂိုလ်များအား ပေးရာ

ဥပစာရသိမ်ပရှိ ပုဂ္ဂိုလ်များအား သံဃသန္တကကိုပေးရာ၌ အပလောကနကံဖြင့် ပန်ကြား၍ ပေးရမည်။

ဝိသေသတော ပန ဗဟိသီမဋ္ဌာနမ္ပိ ပရိစ္စိန္ဒိတွာ ဧကေ-
ကဿောဌာသတော ဧတ္တကံဒါတုံ ရုစ္စတီသံဃဿ ဒါတုံ ဧတ္တ-
ကာနံ့ဝါဒါတုံ ရုစ္စတိသဃဿဝါဒါတုံ ရုစ္စတိ သံဃဿာ တိ
အပလောကနကမ္မံ ကတွာ ဒါတုံ ဝဋ္ဋတိ။

(သာရတ္ထ၊ ဒု၊ ၂၆၂)

### သံဃိကကျောင်းချင်း ပြောင်းသုံးခွင့်

သံဃိကကျောင်းတကျောင်းမှ အချင်, ထုတ်, လျောက်, စသည်ကို အခြား သံဃိကကျောင်းသို့ ယူဆောင် တပ်ဆင်ကောင်း၏။ ပုဂ္ဂလိက ကျောင်းသို့ ယူ၍ မတပ်ဆင်ကောင်း၊ ကျရာ တန်ဖိုးသော်လည်း ပေး၊ ပြန်ရှိသော်လည်းထား။

သစေ တတော ဂေါပါနသိ အာဒီနိ ဂဟေတွာ အညသ္မိံ သံဃိကာဝါသေ ယောဇေန္တိ၊ သုယောဇိတာနိ၊ ပုဂ္ဂလိကာ–ဝါသေ ယော ဇေန္တေဟိ ပန မူလံ ဝါ ဒါတဗ္ဗံ၊ ပဋိပါကတိကံ ဝါ ကာတဗ္ဗံ။ (စူဠဝဂ္ဂ၊ ၃၊ ဂ၆)

## ဆဋ္ဌဝိတဟာရမှ အသုံးအဆောင်များ

ရဟန်းများ စွန့်ပစ်ထားခဲ့သော ကျောင်းမှ အသုံးအဆောင်များကို ထေယျစိတ်ဖြင့်ယူမူ ဘဏ္ဍဂ္ဃဖြင့် ဆုံးဖြတ်အပ်၏။ တံခါးရွက် စသည်ကို ယူ၍ သံဃိကာဝါသ၌ဖြစ်စေ၊ ပုဂ္ဂလိကာဝါသ၌ဖြစ်စေ သုံးစွဲပါမူ အစားပြန်ပေးရမည်။

ဆဋ္ဌိတဝိဟာရတော မဥ္စပီဌာဒီနံ ထေယျစိတ္တေန ဂဏှန္တေ ဥဒ္ဓါရေယေဝ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။ ပ။ တတော ဒွါရဝါတပါနာဒီနိ သံဃိကာဝါသေဝါ ပုဂ္ဂလိကာဝါသေဝါ ယောဇိတာနိ ပဋိဒါတဗ္ဗာနိယေဝ။ (စူဠဝဂ္ဂ၊ ၃၊ ဂ၆-၇)

## ဆဋ္ဌိတ ဝိဟာရမှသစ်သီးဝလံများ

ပြန်လာဦးမည်ဟု သဥဿာဟရှိလျက် ရဟန်းများ စွန့်ပစ်ထားသော ကျောင်းမှ သစ်သီးကြီးငယ်များကို ပံ့သကူအမှတ်ဖြင့် သုံးဆောင်လျှင် အနာပတ္တိ၊ ထေယျစိတ်ဖြင့် သုံးဆောင်လျှင်ကား၊ အဝဟာရပင်ဖြစ်၍ ဘဏ္ဍဂ္ဃဖြင့် ဆုံးဖြတ်ရမည်။

မဟာပစ္စရိအဋ္ဌကထာ၊ သင်္ခေပအဋ္ဌကထာတို့၌ကား ဥဿာဟရှိမှု မရှိမှု အထူးမဆိုပဲ အာဂတာနာဂတသံဃသန္တက ဖြစ်သောကြောင့် ဆဋ္ဌိတဝိဟာရမှ သစ်သီးဝလံများကို ထေယျစိတ်ဖြင့် သုံးဆောင်လျှင် ပါရာဇိကဟု မိန့်ဆိုကြ၏။ ဂဏသန္တက, ပုဂ္ဂလိကတို့ကား ဥဿာဟရှိမှုသာ ပမာဏ ဖြစ်သည်။

ပစ္စန္တေ စောရဘယေန ဂါမေသု ဝုဋ္ဌဟန္တေသု ဘိက္ခူပိ ဝိဟာရေ ဆဍ္ဍေတွာ၊ ပုနအာဝသန္တေ ဇနပဒေအာဂမိဿာမာတိ သဥဿာဟာဝ ဂစ္ဆန္တိ၊ ဘိက္ခူတာ ဒိသံ ဝိဟာရံ ပတွာ အမ္ဗပက္ကာဒီနိ 'ဆဍ္ဍိတကာနိ' တိ ပံ့သုကူလသညာယ ပရိဘုဉ္ဇန္တိ၊ အနာပတ္တိ၊ ထေယျစိတ္တေန ပရိဘုဉ္ဇတော အဝဟာရော–ဟောတိ၊ ဘဏ္ဍံအဂ္ဃာပေတွာ ကာရေတဗ္ဗော။

မဟာပစ္စရိယံ ပန သခေပဋ္ဌကထာယဉ္စ အဝိသေသေန ဝုတ္တံ 'ဆဋ္ဌံ ဝိတဝိဟာရေ ပန ဖလာဖလံ ထေယျစိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ၊ ကသ္မာ အာဂတာနာဂတာနံ သန္တကတ္တာ' တိ။

ဂဏ္ဌိသန္တေကော ပန ပုဂ္ဂလိကော စ သဥဿာဟမတ္တမေဝ–ပမာဏံ။ (ပါရာ၊ ၄၊ ပ၊ ၃၃၆)

## မှာထားချက်

မဟာပစ္စရိနှင့် သခေပအဋ္ဌကထာ ဝါဒပြရာ၌ ဆဋ္ဌမူအချို့ ပါရာဇိကဏ် အဋ္ဌကထာစာအုပ်များဝယ်'ထေယျစိတ္တေန ပရိဘုဉ္ဇတော န ပါရာဇိကံ'ဟု 'န'သဒ္ဒါပါရှိနေသည်မှာ မကောင်း။

## ဘဏ္ဍာစား ပေးနည်း

ဘဏ္ဍာစားပေးရာ၌ အပ်သောပစ္စည်းကို ပေးရမည်။ ပစ္စည်း တန်ဖိုးအတိုင်းမပေးနိုင်က ပစ္စည်းရှင် ကျေနပ်အောင် ဟောပြော ပါလေ။

ကေဝလံ ကပ္ပိယပရိက္ခာရံ ဒတွာ တောသေတဗ္ဗောဝ သာမိကော။ (ဝဇီရ၊ ၁၄၃)

## မတသန္တက ဝိနိစ္ဆယအကျဉ်း

ရဟန်းသာမဏေတပါးပါး ပျံလွန်ရာ၌ ကျန်ရစ်သော မတ-သန္တက အမွေကို သုံးမျိုးခွဲနိုင်၏။

(က) ဂိလာနုပဋ္ဌာကအမွေ တိစီဝရိက်၊
(ခ) သမ္မုခီဘူတသံဃာ့အမွေ လဟုဘဏ် သုံးမျိုး၊
(ဂ) စာတုဒ္ဒိသ သံဃာ့အမွေ ဂရုဘဏ်။

သေသူ၏ပစ္စည်းက သက်န်းသာရှိလျှင် ဂိလာနုပဋ္ဌာက လူ, ရှင် ရဟန်းတို့အား သက်န်းကိုပေးပါ။ အခြားပရိက္ခရာများ ပါရှိလျှင်လည်း၊ သက်န်းကိုသာ အဖိုး မည်မျှတန်သည်ဖြစ်စေ ပေးပါ။ ကျန် ပရိက္ခရာကို သံဃာအား ပေးပါ။

တိစီဝရိတ်သက်န်းက တန်ဖိုးနည်း၍ ကျန်ပစ္စည်းကဲ အဖိုး လည်းတန်၊ အရေအတွက်လည်းများ၊ ဖြစ်ခဲ့လျှင် တိစီဝရိက်အပြင် တိစီဝရိက်နှင့် တန်ဖိုးတူမျှသော ပစ္စည်းတခုခုကိုပါ ပေးရမည်။

## ဒွိသန္တက တိသန္တက ပြုထုံး

သမာနပရိက္ခာရပြုနည်းကို နည်းမှီ၍ ဒွိသန္တက,တိသန္တက ပြုကြသည်ဟု ဆရာတို့ မိန့်ဆိုကြကုန်၏။ ရှေးမြန်မာနိုင်ငံ အကျော်အမော် ဆရာတော်တို့လည်း သမာနပရိက္ခာရ ပြုသည်ကိုပင် ဒွိသန္တက စသည် ပြုသည်ဟု မိန့်ဆိုတော်မူကြ၏။

ဒွိသန္တက, တိသန္တက အစစ်ကား ရဟန်း နှစ်ပါး,သုံးပါးအား တဦးတယောက်သော ဒါယကာက ပစ္စည်းတခုခုကို လှူဒါန်းခြင်းပင် တည်း။

သမာနပရိက္ခာရိက (ဒွိသန္တက,တိသန္တက) ပြုရာ၌ကား—ရဟန်း ၂-ပါးဖြစ်စေ၊ အများဖြစ်စေ ထိုရဟန်းတို့သည် ဖြစ်လတ္တံ့ ဥစ္စာနှင့် တကွ ဖြစ်ဆဲ ဥစ္စာကို အခြား ရဟန်းတပါးထံ စွန့်ရမည်။ ထိုရဟန်း ကလည်း စွန့်အပ်သော ဥစ္စာကို တဖန် ပြန်ပေးရမည်။ ဤသို့ စွန့်ကြ ပေးကြခြင်းကို သမာနပရိက္ခာရိက (ဒွိသန္တက တိသန္တက) ပြုသည်ဟု ခေါ်၏။

ကတိကကရဏံ ဒသေတွာ 'မယှံ သန္တကံ တဝ စ မမ စ ဟောတု'တိ ဝတွာ ဣတရေန စ တထာဝုတ္တေ ဝဋ္ဋတီတိ သမာနပရိက္ခာရဝိဓိံ ဝဒန္တိ။ (ဝဇီရ၊ ၄၉၆)

သစေ သမ္ဗဟုလာ ဒွေဝါ သမာနပရိက္ခာရံ ကတ္တုကာမာ ဟောန္တိ၊ တေ သဗ္ဗေ အတ္တနော သန္တကံ ဝတ္တမာနံ ဥပ္ပဇ္ဇန— ကေန သဒ္ဓိံ ပေသလဿ ဧကဿ ပရိစ္စဇန္တိ၊ သော ပုန တေ— သမေဝ ပရိစ္စဇတိ၊ ဧတ္တာဝတာ တေ သမာနပရိက္ခာရိကာ ဟောန္တီတိ။ (ဝဇီရ၊ ၅၀၀)

## ကထိန်သင်္ကန်း လှူရာ အချိန်

ကထိန်ခင်းရာကာလ၌သာ ကထိန်သင်္ကန်းကို လှူရမည်။ ၎င်း ကာလ ရှေ့အဖို့၌ မလှူအပ်။

ဒါယကေနာပိ ဝဿာဝါသိကံ ဝိယ ကထိနစီဝရံ ဥဒ္ဒိဿ ဒိန္နံ နဝဋ္ဋတိ၊ ယသ္မာ ကထိနဒါယကဿ ဝတ္တံ အတ္ထီတိ အာ— ဒိန္နာ နယေန အဋ္ဌကထာယံ ဝုတ္တတ္တာ။ (ဝဇီရ၊ ၄၉၂)

မှတ်ချက်။ ။ဤဋီကာစကားကိုထောက်ဆ၍ အချို့သော ရှေးဆရာတို့သည် ယခုကာလ ကထိန်သင်္ကန်းလှူရာ၌ 'သံဃဿ' ဟု သမ္ပဒါန်ပါသောကြောင့် ကထိန်မခင်းထိုက်၍ ပယ်ကြသည်ဟု ယူဆရန် စကားစွန်းထွက်၏။ သို့သော်လည်း ကထိန်ခင်းထိုက်သည် ဟူသော ဝါဒသည်သာ မယုဉ်သာအောင် များပြားလှ၏။

## ကထိနဒုဿ အရ

မချုပ်မဆိုးရသေးသော အဝတ်သာ ဒုဿ မည်သည် မဟုတ်။ ချုပ်ပြီး ဆိုးပြီးသင်္ကန်းသည်လည်း 'ကထိနဒုဿ'ပင် မည်၏။ ကထိန စီဝရကမ္မဝါစာ၌ 'ကထိနဒုဿံ' ဟုလည်း ဖတ်နိုင်သည် ဟူလို။

သစေ ကံ ကထိနဒုဿံနိဋ္ဌိတ ပရိကမ္မမေဝ ဟောတိတိ- ဣမိနာ ကထိနဒုဿံ နာမ နကေဝလံပကတိသာဋကမေဝ ဟောတိ၊ အထခေါ ပရိနိဋ္ဌိတ သတ္တဝိဓ ပုဗ္ဗကိစ္စစီဝရံပိ ဟောတီတိ ဒဿေတိ။ (ဝိ၊ လင်္ကာရ၊ ဋီ၊ ဒု၊ ၁၀၉)

## ကထိနနှင့် ကထိနာနိသံသ

ကထိန်ခင်းသော သင်္ကန်းသည် ကထိန။ ကြွင်းသော သင်္ကန်း အဝတ်တို့သည် ကထိနာနိသံသတည်း။

ကော် အတ္ထတစီဝရံယေဝ ကထိနစီဝရံနာမ ဟောတိ၊ အဝ- သေသာနိ စီဝရာနိ ဝါ သာဋကာဝါ ကထိနာနိသံသာ ယေဝ နာမ။ (ဝိ၊ လင်္ကာရ၊ ဋီ၊ ဒု၊ ၉၃)

## သာသနာရေးကိစ္စဖြင့် ဝါပန်သင့်

သာသနာတော်ရေးအတွက် ပင့်ဖိတ်လာပါက ဒါယကာတို့၏ ပသာဒဝဍ္ဍိသမ္ပတ္တိအကျိုး မျှော်ကိုး၍ ဝါပန်သင့်၏။

ဝါပန် ဟူသော်လည်း 'သတ္တာဟဗ္ဘန္တရေ အာဂစ္ဆိဿာမိ' ဟု အာဘောဂ ပြုခြင်းသာတည်း။ အချို့ကား၊ 'အန္တောသတ္တာဟေ နိဝတ္တိဿာမိ' ဟု လည်းကောင်း၊ 'ပဋိနိဝတ္တိဿာမိ'ဟု လည်းကောင်း ဆိုကြသေး၏။ သင့်သည်သာ၊ နှလုံးသွင်းရုံမျှသာ ဖြစ်သောကြောင့် တည်း။

ဧတ္တ စ အနုပါသကောဟိပိ သာသနဘာဝံဉာတုကာ မေဟိ ဂဟိတေ, တေသံ ပသာဒဝဍ္ဍိသမ္ဘတ္တေဟိပိ သတ္တာဟကရဏီ-ယေန ဂန္တုံ ဝဋ္ဋတီတိ ဂဟေတဗ္ဗံ။

(ဝိ၊ လက်ာရ၊ ဋီ၊ ပ ၄၀၇)

**သက်န်းရုံသင့်ရာဌာန်များ**

(၁) တံခါး၀, လမ်းမ, အိမ်များ၌ သက်န်းရုံရမည်၊ ဘူတာရုံများ၌ကား သက်န်းမရုံလည်းအပ်သည်ပင်။

ဧတ္တ စ ဒွါရ ဝီထိဃရေသု ဝသန္တေန ဂါမပဝေသန သဟသေယျာဒိဒေါသံ ပရိဟရိတ္ဗာ သုပ္ပဋိစ္ဆန္နတာဒိယုတ္တေ နေဝ ဘဝိတဗ္ဗံ၊ သဘာ ပန ယဒိသဗ္ဗေသံ ဝသနတ္ထာ ယ သာလာသဒိသာကတာ၊ အန္တရာရာမေ ဝိယ ယထာသုခံဝသိတုံ ဝဋ္ဋတီတိဝေဒိတဗ္ဗံ။ (ဝိမတိ၊ ပ၊ ၁၃၈)

(၂) အထက်ပါ ဋီကာကိုထောက်ဆ၍ ရွာတွင်း၌ ကျောင်းအမှတ် သိတင်းသုံးပါ၊ ဆွမ်းအလှူပွဲ စသည်၌ ဒါယကာက လျှောက်ထားစေကာမူ သုပ္ပဋိစ္ဆန္နဖြင့်သာ နေရမည်၊ ဝါသူပဂတ မဟုတ်က သက်န်းရုံမပျက်သင့်ဟု ယူဆသော ဆရာမြတ်တို့ဝါဒကို မှတ်လေ။

(၃) သုပ္ပဋိစ္ဆန္နအရာ၌ ကျောင်းတွင် အလှူပွဲ၌ သော်လည်း သက်န်းရုံရမည်။

တသ္မာ ဝိဟာရေပိ အန္တရဃရေပိ ပရိမဏ္ဍလမေဝ နိဝါသေတဗ္ဗန္တိ ပါရုပိတဗ္ဗန္တိ။ (ပါတိတျာဒိ၊ ဌ၊ ၁၆၂)

ဝိဟာရေပီတိ ဗုဒ္ဓုပဋ္ဌာနာဒိကာလံ သန္ဓာယဝုတ္တံ။

(သာရတ္ထ၊ တ၊ ၁၀၅)

ဝိဟာရေပီတိ သံဃသန္နိပါတဗုဒ္ဓုပဋ္ဌာနာဒိကာလံ သန္ဓာယဝုတ္တံ။ (ဝိမတိ၊ ဒု၊ ၆၁)

အန္တရဃရံ နာမ ဂါမေဝါဟောတု ဝိဟာရေဝါပစိတ္ဗာ ဘုဉ္ဇိတ္ဗာ ဂိဟီနံပသနဋ္ဌာနံ။ (ဝိ၊ ဝိနိစ္ဆယ၊ ဋီ၊ ဒု၊ ၁၀)

(၄) ဝါသူပဂတ အရာ၌ ညအိပ်တည်းခို နေထိုင်ရန် ကပ်ရောက်ပြီးသော ရဟန်းကို ဝါသူပဂတဟု ဆိုသည်။ ရွာတွင်းသို့ သွားစဉ်အခါမူ သက်န်းရုံဖြင့်သာ သွားရမည်။ ဝါသူပဂတ ရဟန်းရှိရာသို့

သွားသော ရဟန်းများ သက်န်းရုံဖွယ် မလိုဟူသော ကေစိဆရာတို့၏ စကားကို မမှတ်ယူအပ်။

ဝါသူပဂတောနာမ ရတ္တိံဝါသတ္ထာယ ဥပဂတော၊ တေန
ဝါသတ္ထာယ အန္တရဃရံ ဥပဂစ္ဆန္တေန သုပ္ပဋိစ္ဆန္နေနေဝ
ဥပဂန္တဗ္ဗန္တိ ဒီပိတံဟောတိ။ (ဝိ၊ ဝိနိစ္ဆယ၊ ဋ္ဌ၊ ဒု၊ ၁၁)
ကေစိ ပန ဧကေကသ္မိံ ပဌမံ ဂန္တွာ ဝါသပရိဂ္ဂဟော
ကတော တတောအညေဟိ ယထာသုခံ ဂန္တုံ ဝဋ္ဋတီတိ ဝဒန္တိ။
။ပ။ တံ သဗ္ဗံ နဂဟေတဗ္ဗံ။ (ဝိမတိ၊ ဒု၊ ၆၁)

မှတ်ချက်။ ။ဆရာကြီးတို့ကား ဝိမတိ မူလဝါဒ နှစ်သက်ကြ၏။

## ဝယ်၍လှူရာ၌ သတိရှိသင့်

စေတီကိုလည်းကောင်း၊ ဆင်းတုတော်ကိုလည်းကောင်း၊ ရေကန်ကိုလည်းကောင်း၊ တံတားကိုလည်းကောင်း၊ ဝယ်၍လှူရာ၌ ပြုလုပ်သူအား ကောင်းမှုကုသိုလ် ဖြစ်၏။ ဝယ်၍ လှူသူအား ကောင်းမှု မဖြစ်။ အထူး ဆင်ခြင်ပါလေ။

ယထာ စေတိယံ ဝါ ပဋိမံ ပေါက္ခရဏိံ သေတုံ ဝါ
ကိဏိတွာ ဂဟိတမ္ပိ ကာရကဿေတံ ပုညံ၊ န ကိဏိတွာ
ဂဟိတဿ။ (ဝဇိရ၊ ၁၆၄)

မှတ်ချက်။ ။ဥပမာ ပြရုံသာယူ။ ကုသိုလ်မဖြစ်ဟု မယူသင့်။
(ဆရာကြီးများဝါဒ)

## ကာလိကမုတ္တ ပစ္စည်းများ ကပ်ဖွယ်မရှိ

ကာလိက ၄-မျိုးမှတပါး သက်န်း စသော ပစ္စည်းများ၌ အကပ်ခံဖွယ်မရှိ။ လှူလျှင် စိတ်ဖြင့် ခံရုံသာဟုမှတ်။

ပါဒမူလေ ဌပေတွာ ဒိန္နမ္ပိ ပရမ္မုခါဒိန္နမ္ပိ လဗ္ဘတေဝ။
(ဝိ၊ လင်္ကာရ၊ ဋ္ဌ၊ )

## အကပ်ပျက်ရာ၌ စွန့်မှုနှစ်မျိုး

အကပ်ပျက်ခြင်းအကြောင်း ရှစ်ပါးတွင် ဝတ္ထုစွန့်ကိုသာ ယူရမည်ဟု ဝိမတိ၌ ဆို၏။ သာရတ္ထ၌ကား ဝတ္ထုစွန့်၊ အကပ်စွန့် နှစ်မျိုးယူသည်ကို ပယ်၏။

ဝိမတိအလို–ဝတ္ထုစွန့်
သာရတ္ထအလို–အကပ်စွန့် ဟုမှတ်။
နိဿဂ္ဂိယပါစိတ် အာလယပြတ်သဖြင့် လုံးဝစွန့်ခြင်း သာသန္နိဋ္ဌာနမိ လွှတ်၍ သုံးဆောင်ထိုက်၏။

အပရိစ္စတ္တမေဝ ဟိ 'တိ အနပေက္ခဝိဿဇ္ဇနေနဝါ အနုပသမ္ပန္နဿ နိဿဂ္ဂိယနေနဝါ အပရိစ္စတ္တမေဝ။
(ကင်္ခါ၊ ဋီကာသစ်၊ ၃၀၉)

## အာပတ် တရားကိုယ်

အာပတ် ဟူသည် အကုသိုလ်, ရုပ်, ဝိပါက်, ကြိယာ, အဗျာကတ တရားတို့၏ အမည်တည်း။

အနုဂဏ္ဌိပဒေ ပန အာပတ္တာဓိကရဏံ နာမ တထာပဝတ္တာ အကုသလစိတ္တုပ္ပါဒ ရူပက္ခန္ဓာန မေတံ အဓိဝစနံ။ ပ။ တထာပိ အဗျာကတသာမညတော ရူပက္ခန္ဓေန သဒ္ဓိံ ဝိပါကကိရိယာဗျာကတာနမ္ပိ အဓိဝစနန္တိ ဝေဒိတဗ္ဗန္တိ ဝုတ္တံ။
(ဝဇီရ၊ ၅၁၀)

## သုံးပါးထက်အလွန် ဒေသနာ မကြားအပ်

အာပတ်ကို ဒေသနာပြောကြားရာ၌ သုံးပါးထက်အလွန် အချင်းချင်း ဒေသနာ မကြားထိုက်, အာပတ်မှ မထ။ ဒေသနာကြားခြင်းကြောင့် ဒုက္ကဋ်အာပတ်လည်း သင့်၏။

တိကတ္တုပရိ သဟာ အာပတ္တိံ ဒေသေတုံ နလဗ္ဘန္တိ။
(ဝဇီရ၊ ၅၃၄)

ဧဝံ ဒေသေန္တော စ အတ္တနာသဒ္ဓိံ တယော ဝါ စတ္တာရော ဝါ ဘိက္ခူ ဂဟေတွာ ဧကေဿ သန္တိကေ ဒေသေတိ၊ ဧဝံဒေသေတုံ န ဝဋ္ဋတိ၊ ဒေသိတာ စ အာပတ္တိ န ဝုဋ္ဌာတိ၊ ဒေသနပစ္စယာ ဒုက္ကဋဉ္စ ဟောတိ၊ ဒွိန္နံတိဏ္ဏံ ပန ဧကတော ဒေသေတုံ ဝဋ္ဋတိ။
(ဝိမတိ၊ ဒု၊ ၃၀၇)

## ပါရိသုဒ္ဓိပေးလိုလျှင် ဒေသနာကြားရမည်

ပါရိသုဒ္ဓိပေးရာ၌ အာပတ်စင်ကြယ်အောင် ဒေသနာပြောကြားပြီးမှ ပေးရမည်။

ပါရိသုဒ္ဓိဒါန ပညာပနေနာတိ ဣမိနာ သာပတ္တိကေန ပါရိသုဒ္ဓိပိ နဒါတဗ္ဗာတိ ဒီပိတံ ဟောတိ။
(သာရတ္ထ၊ တ၊ ၂၀၀။ ဝိမတိ၊ ဒု၊ ၁၇၂)

### အစိဋ္ဌာန်ဥပုသ်ပြုရာ၌

မိမိတပါးတည်းသာ အစိဋ္ဌာန်ဥပုသ်ပြုသောအခါ၌ စင်ကြယ်သော ရဟန်းကိုရလျှင် အာပတ်ကို ကုစားပါမည်ဟု နှလုံးသွင်း၍ အစိဋ္ဌာန်ဥပုသ်ပြုရမည်၊ ကုစားပြီးသော် ဥပုသ် ထပ်ပြုရမည်။

ဧကေနပိ 'ပရိသုဒ္ဓံ လဘိတွာ ပဋိကရိဿာမီ'တိ အာဘောဂံ ကတွာ ကာတုံ ဝဋ္ဋတီတိစ ဝဒန္တိ။ (သာရတ္ထ၊ တ၊ ၂၀၀)

ဧကေန ပန သာပတ္တိကေန ဒူရံဂန္တွာပိ ပဋိကာတုမေဝ ဝဋ္ဋတိ၊ သမ္မာပုဏ္ဏာဒန္တေန ဘိက္ခုံ လဘိတွာ ပဋိကရိဿာမီ'တိ ဥပေါသထော ကာတဗ္ဗော၊ ပဋိကရိတွာ စ ပုန ဥပေါသထော ကာတဗ္ဗော။ (ဝိမတိ၊ ဒု၊ ၁၇၇)

### ဥတ်မဆုံးမီ ရဟန်းဝင်လာမှု

ဥပုသ်ကံပြုရာ၌ ဥတ်မဆုံးမီ ရဟန်းတပါးပါး သိမ်တွင်းသို့ ဝင်လာလျှင် ကံပျက်၏၊ ဥတ်ပြီးမှ ဝင်လာလျှင်ကား ကံမပျက်။

ဧတေနေဝ ဥပေါသထဥတ္တိယာဌပနကာလေ သမဂ္ဂါဧဝ တေ ဥတ္တိံ ဌပေသုန္တိ သိဒ္ဓံ။ ဧတေနေဝ ပါဠိယံ 'ဥဒ္ဒိဋ္ဌံ' 'သုဥဒ္ဒိဋ္ဌ'န္တိ သဗ္ဗပန္နရသကေသုပိ ဝုတ္တံ။

ဝဂ္ဂါသမဂ္ဂသညိနောတိအာဒိ ပန ဥတ္တိယာ နိဋ္ဌိတာယ 'ကိံ သံဃဿ ပုဗ္ဗကိစ္စ'န္တိ အာဒိန် ဝစနက္ခဏေ ဗဟိဂတာနံ ဘိက္ခူနံ သီမာယ ပဝိဋ္ဌတ္တာ 'ဘိက္ခူ တသ္မိံ ခဏေ ဝဂ္ဂါ ဟောန္တိ'တိ ဝုတ္တံ။ ပ။ ဥတ္တိကာ ပန ပုဗ္ဗေ နိဋ္ဌိတတ္တာ ကမ္မကော ပေါနတ္ထီတိ ဒဿိတမေဝ ဟောတီတိ။ (ဝိမတိ၊ ဒု၊ ၁၇၃)

### သိမ်တွင်း၌ ဘိက္ခုနီစသည် ရှိနေမှု

ဘိက္ခုနီမ စသည်တို့ သိမ်အတွင်း၌ ရှိသော်လည်း ဟတ္ထပါသ်လွတ်လျှင် ကံပြုကောင်း၏။

ဘိက္ခုနိယာ နိသိန္နပရိသာယာတိ အာဒိသုဟတ္ထပါသုပဂ-
မနမေဝ ပမာဏံ။ (ပါစိတျာဒိ၊ ဒိ၊ ၄၊ ၃၄၈)

တသ္မာ ကောသိမာယမ္ပိ ဟတ္ထပါသံ ဇဟာပေတွာ ဥပေါ-
သထံ ကာတုံဝဋ္ဋတိ။ (သာရတ္ထ၊ တ၊ ၂၈၁)

### ဆန္ဒမပေးအပ်သော ကံ ၃-မျိုး

(၁) သာမဂ္ဂီဥပုသ်
(၂) သာမဂ္ဂီပဝါရဏာ
(၃) တိဏဝတ္ထာရကသမထ

ဤသုံးဌာနတို့၌ ဆန္ဒဒါနကို ပယ်မြစ်၏။

တသ္မာ ယော သာမဂ္ဂီဥပေါသထေ ဆန္ဒံဒတွာ တိဋ္ဌတိစေ
နာနာသံဝါသကဘူမိယံ ယေဝတိဋ္ဌတိ၊ တဿဆန္ဒဒါယကဿ
ပဝါရဏာ သင်္ဂဟောပိနတ္ထိ၊ ယောစ တိဏဝတ္ထာရကကမ္မေ-
နာဂစ္ဆတိ သော တာဟိအာပတ္တိဟိ န သုဇ္ဈတိတိ ဝေဒိတဗ္ဗံ။
(ဝဇိရ၊ ၅၁၆)

### သံဃာပြည့်လျက် ပါရိသုဒ္ဓိပြုနိုင်

ဝိဟာရသိမ်၌ သံဃာများပါရှိသော်လည်း အကြောင်းတမျိုးမျိုးကြောင့် ခဏ္ဍသိမ်၌ ပါရိသုဒ္ဓိဥပုသ် ပြုနိုင်၏။ ဝိဟာရသိမ်, ခဏ္ဍသိမ်ဟု သိမ်ချင်း ကွဲပြားသောကြောင့် ဓမ္မကံပင်ဖြစ်၏။

ဝိဟာရသီမာယံ ပန သံဃေ ဝိဇ္ဇမာနေပိကေနစိ ပစ္စယေန
ခဏ္ဍသီမာယံ'တီ သုဒွီသုဝါ ပါရိသုဒ္ဓိဥပေါသထံ ကရောန္တေ-
သုကမ္မံ ဓမ္မေန သမဂ္ဂမေဝ၊ ဘိန္နသီမဋ္ဌတ္တာတိဒဋ္ဌဗ္ဗံ။
(ဝိမတိ၊ ဒု၊ ၁၇၀)

### နာနာသံဝါသက ၂-မျိုး

နာနာသံဝါသကသည်-

(၁) ကမ္မနာနာသံဝါသက
(၂) လဒ္ဓိနာနာသံဝါသက ဟူ၍ ၂-မျိုးရှိ၏။

ထိုတွင် ဥက္ခေပနီယံ ကံပြုအပ်သော နာနာသံဝါသကသည် ကမ္မနာနာသံဝါသက မည်၏။ ဥက္ခိတ္တာနုဝ ဝတ္တကသည် လဒ္ဓိနာနာသံဝါသက မည်၏။

တတ္ထ ဥက္ခိတ္တဂဟဏေန ကမ္မနာနာသံဝါသကော ဂဟိတော၊ နာနာသံဝါသဂဟဏေန လဒ္ဓိနာနာသံဝါသကော။

(ပါစိတျာဒိ၊ ဠ၊ ၄၂၀)

ဥက္ခေပနီယကမ္မကတော ကမ္မနာနာသံဝါသကော ဥက္ခိတ္တာနုဝတ္တကော လဒ္ဓိနာနာသံဝါသကော။

(သာရတ္ထ၊ တ၊ ၃၄၆)

### သံဃ ဂဏ ပုဂ္ဂလကံများ

ပြုလုပ်ရိုး အစဉ်အလာကံမှတပါး ကံလေးမျိုးရှိ၏။ ထိုကံလေးမျိုးကို ဤသို့ သိအပ်၏။

(၁) သံဃာလည်းပြုရ၊ ဂိုဏ်းလည်းပြုရ၊ ပုဂ္ဂိုလ်လည်းပြုရသော သံဃကံ တမျိုးရှိ၏။

ယသ္မိံ ဝိဟာရေ ဒွေတယော ဇနာ ဝသန္တိ၊ တေဟိ နိသီဒိတွာ ကတမ္ပိ သံဃေန ကတသဒိသမေဝ ယသ္မိံ ပန ဝိဟာရေ ဧကော ဘိက္ခု ဟောတိ၊ တေန ဘိက္ခုနာ ကတံ အာဒိ။ (ဝဇီရ၊ ၅၀၀)

(၂) သံဃာလည်းပြုရ၊ ဂိုဏ်းလည်းပြုရ၊ ပုဂ္ဂိုလ်လည်း ပြုရသော ဂဏကံ တမျိုးရှိ၏။

ပဝါရဏာပြုပြီးသော တပါးသော ရဟန်းတို့ကံ ပြုရသော ပါရိသုဒ္ဓိဥပုသ်ပင်တည်း။

အတ္ထိဂဏကမ္မံ သံဃော စ ကရောတိ၊ ဂဏော စ ကရောတိ၊ ပုဂ္ဂလော စ ကရောတိ၊ တံ ယော ပါရိသုဒ္ဓိ ဥပေါသထော အညေသံ သန္တိကေ ကရီယတိ၊ တဿ- ဝသေန ဝေဒိတဗ္ဗံ။ (ဝဇီရ၊ ၅၀၀)

(၃) ဂိုဏ်းသာပြုရ၏။ သံဃာမပြုရ၊ ပုဂ္ဂိုလ်မပြုရသော ဂဏကံတမျိုးရှိ၏။

အညမညာရောစ န ပါရိသုဒ္ဓိဥပုသ်ပင်တည်း။

အတ္ထိဂဏကမ္မံ ဂဏောဝ ကရောတိ၊ နသံဃော၊ နပုဂ္ဂလော တံ ယော ပါရိသုဒ္ဓိဥပေါသထော အညမညံ အာရောစနဝသေန ကရီယတိ၊ တဿ ဝသေန ဝေဒိ- တဗ္ဗံ။ (ဝဇီရ၊ ၅၀၀)

(၄) ပုဂ္ဂိုလ်သာပြုရ၏။ သံဃာမပြုရ၊ ဂိုဏ်းမပြုရသော ပုဂ္ဂလကံ တမျိုးရှိ၏။
အဓိဋ္ဌာန်ဥပုသ်ပင်တည်း။

အတ္ထိပုဂ္ဂလကမ္မံ ပုဂ္ဂလောဝကရောတိ၊ နသံဃော၊ နဂဏော၊ တံ အဓိဋ္ဌာနုပေါသထဝသေန ဝေဒိတဗ္ဗံ။ (ဝဇီရ၊ ၅၀၀)

(၅) အချို့ဂိုဏ်းသာပြုရ၏။ အချို့ဂိုဏ်းမပြုရသော ဂဏကံ တမျိုးရှိ၏။

ပါရိသုဒ္ဓိ ဥပုသ်ကံပင်တည်း။ ထိုတွင် ဉတ်မထားရသော ပါရိသုဒ္ဓိဥပုသ်ကို နှစ်ပါးသာ ပြုရ၏။ သုံးပါး မပြုရ။ ဉတ်ထားရသော ပါရိသုဒ္ဓိဥပုသ်ကို သုံးပါးသာ ပြုရ၏။ သုံးပါးထက် အယုတ်အလွန်ကား မပြုရ။

အတ္ထိ ဂဏကမ္မံ ကေစ္စေဝဂဏော ကရောတိ၊ ကေစ္စော န ကရောတိ၊ တတ္ထ အဉတ္တိကံ ဒွေယေဝ· ကရောန္တိ နတယော။ သဉတ္တိကံ တယောဝကရောန္တိ န တတော ဦနာဝါ အဓိကာဝါတိ။ (ဝဇီရ၊ ၅၀၁)

ဤကား အရိုးအစဉ်ပြုရသောကံမှတပါး တမျိုးတခြား ကံ လေးပါးတည်း။ သင်္ချာကား ငါးပါး။ ပြုလုပ်ကုံး လေးပါးပင်။

## အာယတက ဂီတဿရ

တရားဟောရာ၌ သုတ္တန်ဟောဝတ်၊ ဇာတ်ဟောဝတ်၊ ဂါထာ ဟောဝတ် စသည်တို့ကိုဖျက်၍ အက္ခရာတို့ကိုပျက်စေ၍ ရှည်စွာသော အသံဖြင့် မဟောအပ်။

အာယတကော နာမ တံ ဝတ္တံ ဆိစ္စိတွာ အက္ခရာနိ ဝိနာသေတွာ ပဝတ္တော၊ ဓမ္မေ ပန သုတ္တန္တဝတ္တံ နာမ အတ္ထိ၊ ဇာတက ဝတ္တံ နာ အတ္ထိ၊ ဂါထာဝတ္တံ နာမ အတ္ထိ၊ တံဝိနာသေ တွာ အတိဒီဃံ ကာတုံ နဝဋ္ဋတိ။

(စူဠဝဂ္ဂဋီ၊ ၄၆)

## တိဝဿန္တရ ရဟန်း

မိမိမှအတက်အောက် သုံးဝါအတွင်းရှိ၊ နှစ်ဝါကြီးနှစ်ဝါငယ်၊ တစ်ဝါကြီးတစ်ဝါငယ်ရဟန်းနှင့် အတူဟကွ ညောင်စောင်းအင်းပျဉ်

တစ်ခုတည်း၌ ထိုင်ကောင်း၏။ ဝါတူက ဆိုဖွယ်မရှိ။

တိဝဿန္တရော နာမ ယောဒ္ဒိဟိဝဿောဟိ မဟန္တတရော ဝါ ဒဟရတရောဝါ ဟောတိ၊ ယော ပန ဧကေနဝဿေန မဟန္တတရော ဝါ ဒဟရတရောဝါ ဟောတိ၊ ယောဝါ သမာနဝဿော၊ တတ္ထဝတ္ထဗ္ဗမေဝ နတ္ထိ၊ ဣမေ သဗ္ဗေကော- သိမ္ဗ မဉ္စေ ဝါ ပီဌေဝါ ဒွေ ဒွေ ဟုတွာ နိသီဒိတုံ လဘန္တိ။

(စူဠဝဂ္ဂါဒိ၊ ၇၆)

### ယာဥ်အသုံးအဖြတ်

အထီး က,သော ယာဉ်သည် မိန်းမ မောင်းသည် ဖြစ်စေ၊ ယောကျ်ား မောင်းသည်ဖြစ်စေ အပ်၏။ လက်ဆွဲ ယာဉ်သည်လည်း မိန်းမဆွဲသည်ဖြစ်စေ၊ ယောကျ်ားဆွဲသည်ဖြစ်စေ အပ်သည်သာတည်း။

ပုရိသယုတ္တံ ဟတ္ထဝဋ္ဋကန္တိ ဧတ္ထ ပုရိသယုတ္တံ ဣတ္ထိသာရထိ ဝါ ဟောတု ပုရိသသာရထိဝါ၊ ဝဋ္ဋတိ၊ ဟတ္ထဝဋ္ဋကံပန ဣတ္ထိယောဝါ ဝဋ္ဋေန္တုပုရိသာဝါ ဝဋ္ဋတိယေဝ။

(ပါစိတျာဒိ၊ ဌ၊ ၃၆၉)

### ဥစ္စာသယန မဟာသယန အကျယ်

| | | |
|---|---|---|
| (၁) အာသန္ဒိ | – | မြတ်စွာဘုရား လက်ရှစ်သစ်ပမာဏ ထက် လွန် သော အ ခြေ ရှိ သော ညောင်စောင်း၊ အင်းပျဉ်။ |
| (၂) ပလ္လင်္က | – | ခြေထောက်တို့၌ သားရဲရုပ် တပ် သော နေရာ။ |
| (၃) ဂေါနက | – | လက် လေး သစ် ထက် လွန် သော အမွေးရှိသော ကော်ဇောနက်ကြီး။ |
| (၄) စိတ္တက | – | သားရဲရုပ် စသည်တို့ဖြင့် ဆန်းကြယ် စွာ စီခြယ်၍ ယက်လုပ်အပ်သော သားမွေးအခင်း။ |
| (၅) ပဋိက | – | ဖြူသောအမွေးအခင်း။ |
| (၆) ပဋလိက | – | ပန်းပြောက်ခြယ် သားမွေးအခင်းနီ။ |
| (၇) တူလိက | – | လဲသွတ်အခင်း။ |

(၈) ဝိကတိကာ — ခြသေ့်ရုပ်၊ ကျားရုပ် စသည်တို့ဖြင့် ဆန်းကြယ်စွာ ပြုလုပ်သော သားမွေးအခင်း။

(၉) ဥဒ္ဒလောမိ — တဘက် အမွေးရှိသော သားမွေးအခင်း။

(၁၀) ဧကန္တလောမိ — နှစ်ဘက်အမွေးရှိ သားမွေးအခင်း။

(၁၁) ကဋ္ဋိဿ — ရွှေခြည်ထိုးအခင်း။

(၁၂) ကောသေယျ — ပိုးချည်အခင်း။

(၁၃) ကုတ္တက — တ ကျိပ် ခြောက် ယောက် သော က ခြေ သည် တို့ ကလောက်သော သားမွေးအခင်းကြီး။

(၁၄) ဟတ္ထတ္ထရ — ဆင်ကျောက်ကုန်း၌ ခင်းအပ်သော ဆင်ကုန်းနှီး။

(၁၅) အဿတ္ထရ — မြင်းကျောက်ကုန်း၌ ခင်းအပ်သော မြင်းကုန်းနှီး။

(၁၆) ရထတ္ထရ — ရထား၌ ခင်းအပ်သော ရထားခင်းနှီး။

(၁၇) အဇိနပ္ပဝေဏိ — သစ်နက်ရေတို့ဖြင့် ညောင်စောင်း ပမာဏ ချုပ်စပ်အပ်သော သိမ်မွေ့သော အခင်း။

(၁၈) ကဒလိမိဂပဝရ ပစ္စတ္ထရဏ — ဖြူသောပုဆိုး၏အထက်၌ ဝံပိုင်ရေကို ဖြန့်၍ချုပ်အပ်သော, မြတ်သော အခင်း။

(၁၉) သဥတ္တရစ္ဆဒ — အထက်၌ မျက်နှာကြက် အနီဖြင့် ဖွဲ့၍ပြုအပ်သော အခင်း။ မျက်နှာကြက် ဖြူသော်လည်း အောက်၌ အပ်သောအခင်းရှိမူ မအပ်။

၅၀-နံ-၊-စို-၊-ဧ-ဖ-၁-ငံ-စ-ဉ် (၈)

(၂၀) ဥဘတော

လောဟိတကုပဓာန —ခေါင်းအုံး၊ ခြေအုံး၊ အုံးနှီ နှစ်ဘက် ရှိနေရာ၊ ခေါင်းအုံးဖြစ်စေ၊ ခြေအုံး ဖြစ်စေ တလုံးလုံးသည် အုံးနှီ၊ အုံး ပြောက်ပင် ဖြစ်သော်လည်း ပမာဏ နှင့် ယှဉ်က အပ်၏။ နှစ်လုံးနှီသော် မအပ်။ ဖြူသော်ကား အပ်သည် ချည်းတည်း။

အဖျော်ရှစ်ပါး

(၁) အမ္ဗပါန သရက်သီးစိမ်း၊ သရက်သီးမှည့်တို့ဖြင့် ပြုအပ် သော အဖျော်။

ရဟန်းကိုယ်တိုင်ပြုလျှင် ထိုနေ့ အကပ်ခံသော ပျား သကာ၊ ပရပ်၊ စသည်တို့ဖြင့်ဖျော်၍ပြုအပ်သော အဖျော် သည် နံနက်သာအပ်၏။ လူ၊ သာမဏေတို့ပြုအပ်သော အဖျော်ကို နံနက်၌အကပ်ခံမူ အာမိသနှင့်ရော၍ သုံး ဆောင်ကောင်း၏။ ညအခါ၌ အာမိသနှင့် မရောပဲ အရဏ်တက်သည်တိုင်အောင် သုံးဆောင်ကောင်း၏။

(၂) ဇမ္ဗုပါန — သပြေသီးအဖျော်။

(၃) စောစပါန — အစေ့ ရှိ သော တော ငှက် ပျော အဖျော်။

(၄) မောစပါန — အစေ့ မရှိသော အိမ်ငှက်ပျော အဖျော်။

(၅) မဓုကပါန — ရေနှင့်ရောသော သစ်မည်စည်သီး အဖျော်။

(၆) မုဒ္ဒိကပါန — မုဒရက်သီးဖျော်။

(၇) သာလူကပါန — ကြာနီ၊ ကြာညို၊စသော ကြာစွယ် အဖျော်။

(၈) ဖာရုသကပါန — ဖက်သက်တရော်သီးအဖျော်။

ထိုအဖျော်တို့သည် ရေအေးဖြင့် လည်းကောင်း၊ နေပူဖြင့် လည်းကောင်း၊ ပြုသော်သာအပ်၏။ မီးဖြင့်ချက်မူ မအပ်။

အရည်လေးပါး

(၁) ခဇ္ဇဖလရသ – စပါးမျိုး ခုနစ်ပါးအရည်။

(၂) ဥာကရသ – ဟင်းရွက်ကျက်အရည်။

မွန်းတည့်ရုံ စားကောင်းသော သစ်ရွက်အရည်သည် နံနက်သာ အပ်၏။ အကပ်ခံထားသော, ထောပတ်စသည်တို့နှင့် ချက်ထားသော ယာဝဇီဝိကအရည်ကား သတ္တာဟကာလိကတည်း။ အကယ်၍ ရေသက်သက်ဖြင့်ချက်မူ ယာဝဇီဝိက၊ နို့ရည် စသည်တို့နှင့် ချက်လျှင် မအပ်။(ယာဝကာလိက-ဟူလို)

နို့ရည်စသည်တို့မှတပါး မအုံးရည်၊ ရက်တက်ရည် စသည်တို့နှင့် ချက်မူ ဟင်းရွက်ကျက်အရည်ဖြစ်၍ အပ်၏။ ယာဝကာလိက ဖြစ်သော သစ်ရွက်တို့ကို ရေအေးဖြင့်လည်းကောင်း၊ နေလှမ်း၍လည်းကောင်း ပြု အပ်သော အရည်သည် အပ်၏။ ကုရုန္ဒီ အဋ္ဌကထာ၌ ဆို၏။

(၃) မဓုကပုပ္ဖရသ – သစ်မည်စည်ပွင့်အရည်။

၎င်းသည် မီးဖြင့်လည်းကောင်း၊ နေပူဖြင့်လည်းကောင်း ချက်မူ ညဉ့်အခါမအပ်။ နံနက်အခါ၌သော်လည်း ၎င်းကို သေရည်ပြုမူ ပြုစမှာ ပင် မအပ်။ ၎င်းဖြင့် ပြုအပ်သောတင်လဲသည် နံနက်အခါ၌ အပ်၏။

(၄) ဥစ္ဆုရသ – ကြံရည်။

အဖတ်မရှိသောကြံရည်သည် ညဉ့်အခါ၌ အပ်၏။

ဒုက္ကဋ် ရှစ်ပါး

(၁) ပုဗ္ဗပယောဂဒုက္ကဋ်

ထေယျစိတ္တော ဒုတိယံဝါ ကုဒါလံဝါ ပိဋကံဝါ ပရိယေသတိဂစ္ဆတိဝါ၊ အာပတ္တိဒုက္ကဋဿ'ဟု လာသောအရာ၌ ဒုက္ကဋ်သည် မခိုးမှီ ရှေးအဖို့၌ဖြစ်သော ပယောဂကြောင့် သင့်သော ဒုက္ကဋ် မည်၏။

ဤ၌ ဒုက္ကဋ်အရာ၌ဒုက္ကဋ်၊ ပါစိတ်အရာ၌ပါစိတ်။

(၂) သဟာပယောဂဒုက္ကဋ်

'တတ္ထဇာတကံ ကဋ္ဌံဝါ လတံဝါ ဆိန္ဒတိ၊ အာပတ္တိဒုက္က-ဋဿ' ဟုလာသောအရာ၌ ဒုက္ကဋ်သည် ခိုးခြင်းနှင့်တကွ ဖြစ်သော ပယောပကြောင့် သင့်သောဒုက္ကဋ်မည်၏။

ဤ၌ ပါစိတ်ဝတ္ထုသည် လည်းကောင်း၊ ဒုက္ကဋ်ဝတ္ထုသည် လည်းကောင်း၊ ခိုးခြင်း၏ အတူတကွဖြစ်သော ပယောဂဖြစ်သောကြောင့် ဒုက္ကဋ်သာဖြစ်၏။

(၃) အနာမာသဒုက္ကဋ်

ရဟန်းများ မသုံးအပ်သော ရတနာ ၁၀-ပါး၊ စပါးမျိုး ၇-ပါး၊ လက်နက်ဘဏ္ဍာ၊ တူရိယာဘဏ္ဍာ၊ မိန်းမရုပ်ပုံ အစရှိသည်ကို သုံးသပ်ခြင်းကြောင့် သင့်သောဒုက္ကဋ်မည်၏။

(၄) ဒုရူပစိဏ္ဏဒုက္ကဋ်

ငှက်ပျောပင် အုန်းပင် အစရှိသော အပင်၌ ဖြစ်သော အသီးတို့ကို မကိုင်ကောင်း၊ ကိုင်မိလျှင် မပြုအပ်ဟုတားမြစ်အပ်သော အမှုကိုပြုသည့်အတွက်မကောင်းသောအလေ့အကျင့်ကြောင့် သင့်သော ဒုက္ကဋ်မည်၏။

(၅) ဝိနယဒုက္ကဋ်

ဆွမ်းခံလှည့်စဉ် မြူမှုန်ကျလျှင် ထိုမြူမှုန်ကို ကျရာဆွမ်းနှင့်တကွ ဖယ်၍မပစ်ပဲသော် လည်းကောင်း၊ သပိတ်ကိုထပ်၍အကပ်မပဲသော် လည်းကောင်း၊ ဆွမ်းမခံရသေးလျှင် သပိတ်ကို ဆေးမပစ်ပဲသော်လည်းကောင်း၊ ဆွမ်းခံလျှင် ဒုက္ကဋ်အာပတ်သင့်၏။

ထိုဒုက္ကဋ်သည် ဝိနည်း၌ ပညတ်တော်မူအပ်သော ဝိနယ-ဒုက္ကဋ်မည်၏။

ရဟန်းများ ခဲတွယ်ဘောဇဉ်ကို အကပ်မခံပဲ နေရာမရွေ့အောင် ထိရုံထိလျှင် အနာမာသ ဒုက္ကဋ်သင့်၏။ နေရာရွေ့လျှင် ဥဂ္ဂဟိတကဒုက္ကဋ် ဟုခေါ်ကြ၏။ ဒုက္ကဋ်ရှစ်မျိုးတွင် တိုက်ရိုက်မပါသောကြောင့် ဝိနယဒုက္ကဋ်၌ သွင်းသင့်၏။

(၆) ဉာတဒုက္ကဋ်

သံဃာ ကွဲပြားအောင် အားထုတ်နေသူကို မပြောဆိုခြင်းကြောင့် သင့်သောဒုက္ကဋ်မည်၏။

(၇) ဉတ္တိဒုက္ကဋ်

သံဃာဒိသေသ်၌လာသောသမနုဘာသနကံ၌ ဉတ်ကြောင့် သင့်သော ဒုက္ကဋ်မည်၏။

(၈) ပဋိဿဝဒုက္ကဋ်

တဿာဘိက္ခဝေ ဘိက္ခုနော၊ ပုရိမိကာစ နပညာယတိ၊ ပဋိဿဝေစ အာပတ္တိ ဒုက္ကဋဿာတိ ဟုလာသောအရာ၌ ဒုက္ကဋ်သည် ဤကျောင်းသို့ လာနေပါမည်ဟု သန့်ရှင်းသောစိတ်ဖြင့် ဝန်ခံပြီးလျှင် နောင်အခါ လာ၍မနေသော ရဟန်းအား ဝန်ခံမှုပျက်ကွက်ခြင်းကြောင့် သင့်သော ဒုက္ကဋ်မည်၏။

## ဒုက္ကဋ်ရှစ်ပါးဂါထာ

ပုဗ္ဗသဟ ပယောဂေစ၊ အနာမာသ ဒုရူပစိဏ္ဏော။
ဝိနယေစေဝ ဉာတေစ၊ ဉတ္တိယာစ ပဋိဿဝေ။
အဋ္ဌေတေ ဒုက္ကဋာဝုတ္တာ၊ ဝိနယေ ဝိနယညုနာ။

## မှော်ဘီဆရာသိန်းကြီးပုစ္ဆာကိုဖြေဆိုချက်

၁၃၀၁ ခု၊ တပို့တွဲလဆုတ် ၃ရက် (စနေနေ့)

ကျောင်းတကျောင်း၌ ရဟန်းတပါးသာ ရှိပါသည်။ ၎င်းရဟန်း ပျံတော်မူရာ၊ ပျံတော်မူသောရဟန်း၏ အိပ်ရာနံဘေး၌၊ သေတမ်းစာ ရေးထားသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်ဘုရား-

တပည့်တော်လျှောက်ထားခဲ့ပါသည်ဘုရား၊ တပည့်တော်ပိုင် ဂရုဘဏ် လဟုဘဏ်ပစ္စည်းများကို အရှင်ဘုရားအားလှူပါ၏၊ မျက်ကွယ်ဖြစ်သော်လည်း လက်မှတ်ထိုး၍ အလှူခံတော်မူပါ ဘုရား၊ တပည့်တော်မရှိနောက် တပည့်တော်၏ တပည့်များလည်း စောင့်ရှောက်တော်မူပါဘုရား။

ခု-လ ရက်၌ အသိသက်သေမပါ၊ အလှူခံရသောပုဂ္ဂိုလ်သည် လက်ခံ သင့် မသင့် ဝိနိစ္ဆယအမြန်အလိုရှိပါသည်ဘုရား။

## ဝိနိစ္ဆယကကာ

(က) ယင်းစာတမ်းပါ စကားများကို ထောက်ချင့်သဖြင့် အသိသက်သေ မပါသော်လည်း အလှူခံရသော ပုဂ္ဂိုလ်သည် လက်ခံသင့်၏။ အဘယ့်ကြောင့်ဆိုသော် မသေမီ အသက်ရှည်စဉ်က ပေးထား ခဲ့သောကြောင့်တည်း။

သစေပန သော ဇီဝမာနေ့ာယေဝ သမ္ပဋ္ဋအတ္တနော ပရိ-
က္ခာရံ နိယျာဒေတွာ ကာလံကရောတိ အဒါသိ၊ ကောစိဝါ ဝိဿာသံ
အဂ္ဂဟေသိ ယသ္မိံ ဒိန္နံယေနစ ဂဟိတံ၊ တဿေဝဟောတိ၊
တဿရ ခိယာဧဝ ဂိလာနုပဋ္ဌာကာ လဘန္တိ။

(ဓီဝရဘာဇနကထာဝဏ္ဏနာ)

အကယ်၍ အသက်ရှည်စဉ်ကပင် အလုံးစုံသော မိမိပိုင် ပရိက္ခရာ ကိုစွန့်၍ တစုံတယောက်သောသူအား ပေးခဲ့အံ့။ တစုံတယောက်သော သူသည်လည်း အကျွမ်းဝင်သဖြင့် ယူအံ့။ အကြင် ပုဂ္ဂိုလ်အား ပေးအပ် ၏။ အကြင်ပုဂ္ဂိုလ်သည် ယူအပ်၏။ ထိုပေးရာပုဂ္ဂိုလ်၊ ယူသည့်ပုဂ္ဂိုလ် များသာ ထိုပရိက္ခရာသည် ဖြစ်၏။ ထိုပုဂ္ဂိုလ်များ၏ အလိုအတိုင်းသာ ဂိလာန လုပ်ကျွေးသူတို့ ရထိုက် ရသင့်ကုန်၏။ (မြန်မာပြန်ချက်)

(ခ) မျက်ကွယ်ပင် ဖြစ်ငြားသော်လည်း အပေးမြောက်ရကား လက်ခံသင့်၏။

ဣမံ တုယှံဒေမိ၊ ဒဒါမိ ဒဇ္ဇာမိ ပြဏောဇေမိ ပရိစ္စဇာမိ
ဝိဿဇ္ဇာမိတိဝါ ဣတ္ထန္နမဿ ဒေမိ။ လ။ ဝိဿဇ္ဇာ မီတိဝါ သတိ။
သမ္မုခါပိ ပရမ္မုခါပိ ဒိန္နံယေဝ ဟောတိ။

ဒါနလက္ခဏာပြ ဝိနယအဋ္ဌကထာကြီးများ၌ လာပေ၏။

အထူးသတိပြုရန်မှာ—

ထိုသေတမ်းစာ ရေးထားခဲ့သော ရဟန်းတော်၏ ပရိယတ္တိ ရှိ-မရှိ။ ထိုရေးစာသည် ထိုပုဂ္ဂိုလ် ကိုယ်တိုင် ရေးခြင်း ဟုတ်-မဟုတ်၊ အလှူခံရသော ပုဂ္ဂိုလ်နှင့် ဒဋ္ဌမိတ္တ ဖြစ်မဖြစ် စိစစ်ဖို့ရန် ကောင်း ပေ၏။

(၁၃၀၁-ခု တပို့တွဲလဆုတ် ၁၁-ရက်၊ တနင်္ဂလာနေ့)

## မန္တလေးမိုးကောင်းတိုက်မှ ဝိနိစ္ဆယ

ရဟန်းတို့မှာ ရထိုက်သော အမွေသည်—

(၁) ပတ္တစီဝရ၊

(၂) ပတ္တစီဝရမှတပါး လဟုဘဏ်၊

(၃) ဂရုဘဏ်

– ဟု သုံးမျိုးရှိရာ မည်သူ့ကိုမျှမပေးမလှူပဲ ပျံလွန်တော်မူ၍ သွားသော ပုဂ္ဂိုလ်၏ လဟုဘဏ် ဂရုဘဏ်များအနက် လဟုဘဏ်တွင် ပတ္တစီဝရကို အလုပ်အကျွေးပုဂ္ဂိုလ် သက်ဆိုင်၍၊ ကျန်သော လဟုဘဏ်ကို သမ္မုခီဘူတသံဃာဆိုင်ပြီးလျှင် ဂရုဘဏ်ကို စတုဒိသာသံဃာ ဆိုင်သည်ဟု ကျမ်းဂန်၌ ဆိုပေသည်။

ယခုမှာမူ အရှင်ဘုရားအား လှူပါ၏ဟုဆိုကာ ရေးထားသောစာသည် ပျံလွန်သူ ပုဂ္ဂိုလ်၏ လက်ရေး ဟုတ်-မဟုတ် စိစစ်ရပေမည်။ မဟုတ်ခဲ့သော် ဆက်လက်၍ စိစစ်ဖို့ရန် လိုမည် မထင်ပေ။ ပျံလွန်သူ ပုဂ္ဂိုလ်၏ လက်ရေး စေကန်မှန်ခဲ့အံ့၊ အောက်ပါ ဗျတိရိတ် အန္ဓယ စကားတို့ဖြင့် သန္နိဋ္ဌာန်ကျ ယူဆစရာ ရှိပေသည်။

> နရူပာတစ္စယေဒါနံ၊ ပဥ္စန္နံသဟဓမ္မိနံ
> သံဃသောဝစတံဟောတိ

ယင်းစကား၌ ခံသူသို့ မရောက်(ဝါ) အပေးခံရသူ၏ ဥစ္စာမဖြစ်ဟု ဆိုခြင်းသည် အနာဂတ်စကားနှင့် ယူရစ်ဟု သုံးသောကြောင့်သာ ဖြစ်ပေသည်။

အကယ်၍ ဤမည်သော ပုဂ္ဂိုလ်အား ပေးပါ၏ဟု ပစ္စုပ္ပန်နှင့် သုံးလျှင် အပေးခံရသူ ရသည်ဟု ယူဆရပေမည်။

> အသုကဿ မဋ္ဌိမသောဝ ဒမ္မိတိ ဒိန္နံ။

အသုကဿ၊ ဤမည်သောသူအား။ ဒမ္မိတိ၊ ပေးပါ၏ဟု၊ ဒိန္နံ၊ ပေးအပ်သော ဥစ္စာသည်။ ပဋ္ဌိမသောဝ၊အပေးခံရသော နောက်ရဟန်း၏သာလျှင်။ သန္တကံ၊ဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။

ငင်းစကားသည် သက်နှင့် ပတ်သက်၍ဆိုသော စကားဖြစ်သော်လည်း ဂရုဘဏ် လဟုဘဏ် ဟူသမျှမှာ သက်နှး၌ဆိုသော နည်းအတိုင်းသာ ယူဆရပေမည်။

ဒမ္မိဟုပေးသော ပုဂ္ဂိုလ်က ပစ္စုပ္ပန်စကားနှင့် ပေးခြင်းသည် မျက်ကွယ်မှာဖြစ်စေ၊ မျက်မှောက်မှာဖြစ်စေ ပေးခြင်း လက္ခဏာ မြောက်၍ အပေးခံရသူ ရသည်ဟု ဆိုရပေမည်။

ဤသို့ ခုဒ္ဒသိက္ခာကျမ်းလာ စကားကို ထောက်၍ ပုံလွန်သူ ပုဂ္ဂိုလ်၏ လက်ရေး ကောန်စင်စစ် မှန်အံ့။ အလှူခံရသူ ရထိုက်သည်ဟု ဆိုရပေမည်။

○

# နောက်ဆက်တွဲ

## ဖလုံကျောင်း သာသနမလ ဝိသောဓနီ

## သိမ်အောင်စာ

နမော ဗုဒ္ဓါယ သိဒ္ဓမ်

သောဓေန္တိ ဇိနစက္ကဿ၊ ဇောတေန္တိစ အနာကုလာ။
ဒင္ဂုဠာတုအယံသီမာ၊ သာဓုသာဓုတိ သမ္မတာ။

သာဓုသာဓုတိ-မဟာသာဓု၊ ဂုဏ်လျှံထုဖြင့်၊ ဇမ္ဗူကျက်သရေ၊ လက်လက်ဝေသား၊ ထေရ်ကျော်အပေါင်း၊ အရှင်ကောင်းတို့သည်။ သမ္မတာ—ဆယ်ဖြာသော ဗျဉ္ဇနဗုဒ္ဓိ၊ စောင်းကြိုးကို ညှိဘိသကဲ့သို့၊ ထိမိမှန်ကန်၊ ကရိုဏ်းနှင့်ပယတ်ဌာန်တို့ကို၊ မလွန်မယုတ်ရအောင်၊ နှုတ်တော်ရွတ်ဖတ်၊ သမုတ်အပ်သော။ (၀၊) သာဓုသာဓုတိသမ္မတာ-ပြည်ထောင်တည်လမ်း၊ ဤတခေတ်ဝယ်၊ စနစ်ပုံမှီး၊ ခုံကြီးတည်လောက်အောင်၊ ကောင်းသည်မြတ်သည်၊ လျှောက်ပတ်သည်ဟု၊ နှုတ်ရည်ဝိညတ်၊ ထေရ်ကျော်မြတ်တို့၊ အမှတ်တခု၊ အသိပြုအပ်သော။ အယံသီမာ—သာသနမလ၊ ဝိသောဓနိ၊ ဘွဲ့မည်ထိန်လျှပ်၊ ဤသိမ်တော်မြတ်သည်။ ဇိနစက္ကဿ-ဘုရားမြတ်စွာ၊ သာသနာသုံးရပ်၊ စက်တော်မြတ်၏။ မလံ-ပြင်ပဗာဟိ၊ ဝိတဏ္ဍိတို့၊ ဝါဒီရစ်မှေး၊ အညစ်အကြေးကို။ သောဓေန္တိ- နေလျှံရှိန်ကြောက်ဆီးနှင်းပေါက်သို့၊ ပျောက်စေပယ်နှင်း၊ ရှင်းလင်းသုတ်သင်လျက်လည်းကောင်း၊ ပဘံ-သီလသမာဓိပညာဟု၊ သိက္ခာတန်ဆောင်၊ အလင်းရောင်ကို။ ဇောတေန္တိစ-ဘက်စနေဝန်း၊ ထွန်းသစ်စသော်တာ၊ ကဲ့ပမာသို့၊ လျှံဖြာရွှန်းဝေ၊ တောက်ထွန်းစေလျက်လည်းကောင်း။ အနာကုလာ-နှောင့်ယှက်ပိတ်ပင်၊ ရန်မထင်သည်ဖြစ်၍။ ဒင္ဂုဠာတု-ပဥ္စသဟဿ၊ နှစ်တိုင်လတ်အောင်၊ မတ်မတ်ခိုင်ကြည်၊ တည်ပါစေသတည်း။

အောင်သုတကာတို့၏ မဟာဝိဇယိန္ဒာဓိပတိ၊ သီရိပဝရ၊ တြိလောကဝဋ္ဋံသကာ၊ ဝိဇယာဒိစ္စ၊ဝိဇိတမွန်ကင်း၊သုံးတိုက်တွင်းဝယ်၊ မင်းဆုံးမမှုရာဇ်၊ ဘုန်းလျှံသစ်သော၊ ရှင်ချစ်ပရမေ၊ ဘုရားသုံးသူဆွေသည်၊ အောင်မြေမာရ်နှင်၊ ဘွေပလ္လင်၌၊ သံထင်ရိုက်ချုံး၊ ယမိုက်ဘုန်းမြင့်၊ တိုက်လုံးငြိမ်တေ၊ ကောင်းတင်ချွေစေလျက်၊ ဝေနေသူကို၊ ဆယ်ယူကယ်မ၊ မြိုက်ဆူငှ၍၊ ရာဇဂြိုဟ်မည်၊ ထိုရွှေပြည်ဝယ်၊ သီလုစ္စယ၊ ဂိဇ္ဈကုဋ်၊ တောင်ဖွေယ်၌၊ လေးတန်ယာပထ၊ ဝိဟာရဖြင့်၊ မျှတတင့်တယ်၊ စံပယ်ကိန်းမွေ့တော်မူသောအခါ....

'ဧတ္တာဝတာ သာမဂ္ဂီ ယာဝတာဧကောဝါသော' ရှင်စောမိန့်ဖော်၊ တရားတော်၌၊ အာပေါ်ခဲ့ကြိတ်၊ ဉာဏ်မစိတ်နိုင်သဖြင့် 'ကိတ္တာဝတာနုခေါ် ဧကောဝါသောဟောတိ'ဟု....

တည်းလည်းပုစ္ဆာ၊ ဤအရာဝယ်၊ ပြဿနာစကား၊ ရဟန်းများတို့၊ တရားအခြေပြု၊ မေးလျှောက်သောဝတ္ထုဝယ်၊ 'အနုဇာနာမိ ဘိက္ခဝေ သီမံသမ္မန္နိတုံ' ရွှေခွန်းစုံကို၊ သုံးဘုံလူထိပ်၊ ဟောဘော်ညိတ်၍၊ ဘိက္ခုတွင်မည်၊ ထိုထိုထေရ်တို့ လေးလီသောသံဃာ့ကံကို၊ စိမံပြုစု၊ လွယ်ကူမှုဖြင့်၊ ဖာသုဝိဟာရ၊ သဃသုဋ္ဌုအရေး၊ မြော်တွေးထွန်းထိန်၊ ရွှေဉာဏ်ချိန်၍၊ သိမ်သမုတ်ရန်အရေးကို၊ ခွင့်ပေးပညတ်တော်မူခဲ့ပါသည်။ ယင်းသို့ သီမသမ္မုတိကံ၊ ပြုနိုင်ရန်ကို၊ နှုတ်သံငြိမ့်လေး၊အခွင့်ပေးသည်တွင်၊ ရှေးရှေးသာသနာဝင်၊ သူတော်စင်အမျိုးသား၊ သာသနာ ဒါယကာအများတို့သည်—

(၁) ဘုရားမြတ်စွာ၊ သာသနာသည်၊ သံဃာတော်အရှင်မြတ်တို့သား လျှင်၊ မချွတ်မူလ၊ ပဘဝရှိချေ၏။

(၂) သံဃာဂိုဏ်းဝင်၊ ထေရ်သခင်တို့သည်လည်း၊ ရှင်ပင်ဆုံးမ၊ ဟောညွှန်ပြသော၊ သံဃာ့ကံလေးပါးသာလျှင်၊ ထင်ရှားမူလ၊ ပဘဝရှိချေ၏။

(၃) သံဃာ့ကံလေးပါးတို့သည်လည်း၊ ပိုင်းခြားညွှန်ပြ၊ ခဏ္ဍမဟာ၊ သိမ်နှစ်ဖြာလျှင်၊ ပဋ္ဌမာဒိက၊ မူလအမွန်ရှိချေ၏။

ထိုသုံးချက်သော အရေးတို့ကို၊ ကြည်အေးရှင်မော၊ နှစ်လို ဇောဖြင့်၊ မုနောတင့်စံ၊ သိမ်ဒါယကာခံကြ၍၊ နိုင်ငံတော်အရပ်ရပ် ဝယ်၊ ပြသာဒ်ရောင်မောင်း၊ သိမ်တန်ဆောင်းတို့ဖြင့်၊ မွေညောင်းရှုဖွယ်၊ ကုသိုလ်ခေတ်နယ်ကျယ်၍၊ ဘုန်းကြွယ်မြတ်စွာ၊ သာသနာသည်၊အခါ မျက်မှောက်၊ ယနေ့ရောက်အောင်၊ ထွန်းတောက်ထိန်လင်းဆဲ ရှိပါ သတည်း။

ဤသို့ထုံးနွယ်၊ ဘုန်းကြွယ်မြတ်စွာ၊ သာသနာသည်၊ မင်္ဂလာ ရှိန်ဝေ၊ ထွန်းထိန်လေသဖြင့်၊ ယနေ့မျက်မှောက်၊ ရောက်လတ်သော ကာလဝယ်၊ အင်းစိန်ခရိုင်၊ ဖလုံဘူတာကျောင်းသစ်အရာမ်မြေအတွင်း ၌၊ ခပင်းများစွာ၊ ဒါယကာတို့ကလည်း၊ အရှင်ဃောသိတမထေရ်ကို၊ ရှေးသွားပြု၍၊ လျှောက်ထား တောင်းပန် အပ်သည် ဖြစ်သော ကြောင့်၊ သံဃုက္ကဋ္ဌ၊ ဂဏပါလ၊ ဂဏာစရိယ၊ ဖြစ်တော်မူသော သံဃာ တော် နှစ်ကျိပ်ကျော်တို့သည်၊ ပကတိဂါမခေတ် နယ်ပယ်အပိုင်းအခြား များကို အစောင့်ထားလျက်၊ ပရိသသမ္မုတ္တိအမှုကို၊ ပြုလုပ်ပြီးပြေအေး၊ ခအောင်မြင်စေ၍၊ သီမာယ သိမံ သမ္မန္နန၊ သီမာယ သိမံ အဇ္ဈောတ္ထ ရဏ၊ ဒေါသမထင်၊ ပြစ်ကင်းစင်အောင်၊ ခရုပတ်ပြားကြီး၊ တနည်း ခြသေ့်တိုင်၊ ခရိုင်နယ်ပြတ်၊ တောင်တန်းလတ်၊ ရက်ကန်းခတ်၊မှတ်ဖွယ် အသီးသီး၊ သိမ်နှုတ်နည်းတို့ဖြင့် နှုတ်ပြီးနှင်သော....

မြေအရပ်ဝယ်၊ ထပ်လျှောက်ဆင့်ကာ၊ ဝိနယာလင်္ကာရဋီကာ အတွက်၊ ညောင်စောင်းကွက်တို့ဖြင့်၊ လက်ယာခွေပတ်၊ အကြိမ်ဝပ် အောင်၊ ရွတ်ဖတ်ညီညာ၊ ကမ္မဝါဖြင့်၊ သီမာသမူနဟာကံ၊ စီမံပြီးပြေ လတ်သော်၊ နိမိတ္တသမ္မုတ္တိ၊ ကမ္မဝါစာသမ္မုတ္တိအမှုတို့ကိုလည်း၊ ပြုလုပ် ပြီးပြေအောင်မြင်စေ၍၊ သိမ်သမုတ်ခြင်းကိစ္စသည်၊သာသနာသက္ကရာဇ် ၂၅၀၄ ခု၊ မြန်မာသက္ကရာဇ်-၁၃၂၂ခု၊ နယုန်လဆန်း ၇ ရက် အင်္ဂါ နေ့ည တချက်တီးအချိန်ဝယ်၊ ပြီးဆုံးခြင်းသို့ရောက်သတည်း၊

ဤသို့သမုတ်ခြင်းတို့ဖြင့် လူမင်းမြတ်စွာသာသနာဝယ်၊ မဟာဒုက္ကရ အမည်ရလောက်သော သာသနမလ ဝိသောဓနီ၊ ဘွဲ့မည်ထိန်ကျ၊ ဤ- သိမ်တော်မြတ်ကို၊ လူနတ်နှုမော်ကောင်းကြီး ခေါ်ကြစေကုန်သတည်း။

စေတနာစဉ်စီ၊ သမင်္ဂီတည်၊ ပါရမီစိတ်သန့်၊ တိဟိတ်ဉာဏ်ဖြင့်- နိဗ္ဗာန်လျှော့ခါး၊ ပွင့်စေသားဟု၊ ပွားများလေ့လာ၊ ပြုကြပါသော၊

သာသနာနုဂ္ဂဟ၊ မြတ်ပုညကြောင့်၊ ဆန္ဒရှိရှိ၊ အားသစ်ဘိသာ၊ ဗောဓိဆုကြီး၊ ရှယ်တိုင်းပြီး၍၊ ရှစ်ဘီးမဂ်ဖိုလ်၊ ဖွင့်ရလို၏။ ထိုကုသလ၊ ဖို့ဘာဂကို၊ သမ္မတရာဇာ၊ မတ်မဟာလျှင်၊ ပဌမာဒိကာ၊ လက်မှန်စ၍၊ မြန်မာပြည်ဘောင်၊ တိုင်းရပ်ဘောင်၌၊ တောင်ပေါ်တခွင်၊ မြေပြန့်လွင့်ဝယ်၊ လူရှင်အပေါင်း၊ ရစေကြောင်းဖြင့်၊ နှစ်ဘောင်းကြည်အေး၊ အမျှပေး၏။ တောဘုံရပ်သူ၊ နတ်နှင့်လူလည်း၊ ထပ်တူကြည်ဖြူ၊ ရစေဟူ၍၊ နိဗ္ဗူဗီဇ၊ မျိုးစေ့ငှာသည်၊ အမျှ-အမျှ-အမျှ ရကြသည်ဖြစ်စေသော်....။

## ကင်းမဏီ အလယ်ရွာ အလင်းရောင်ကျောင်း သိမ်အောင်စာ

(၁) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူနတ်ဗြဟ္မာ၊ သတ္တဝါခပင်း၊ အမင်းမင်းတို့၏၊ ဝပ်စင်းဦးခိုက်၊ ပူဇော်အထူးကိုခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန်သယမ္ဘူဉာဏ်ဖြင့်၊ ငါးတန်ဥဿယျ၊ ဓမ္မလုံးစုံ၊ တရားပုံကို၊ အကုန်အစဉ် သိမြင်တော်မူပြီးထသော။ တဿဘဂဝတော၊ ဣဿရိယ စသည်အပြား၊ ဘုန်းခြောက်ပါးသခင်၊ ထိုဘုရားရှင်အား။ နမော၊ ရိုသေမြတ်နိုးလက်စုံမိုး၍၊ ရှိခိုးပါ၏ဘုရား။

(၂) ဇောတာပေတု အယံသီမာ၊ ဉာဏာလောကေန ပါဏိနံ-
အန္တရာယေ ဝိဒ္ဓံသေတွာ၊ ယာဝတိဋ္ဌတု သာသနံ။

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်သည်။ တိဋ္ဌတိ၊ တည်ရှိသေး၏။ တာဝ၊ ဘုရားသာသနာ၊ လူ့ပြည်ရွာ၌၊ တည်ပါသမျှကာလပတ်လုံး။ အယံသီမာ၊ သဒ္ဓမ္မ-ဇောတနီ၊ အမည်တွင်လသ် ဤသိမ်တော်မြတ်သည်။ ပါဏိနံ၊ ဝေနေယျတြာ၊ သတ္တဝါအပေါင်းတို့အား။ အန္တရာယေ၊ အဇ္ဈတ္တ ဗဟိဒ္ဓ ကျရောက်ဘတ်သော အန္တရာယ်ဟူသမျှတို့ကို။ ဝိဒ္ဓံသေတွာ၊ ချေမှုန်းဖျက်ဆီးပြီး၍။ ဉာဏာလောကေန၊ အသိဉာဏ်ပညာဟူသော အရောင်အလင်းဖြင့်။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့၏ တရားတော်ကို။ ဇောတာ-ပေတု၊ ထွန်းပြတော်မူပါစေသတည်း။

(၃) အောင်သူတကာတို့၏ထွဋ်တင်၊ သုရင်တကာတို့၏ ထွဋ်ခေါင်၊ ငါးမာရ်အောင်သည့်၊ အခေါင်ထွဋ်ဖြား၊ တရားမင်းမြတ်ဘုရား

သည်၊ဝေနေယျတြာ သတ္တဝါတို့ကို၊ လေးဆယ့်ငါးဝါ၊ ကာလတိုင်အောင်၊ ဗုဒ္ဓကိစ္စငါးပါးတို့ဖြင့်၊ အနားမနေ၊မဟာကရုဏာဉ်မိုးစွေလျှက်ပြီးသောက်စေကာ၊ ချွေချွတ်တော်မူပြီးလျှင် ကြွင်းကျန်သော ဝေနေယျသတ္တဝါတို့အားလည်း၊ သုံးပါးသော ချမ်းသာကို၊လွယ်ကူစွာ ရကြစိမ့်သောငှာ၊ သာသနာတော်ကို ထားတော်မူခဲ့ပါသတည်း။

ယင်းသို့ထားတော်မူခဲ့သော ဗုဒ္ဓမြတ်စွာ၏သာသနာတော်ကို၊ ယုံကြည်ကိုးစား၊ အားထားမှီခိုကြကုန်သော၊ ကင်းမတိအလယ်ရွာ၊ ဒါယကာ ဒါယိကာမအပေါင်းတို့က၊ မိမိတို့၏ကျောင်းနေ၊ အရှင်ဣန္ဒာစာရကို၊ အမှူးထား၍ ဘုရားသာသနာ၊ အဓွန့်ရှည်စွာ၊ တည်ပါစေရန်၊ ရည်သန်ရိုးယွင်း၊ နှလုံးသွင်းလျက်၊ သိမ်ဒါယကာအဖြစ် ခံယူကြ၍၊ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့အပိုင်၊ ကင်းမတိကျေးရွာ၊ အလယ်ကျောင်း (အလင်းရောင်ကျောင်း)အရာမ်အတွင်း၌၊ ရွှေကျင်နိကာယ၊ ဥက္ကဋ္ဌ၊ ဥက္ကံမြို့ဘုရားကြီးကျောင်းတိုက် ဆရာတော်နှင့်တကွ သရက်ကုန်းဆရာတော် စသော-အတိရေက ဝီသတိဝဂ်သံဃာတော်တို့သည်၊ ရှေးရှေးသော ဆရာတော်ကြီးများ၏ သုတ္တသုတ္တာနုလောမ လဒ္ဓေါပဒေသနည်းယူကြလျက်၊ ရှေးမူမပျက်စေပဲ သိမာယ သိမ်သမ္ဘိန္ဒန၊သိမာယသိမ်-အဇ္ဈောတ္ထရဏ၊ နှစ်ဝသောအပြစ်တို့မှ၊ ကင်းလွတ်စေခြင်းငှာ၊ ပကတိဂါမကိုစောင့်ရှောက်လျက် ဝဂ္ဂကမ္မ မဖြစ်စေရအောင် ကမ္မပတ္တ ရဟန်းတော်များကို၊ ဟတ္ထပါသ်တွင်းသို့ပင့်ဆောင်လျက်၊ညောင်စောင်းကွက်ချ၍နုတ်ခြင်း၊ ခရုပတ်နုတ်ခြင်း၊ ပျားကြီးစွဲနုတ်ခြင်း-စသည်တို့ဖြင့်၊ ခြေရာချင်းစပ်စေလျက်၊ သံသယ ကင်းလောက်အောင် အကြိမ်ကြိမ်အထပ်ထပ်၊ နုတ်ကြပြီးလျှင်၊ သာသနာနှစ်(၂၅၂၇) မြန်မာသက္ကရာဇ်(၁၃၄၅ ခုနှစ်) တပို့တွဲလဆန်း ၃ရက်(၄-၂-၈၄ခု) စနေနေ့ နံနက်(၉)နာရီ(၁၄) မိနစ်အချိန်၌၊ရေနိမိတ်ထားလျက်၊ အဝေးအနီး၊ကြားခြင်း သဒ္ဒါ ၁၀ ပါး၊ ဌာန်ကရိုဏ်းများကို၊ မမှားယွင်းစေရ၊ ဖတ်ရွတ်ကြပြီးလျှင်၊ သဒ္ဓမ္မဇောတနိ အမည်ရှိသော ဤသိမ်တော်ကြီး၊ ပြီးစီးအောင်မြင်ကြောင်းကို၊ နုတ်လူပြဟ္မာ၊သတ္တဝါနှင့်၊ ဒါယကာ ဒါယိကာမများ အပေါင်းတို့က၊ ကောင်းမြတ်သော နိမိတ်သံဖြင့်၊ အထက်နဘံ၊ဘဝဂ်ကျအောင်၊ အောင်ရာအောင်ကြောင်း၊ အောင်သုဘောင်းလျက်၊ အောင်မောင်းပေးကာ၊ ကြွေးကြော်ကြပါစေသတည်း။

## ရေသိုးကျောင်း

## သာသန သောဘဏီ သိမ်အောင်စာ

ပြဟ္မာတိ ပြဟ္မ °၊ သက္ကာတိသက္ကိ °၊ ဒေဝါတိဒေဝိ °၊ မဟိန္ဒဂူ သယမ္ဘူထွန်း၍ထား၊ တရားမင်း ဖြစ်တော်မူသော သဗ္ဗညု မြတ်စွာဘုရားသည်၊ အနှစ်ငါးထောင် တည်ထောင်စိုက်ထား၊ ပရိယတ် ပဋိပတ် ပဋိဝေဓ-ဟုဆိုအပ်သော သုံးရပ်သော သာသနာတော်မြတ်ကြီးကို၊ အဓွန့်ရှည်စွာ၊ တည်ပါစေရန်၊ စိတ်ရည်သန်ရိုးယွင်း၊ နှလုံးသွင်းကြကုန်သော၊ ရေသိုးဌာန၊ ရွာဂါမတွင်၊ တည်ထားကိုးကွယ်၊ ကျောင်းသစ်ဝယ်၌၊ ရှင်စွာသီတင်းသုံးတော်မူသော၊ အရှင်သဇ္ဇနနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့က၊ လျှောက်ထားခြင်းကို အကြောင်းပြု၍၊ ရန်ကုန်တိုင်း၊ ဥက္ကံမြို့နယ်၊ ရွှေကျင်နိကာယဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဝိနည်းဓိုရ်များ ဖြစ်ကြကုန်သော လေးကျိပ်သော သံဃာတော်အရှင်မြတ်တို့သည်၊ ရေသိုးဒိုင်နယ်၊ ဂါမခေတ်အတွင်း၌၊ ရှေးရှေးသော ဝိနယဂရုက၊ လဇ္ဇီပေသက၊ သံဃာ့ထိပ်ခေါင်တင်၊ အရှင်မြတ်ကြီးတို့၏ အစဉ်အဆက် ဆင်းသက်လာငြား၊ နည်းနယများနှင့်အညီ၊ နိမိတ်အစောင့်ထား၍၊ သီမာဝယ သိမ်သမ္ဘိန္နဒေါသ၊ သီမာသီမံ အဇ္ဈောတ္ထရဏဒေါသ-တို့မှ၊ ကင်းလွတ်စိမ့်သောငှာ၊ ဆယ်ဖြာသော သဒ္ဒါ၊ ငှါန်ကရိုဏ်း ပီသစွာ ညီမျှကာ နည်းအမျိုးမျိုးတို့ဖြင့်နှုတ်လျက်၊ စည်းဝေးရောက်လာ၊ ထေရ်သံဃာတို့၊ သံသယရှင်း၊ ယနကင်းအောင်၊ ပြုလုပ်ပြင်ပြင်၊ အကွက်ဆင်၍၊ အကြိမ်ကြိမ် အဖန်ဖန် နှုတ်ဖယ်ပြီးမှ၊ သမာနသံဝါသ ကမ္မဝါငါးကြိမ်၊ ရွတ်ဖတ်ချိန်၍၊ ထို့ပြင်တဝ၊ အဝိပ္ပကမ္မဝါ၊ နှစ်ကြိမ်စာဖြင့်၊ ရွတ်ဖတ်ပြင်ဆင်၊ သမုတ်တင်လျက်၊ သာသနာ့ သောဘဏီ၊ ခေါ်ဝေါ်သမုတ်၊ ပညတ်ထုတ်အပ်သော၊ ဤခဏ္ဍသိမ်တော်ကြီးသည်၊ သာသနာသက္ကရာဇ် (၂၅၂၅) မြန်မာသက္ကရာဇ် (၁၃၄၃–ခု)ကဆုန်လဆုတ်(၄)ရက် သောကြာနေ့ နံနက်(၈)နာရီ (၄၅)မိနစ်တွင် ဆုံးခန်းတိုင်ရောက်၊ပြီးစီးခြင်းသို့၊ ရောက်လေပြီတကား။

အောင်ဇေယျာဘိ၊ အောင်သိဒ္ဓိဟု၊ မုနိထွဋ်တင်၊ ဘုရားရှင်၏၊ သုံးအင်သာသနာ၊ တည်စိမ့်ငှာဟု၊ သမ္မာဆန္ဒ၊ ဥဿာဟဖြင့်၊ ဂဏဥက္က ဠဌေထရ၊ မှူးထား (၄)ကျိပ်သော သံဃာများတို့၊ စိတ်ထားမြင့်မြတ်၊ ကောင်းစွာသမုတ်၊ အပ်သည်သိမ်မြတ် သောဘဏီ၊ အမည်တင့်ဆန်း၊

ထူးထွေရှန်းခါ၊ အောင်ခန်းတိုင်မြောက်၊ ဆုံးခန်းရောက်လျက်၊ ဝမ်းမြောက်ရွှင်ပြုံး၊ စိတ်နှလုံးဖြင့်၊ အုံးအုံးကျက်ကျက်၊ ဘဝဂ်လျှံအောင်၊ မြွက်သံအောင်ဟိတ်၊ အောင်နိမိတ်နှင့် အောင်ဘိသိက် သွန်းကြပါစေသော်........။

○

ဥက္ကံမြို့နယ်၊ ညောင်ကုန်းကျေးရွာ
မြနန္ဒီကျောင်း သာသနသောဘဏီ
သိမ်အောင်စာ

နိဗ္ဗုတောနုနသောဗုဒ္ဓေါ၊ ယဿိဒံသာသနံဋ္ဌိတံ။
သုခအတ္ထဟိတာဝဟံ၊ ဝေါသမ္ဗာလေတု သောဇိနော။

ယဿယာဒိဿ- အရဟံဂုဏ်၊ တန်ခိုးတုံကာ၊ ပြန့်လှိုင်ကျော်ကြား၊ ချီးမွမ်းအံ့ဩ၊ ထောပနာချီမကုန်၊ အကြွင်သို့သော၊ ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူထသော၊ ဇိနဿ–ဒေဝပုတ္တ၊ ကိလေသနှင့်၊ ဘိသင်္ခါရတဖြာ၊ ခန္ဓာမစ္စု မာရ်ငါးခုကို အောင်မြင်တော်မူပြီးထသော၊ ဗုဒ္ဓဿ–သစ္စာလေးပါး မြတ်တရားကို၊ ပိုင်းခြားထင်ထင် သိမြင်တော်မူသော၊ ဘုရားရှင် ကိုယ်တော်မြတ်၏၊ ဋ္ဌိတံ-ဌဝိယမာနံ ဖန်ဆင်းတည်ထောင်တော်မူအပ်ခဲ့သော၊ ဣဒံသာသနံ- ပရိယတ်နှင့် ပဋိပတ်တသွယ် ပဋိဝေဓခြယ်လျက်၊ သုံးသွယ်ဟောအပ်၊ ဤသာသနာတော်မြတ်ကြီးသည်၊ သုခအတ္ထဟိတာဝဟံ–ပစ္စုပ္ပန်အကျိုး၊ တမလွန်အကျိုး၊ နိဗ္ဗာန်ဟူသော အကျိုးသုံးပါး၊ စီးပွားချမ်းသာတို့ကို ရွက်ဆောင်တော်မူ၏။ သောတာဒိသော- ထိုသုံးဘုံအပ်၊ ဂုဏ်သကတ်တို့နှင့် ပြည့်စုံတော်မူထသော၊ သောဗုဒ္ဓေါ- သစ္စာလေးပါး၊ မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ သိမြင်ပေလတ်၊ ထိုဘုရားရှင်သည်၊ နိဗ္ဗုတောနုန–အပူခပ်သိမ်း၊ အတုမဲ့အငြိမ်းကြီးငြိမ်း အအေးကြီး အေးတော်မူပါပေသည်တကား။ သောဇိနော–ငါးမာရ်အောင်မြင်၊ ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဝေါတုမှာကံ–သာသနာတော်၊ အရှည်ခံ၍၊ တည်တံ့စေမည့်၊ စိတ်ကရည်လျက်(မြနန္ဒီဂါမ) ဝိဟာရဋ္ဌ စုပေါင်းညီညာ၊ သိမ[illegible]လာကို ညီညာဖြဖြ၊ ဆောင်ရွက်ကြကုန်သော သင်ရဟန်းရှင်လူ

အပေါင်း၊ သူတော်ကောင်းတို့ကို၊ သမ္မာလေတု–အန္တရာယ်မရောက်၊ ဘေးမနှောက်အောင်၊ စောင့်ရှောက်တော်မူပါစေသတည်း။ ။

ဗြဟ္မာတိဗြဟ္မံ၊ သက္ကာတိသက္ကံ၊ ဒေဝါတိဒေဝံ၊ မဟိန္ဒဂူ သယမ္ဘူထွဋ်ထား၊ သဗ္ဗညူ၊ မြတ်စွာဘုရားသည်၊ ထားတော်မူအပ်ခဲ့သော သာသနာတော်ကို အစွန်ရှည်စွာ၊ တည်ပါစေကြောင်း၊ ရည်သန်ချောင်းလျက်၊ ကောင်းမြတ်သော မနသိကာရဖြင့်၊ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ညောင်ကုန်းကျေးရွာ၊ မြနဒီကျောင်း၊ ဥပစာ၌၊ သိတင်းသုံး နေထိုင်သော အရှင်မဟိန္ဒ မထေရ် အမှူးရှိသော တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့က သိမာသမ္မုတိကံ စီမံဆောင်ရွက်လိုပါကြောင်း လျှောက်ထား တောင်းပန်ကြသဖြင့် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ရွှေကျင်နိကာယ၊ မဟာနာယက ဘုရားကြီး ဆရာတော်နှင့် တကွ၊ သရက်ကုန်း ဆရာတော် အစရှိသော အတိရေက ဝီသတိဝဂ် သံဃာတော်တို့သည်၊ ကျောက်ထီးတန်၊ အလေးပြုအပ်သော ရှေးရှေးသော ဆရာတော်ကြီးများ၏ သုတ္တ သုတ္တာနုလောမ လဇ္ဇီပဒေသ နည်းယူကြလျက်၊ ရှေးမူရှေးထုံး မပျက်စေပဲ သိမာယသိမ်သမ္မုတ်နွန်း၊ သိမာယ-သိမ်အဓွောတ္တရဏ၊ နှစ်ဝသော အပြစ်တို့မှ ကင်းလွတ်စေခြင်းငှာ အထူးကြောင့်ကြ ဝီရိယဖြင့် ပကတိဂါမကို စောင့်ရှောက်လျက်၊ ဝဂ္ဂကံ မဖြစ်စေရအောင် ဆန္ဒာရဟ ကမ္မပ္ပတ္တ ရဟန်းများကို ဟတ္ထပါသ်တွင်းသို့ ပင့်ဆောင်လျက် ညောင်စောင်းကွက်ချ၍နှုတ်ခြင်း၊ ခရုပတ်နှုတ်ခြင်း၊ ပျားကြီးစွဲနှုတ်ခြင်း စသည်တို့ဖြင့် ခြေရာချင်းစပ်စေလျက်၊ သံသယကင်းလောက်အောင် အကြိမ်ကြိမ် အထပ်ထပ် နှုတ်ကြပြီးလျှင် သာသနာတော်နှစ်(၂၅၂၆)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၄၄)နှစ်၊ ကဆုန်လပြည့်ကျော် (၄)ရက်နေ့၊ နံနက်( )နာရီ( )မိနစ်အချိန်၌ ရေနိမိတ်ထားလျက် အဝေးအနီးကြားခြင်း၊ သဒ္ဒါဆယ်ပါး၊ ဌာန်ကရိုဏ်းများကို အမှားမယွင်းစေရ၊ ဖတ်ရွတ်ကြလျက်၊ သာသနသောဘဏီ အမည်ရှိသော ဤသိမ်တော်ကြီးကို နတ်လူဗြဟ္မာ သတ္တဝါအပေါင်းတို့က၊ အောင်ရာအောင်ကြောင်း အောင်ဆုတောင်းလျက်၊ ပြီးစီးအောင်ကြောင်း၊ ကောင်းမြတ်သော နိမိတ်သံဖြင့် အထက်နတ်ဘဝဂ်လျှံအောင်၊ အောင်သံပေး၍ ကြွေးကြော်ကြစေကုန်သတည်း။ ။

ဟံသာဝတီ... 

ဟိန်းစိုးစာပုံနှိပ်စက်
ဦးဇေးကို (၀၁၄၈၄)၊ အမှတ် ၁၅၈၊ ၃၃-လမ်း၊
ရန်ကုန်မြို့တွင် ပုံနှိပ်သည်။